www.burmeseclassic.com

တက္ကသိုလ်

# ဝင်းကြွယ်

## အရှေ့ကျွန်းမှ ပလွေရှင်

ချင်း ချင်း ယွင် ၏ ဝမ်း ဝန်း ရှန်း လု

ဒုတိယပိုင်း
ဇာတ်သိမ်းပိုင်း



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# ဝင်းကြွယ်

## အရှေ့ကျွန်းမှပလေ့ရှင်

BURMESE CLASSIC .com

(ဒုတိယပိုင်း-စာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com



## ဆရာအမိန့်

စားပွဲပေါ်မှ စားသောက်ဖွယ်ရာများကား အေးစက်နေပြီ ဖြစ်ပါသည်။

ရှောင်ရဲသည် ကွေ့ဖုံးအား မယုံကြည်နိုင်စွာငေးကြည့်နေ၏။

ကွေ့ဖုံးက ...

"ကျွန်မတို့ဟာ ထူးဆန်းတဲ့အရပ်တစ်ခုကို ရောက်သွားကြပြီး အာယုဒိဗ္ဗသစ်သီးကို ရှာတွေ့ခဲ့ကြပါတယ်၊ ဒါပေမဲ့ မှည့်ဝင်းဖို့ အချိန်မတန်သေးလို့ စောင့်နေခဲ့ကြရပါတယ်၊ အစ်ကိုရှမ်းကျုံးဟာ ယန္တရားအတတ်ပညာ တတ်မြောက်ထားတာကြောင့် ကျောက်အခန်းတစ်ခု ဖန်တီးပြီး မှင်စာလေးကို လှည့်စားဖမ်းထားနိုင်ခဲ့ပါတယ်၊ ဒါပေမဲ့ သူဟာ အာယုဒိဗ္ဗသစ်သီးကို တစ်ယောက်တည်း အပိုင်စီးဖို့ ကြံစည်နေတာကြောင့် ကျွန်မ မောင်းထုတ်ပစ်ခဲ့ရပါ တယ်"

ရှောင်ရဲ နှာခေါင်းရှုံ့လိုက်သည်။

"ညည်းက ကြွက်ပျင်းတစ်ကောင်လို အခွင့်အရေးသမား တစ်ယောက်ကိုမှ နှစ်သက်ခဲ့တာကိုး"

ဟု အပြစ်တင်လိုက်လေသည်။ ကွေ့ဖုံးက ...

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"အချိန်ကြာလာလေလေ ရှမ်းကျုံးဟာ သူ့ရဲ့အကျိုးအတွက် ကျွန်မကို အသုံးချခဲ့တယ်ဆိုတာ ကျွန်မ သိလာရပါတယ်၊ ဆရာ့စကား နားမထောင်မိတာကိုလည်း နောင်တရလို့မဆုံးအောင် ဖြစ်ခဲ့ရပါတယ်၊ ဒါနဲ့ပဲ အာယုဒိဗ္ဗသစ်သီး မှည့်ဝင်းလာမယ့်အချိန်ကို စောင့်ရင်း ကျွန်မ ဟာ ဆရာသင်ပေးထားတဲ့ အသက်ခြွေလက်ဝါးသိုင်းကို ဆက်ပြီးလေ့ ကျင့်ခဲ့ပါတယ်"

ရှောင်ရဲက ...

"ညည်းက ဒီအတိုင်းလေ့ကျင့်လို့ ဘာထူးမှာလဲ"

ကွေ့ဖုံးက ...

"မဟုတ်ဘူး မမ ... ရှမ်းကျုံးက သူ့ကို မောင်းထုတ်ထား တော့ ကျွန်မ ကျေနပ်အောင်ဆိုပြီး ကျွန်မ သိုင်းလေ့ကျင့်ဖို့ လူငယ် လေးတွေကို ဖမ်းဖမ်းပြီး လာပို့ပေးပါတယ်"

ရှောင်ရဲက ...

"ညည်းကလည်း လက်ခံလိုက်တာပဲလား"

ကွေ့ဖုံးက ...

"သူက အတင်းထားသွားတာပါ၊ နောက်ဆုံးတစ်ကြိမ် ကျွန် မ တောင်ကြားအပြင်ဘက်ကို သွားနေတုန်း သူက မြင်းလှည်းသမား ကောင်လေးတစ်ယောက်ကို ခေါ်လာရင်း ပြဿနာပေါ်လာတော့ တာပါပဲ"

ယင်ကျင်း ရောက်လာပုံမှစ၍ မှင်စာလေး လွတ်မြောက်



သွားပုံ၊ အာယုဒိဗ္ဗသစ်သီးကိုလည်း ဆုံးရှုံးလိုက်ရပြီး ရှမ်းကျုံး သေ ဆုံးသွားရသလို သူမလည်း ဒဏ်ရာရကာ ထွက်ပြေးလာခဲ့ရပုံများကို ရှင်းပြလိုက်လေသည်။

ရှောင်ရဲ မချင့်မရဲဖြစ်သွားလေတော့သည်။

"ညည်းအဖြစ်ကလည်း နှစ်ပေါင်းသုံးဆယ်ကျော် ဒုက္ခခံခဲ့ ပြီးမှ အကျိုးခံစားရခါနီးမှ ဒဏ်ရာရပြီး အသက်လုထွက်ပြေးလာရ တယ်လို့၊ ယင်ကျင်းဆိုတဲ့ ဟိုခွေးကောင်လေးက စားပစ်လိုက်ပြီပေါ့၊ ... ဟုတ်လား"

"ဟုတ် ... ဟုတ်ပါတယ် မမရယ်"

ရှောင်ရဲ ဒေါပွနေသည်။

"ညည်း တော်တော်အသုံးမကျတာပဲ၊ ဒီလိုကိစ္စမျိုးကို ငါ့ကို ဘာကြောင့် စောစောစီးစီး လာမပြောရတာလဲ"

ဟု အပြစ်တင်နေသည်။ ကွေ့ဖုံးအတွက် ခံပြင်းခြင်းထက် အာယုဒိဗ္ဗသစ်သီးကို မရလိုက်သဖြင့် ယူကျုံးမရဖြစ်နေပုံရှိလေသည်။

သူမသည်လည်း အာယုဒိဗ္ဗသစ်သီးအား လိုချင်သူတစ် ယောက် ဖြစ်နေပါတော့သည်။ ကွေ့ဖုံးက ...

"ကျွန်မ မမဆီကိုလာတာ အကြောင်းရှိပါတယ်၊ မမသာ ကူညီမယ်ဆိုရင် မှင်စာလေးကို ဆုံးမနိုင်မှာပါ၊ ပြီးတော့ အာယုဒိဗ္ဗ သစ်သီးရဲ့စွမ်းအားကိုပြန်ပြီး ရယူနိုင်မှာပါ"

ရှောင်ရဲ မျက်မှောင်ကုတ်သွားပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ညည်း ဘယ်လိုပြောလိုက်တာလဲ"

ဟု မေးလိုက်လေသည်။ ကွေ့ဖုံးက ...

"ယင်ကျင်းဟာ အာယုဒိဗ္ဗသစ်သီးကို စားပစ်ခဲ့ပါတယ်၊ ဒါကြောင့် သူ့ရဲ့ခန္ဓာကိုယ်ထဲကသွေးတွေကို ဖောက်ထုတ်ပြီး ဆေးစီရင်လိုက်မယ်ဆိုရင် အာယုဒိဗ္ဗသစ်သီးရဲ့စွမ်းအားကို ပြန်ပြီးရယူနိုင်ပါလိမ့်မယ်"

ထိုစကားကြားလျှင် ရှောင်ရဲ ဝမ်းသာသွားလေသည်။

"သိပ်ကောင်းတဲ့အကြံပဲ"

သူမ၏မျက်နှာ ပြုံးရွှင်သွားလေသည်။

"ငါ့ရဲ့ညီမကို ဒါကြောင့်ချစ်ရတာ၊ ညီမလေး ဘာမှမပူနဲ့ မမ ဆီမှာပဲနေပါ၊ ညီမရဲ့ဝေဒနာတွေ သက်သာပျောက်ကင်းသွားအောင် မမ ကုသပေးမယ်"

ဟုလည်း ဖော်ဖော်ရွေရွေ ပြောလိုက်လေသည်။ ကွေ့ဖုံး ကျေနပ်သွား၏။ ယင်ကျင်း၏လက်ချက်ကြောင့် သူမ အတွင်းဒဏ်ရာ ရခဲ့ပါသည်။ သူမသည် ဆေးကုပြီး ယင်ကျင်းနှင့် မှင်စာလေးတို့ အား ဆုံးမနိုင်ရန် ရှောင်ရဲထံ၌ လာရောက်အကူအညီတောင်းခြင်း ဖြစ်လေ သည်။ ရှောင်ရဲက ...

"ယင်ကျင်းကို ဖမ်းဆီးပြီး အာယုဒိဗ္ဗသစ်သီးရဲ့စွမ်းအင်ကို ပြန်ပြီးထုတ်ယူဖို့ ညီမလေးတို့အကြံ သိပ်ကောင်းတယ်၊ မမဖြစ်အောင် လုပ်မယ်၊ ကဲ လာ ... မမနဲ့လိုက်ခဲ့ဦး"



ဟုပြောကာ ထိုင်ရာမှ ထလိုက်လေသည်။ ကွေ့ဖုံးလည်း ရှောင်ရဲနောက်သို့ လိုက်ပါသွားရတော့သည်။

✳

ဝါးနန်းတော်၏အနောက်ဘက်တွင် တောင်စောင်းတစ်ခု ရှိသည်။ ထိုတောင်စောင်းမှနေ၍ အောက်ဘက်သို့ ဆင်းသွားလျှင် လှိုဏ်ကြီးတစ်ခုသို့ ရောက်သွားမည်ဖြစ်သည်။

လှိုဏ်ထဲ၌ ကျောက်ဂူတစ်ခုရှိပြီး ယောကျ်ားလေးများအား ဖမ်းဆီးကာ အကျဉ်းစခန်းအဖြစ် အသုံးချလေသည်။ ဝိညာဉ်နုတ်ဘွား ဘွားလက်ထက်ကတည်းက အသုံးချခဲ့ခြင်းဖြစ်၏။

ထိုအကျဉ်းစခန်းကျောက်ဂူနှင့် မလှမ်းမကမ်းတွင် ဝါးတစ် ရိုက်ခန့်နက်ရှိုင်းသော မြေကျင်းကြီးတစ်ခု ရှိလေသည်။ ထိုမြေကျင်း ကြီးအနီးသို့ ရှောင်ရဲက ကွေ့ဖုံးအား ခေါ်ဆောင်သွားခြင်း ဖြစ်လေ သည်။

မြေကျင်းကြီးကား ရာဇဝင်နှင့် ဖြစ်သည်။ မြေကျင်းထဲ၌ ရောမမြေကြွက်ကြီးများ မွေးမြူထားပြီး သစ္စာဖောက်သူများ၊ အပြစ်ရှိ သူများ၊ အမိန့်မနာခံသူများအား ထိုမြေကျင်းထဲသို့ ပစ်ချကာ ကြွက်စာ ကျွေးလေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု ... မြေကျင်းရှေ့သို့ရောက်ရှိလာသောအခါ ကွေ့ဖုံး မျက်နှာပျက်သွား၏။ ရှောင်ရဲက မြေကျင်းအနီး၌ အသင့်စုရုံးရောက်ရှိနေသော အနီရောင်ဝတ်မိန်းမကလေးအချို့အား လှမ်းပြောလိုက်လေသည်။

"တာဝန်မကျေတဲ့ အစောင့်ငါးယောက်ကို ခေါ်လာစမ်း"

မိန်းကလေးများသည် ချက်ချင်းပင် ဦးညွတ်အရိုအသေပြုလိုက်ကြပြီး ဖမ်းဆီးထားသည့် အစောင့်မိန်းကလေးငါးယောက်အား ခေါ်ဆောင်လာကြလေသည်။

ထိုမိန်းကလေးငါးယောက်မှာ အကြီးအကျယ် ထိတ်လန့်တုန်လှုပ်နေကြ၏။ ရှောင်ရဲရှေ့တွင် ဒူးထောက်ကာ ငိုကြွေးတောင်းပန်ကြလေသည်။

"သခင်မ ... ကျွန်မတို့ကို ချမ်းသာပေးပါ"

"ကျွန်မတို့ကို သနားပါ သခင်မရယ်"

"နောက်တစ်ခါ ဒီလိုမဖြစ်စေရပါဘူး သခင်မရယ်"

အမျိုးမျိုးတောင်းပန်ကြသော်လည်း ရှောင်ရဲက တစ်စက်ကလေးမျှ သနားခြင်း မရှိပါချေ။ စုရုံးရောက်ရှိနေသော အနီရောင်မိန်းကလေးများအား ဝေ့ကြည့်လိုက်ပြီး ...

"အားလုံး သင်ခန်းစာယူထားကြ၊ အမိန့်ကို မနာခံရင်၊ တာဝန်မကျေရင် ဘယ်လိုအပြစ်ပေးခံရမယ်ဆိုတာ တွေ့ရမယ်"

စကားဆုံးလျှင် လက်ဝှေ့ယမ်းလိုက်လေသည်။



'ဟူး'

လေတိုးသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

အဖမ်းခံထားရသော မိန်းကလေးငါးယောက်မှာ ပြင်းထန်သောလေအရှိန်ကြောင့် မြေပေါ်လိမ့်သွားကြပြီး မြေကျင်းထဲသို့ တစ်ယောက်ပြီးတစ်ယောက် ပြုတ်ကျသွားကြလေတော့သည်။

ကွေ့ဖုံး မကြည့်ဝံ့သဖြင့် မျက်နှာလွှဲထားလိုက်လေသည်။

"အမယ်လေး"

"သေပါပြီ"

မိန်းကလေး ငါးယောက် စူးစူးဝါးဝါးအော်ဟစ်သံများ ထွက်ပေါ်လာ၏။ မြွေကြွက်ကြီးများ၏တိုးဝှေ့ပြေးလွှားသံ၊ မာန်ဖီကိုက်ခဲသော အသံများလည်း ဝရုန်းသုန်းကား ထွက်ပေါ်လာသည်။

ရှောင်ရဲက ကွေ့ဖုံးဘက်သို့ လှည့်လိုက်လေသည်။

"ညီမ ... မမကို ရက်စက်တယ်လို့ မထင်ဘူးလား"

ဟု မေးလိုက်လေသည်။ သူမသည် လူမဆန်စွာ ရက်စက်ပြီးမှ ရက်စက်သည်လောဟု မေးသည်မှာ ရယ်စရာကောင်းလှပေတော့သည်။ ရှောင်ရဲက ...

"ဒါ ... ဆရာ့လက်ထက်ကတည်းက စည်းကမ်းလေ၊ ညီမလည်း သိပါတယ်"

"ဟုတ် ... ဟုတ်ကဲ့"

ကွေ့ဖုံး မဝံ့မရဲဖြစ်နေသည်။ ရှောင်ရဲက ...

www.burmeseclassic.com

www.burmeseclassic.com



"မမက ဆရာ့စကားကို တစ်သဝေမတိမ်း နားထောင်ခဲ့တယ်၊ ဆရာ့စည်းကမ်းကို လိုက်နာကျင့်သုံးခဲ့တယ်"

သူမသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

"အင်း ... ညီမကတော့ ဆရာစိတ်ထိခိုက်အောင် လုပ်ခဲ့တယ်နော်"

ဟု ပြောလေသည်။ ကွေ့ဖုံးက ...

"ကျွန်မ မှားပါတယ် ... ကျွန်မ နောင်တရပါပြီ မမရယ်"

ဟု တောင်းပန်လိုက်လေသည်။ ရှောင်ရဲက ...

"ဆရာက ညီမကို ဘာကြောင့် လိုက်မရှာခဲ့သလဲဆိုတာကို ရော ညီမ့သိသလား"

ဟု မေးလေသည်။ ကွေ့ဖုံးက ...

"ဆရာဟာ ကျွန်မကြောင့် စိတ်ထိခိုက်ပြီး အိပ်ရာထဲ ဗုန်းဗုန်းလဲခဲ့ရတယ်ဆိုတာ နောက်ပိုင်းမှ ကျွန်မ သတင်းကြားခဲ့ရတယ်"

ရှောင်ရဲက ...

"ဟုတ်တာပေါ့ ... ညီမ မိုက်ခဲ့တာကြောင့် ဆရာဟာ စိတ်ထိခိုက်ပြီး အိပ်ရာထဲလဲခဲ့တာ၊ နောက်ဆုံး အသက်ပါသွားတဲ့အထိပဲ"

ကွေ့ဖုံး မျက်ရည်လည်လာလေသည်။

"ကျွန်မ ဆရာ့ကို တောင်းပန်ချင်ပါတယ်၊ အပြစ်တွေကို ဝန်ချချင်ပါတယ်၊ ဆရာ့မြေပုံ ဘယ်မှာလဲဟင်၊ ဆရာ့ကို ဘယ်နေရာမှာ မြှုပ်နှံသင်္ဂြိုဟ်ထားသလဲ"



"ဆရာ့ကို မြှုပ်နှံသင်္ဂြိုဟ်ထားတဲ့နေရာ မမသိပါတယ်၊ ဆရာ အိပ်ရာထဲလဲသွားတာကို ညီမ့မသိဘဲ ဆရာ့ကိုကြောက်ပြီး ပုန်းနေခဲ့တယ် မဟုတ်လား"

"ဟုတ်ပါတယ် မမ"

"နောက်ပိုင်း ဆရာ့သတင်းကို ကြားတဲ့အခါ ညီမကိုလိုက်မရှာနိုင်တော့ဘူးဆိုပြီး သိုင်းလောကထဲထွက်ပြီး ကျင်လည်ကျက်စားခဲ့သေးတယ် မဟုတ်လား"

"ဟုတ် ... ဟုတ်ပါတယ်"

ကွေ့ဖုံးသည် သူမကြောင့် ဝိညာဉ်နုတ်ဘွားဘွား စိတ်ထိခိုက်ကာ အိပ်ရာထဲ ဗုန်းဗုန်းလဲသည်ကိုလည်းကောင်း၊ လူမမာကြီးလုံးလုံးဖြစ်ကာ ကွယ်လွန်သွားသည်ကိုလည်းကောင်း နောက်ပိုင်းတွင် ကြားသိခဲ့ရလေသည်။

သူမသည် အန္တရာယ်မရှိတော့မှန်းသိလျှင် အချိန်ရလျှင် ရသလို ဟွမ်တောင်ကြားမှထွက်ကာ သိုင်းလောက၌ ကျင်လည်ကျက်စားခဲ့သည်။

ဝိညာဉ်နုတ်ဘွားဘွား၏တပည့် ဖြစ်သည်နှင့်အညီ ရက်စက်ကြမ်းကြုတ်မှုကြောင့် သိုင်းလောကတွင် ရန်သူပေါ်များခဲ့လေသည်။

နောက်ဆုံး သူမ ဒဏ်ရာရလာသောအခါ သိုင်းလောကသို့သွားပြီး ဆေးမကုဝံ့ဘဲ ရှောင်ရဲထံသို့ အရဲစွန့်ကာလာခဲ့ခြင်း ဖြစ်ပေတော့သည်။ ရှောင်ရဲက ...

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအချိန်ကတည်းက ညည်း ငါ့ဆီကို လာသင့်တာပေါ့၊ ဒါဆိုရင် တို့ညီအစ်မနှစ်ယောက် အာယုဒိဗ္ဗသစ်သီးကို အတူတူဝေခြမ်းယူလို့ ရတာပေါ့၊ ခုတော့"

"ကျွန်မ မှားပါတယ် မမရယ်"

ကြွေ့ဖုံးက လေသံပျော့လေးဖြင့်ပြောရင်း ခေါင်းငုံ့ထားလိုက်လေသည်။ ရှောင်ရဲက ...

"အင်းလေ ... ခုလည်း ယင်ကျင်းကိုဖမ်းပြီး ဆေးစီရင်လို့ရပါသေးတယ်၊ အချိန်မနှောင်းသေးပါဘူး၊ ဒါပေမဲ့ သစ်သီးရဲ့မူလသဘာဝလောက် အစွမ်းထက်တော့မယ် မထင်ဘူး၊ နှစ်ယောက်ဝေခြမ်းဖို့တောင် လောက်တော့မယ်မထင်ဘူး"

ဟု ပြောလေသည်။ ကြွေ့ဖုံး မျက်နှာပျက်သွားလေသည်။

ရှောင်ရဲက ...

"ကြွေ့ဖုံး ... ငါဟာ ဆရာ့စကားကို တစ်သဝေမတိမ်း နားထောင်တယ်ဆိုတာ ညည်း သိတယ်မဟုတ်လား"

"သိ ... သိပါတယ် မမ"

"အေး ... ငါက ညည်းကို အပြစ်က ခွင့်လွှတ်မယ်, ဆေးကုပေးမယ်ဆိုတာကို ဆရာက တမလွန်ဘဝကနေ သိနိုင်မယ်ဆိုရင် ငါဟာ ဆရာ့စကားကို မြေဝယ်မကျ နားထောင်တဲ့သူတစ်ယောက် ဖြစ်နိုင်ပါဦးမလား"

"ဟင်"



ကြွေ့ဖုံး ကပျာကယာ နောက်ဆုတ်လိုက်လေသည်။ သူမသည် ရှောင်ရဲအား ကြောက်ရွံ့စွာ ကြည့်လိုက်သည်။ ရှောင်ရဲသည် အသက်ခြေလက်ဝါးသိုင်းကို ဆရာ့ထံမှ ပညာကုန်ရရှိခဲ့ပြီ သိုင်းပညာအရာတွင် သူမထက် အဆပေါင်းများစွာ သာလွန်နေပြီဖြစ်သည်။

သူမက ဝါးနန်းတော်မှ ထွက်သွားခြင်းသည်ပင် ရှောင်ရဲအတွက် အခွင့်အရေးဖြစ်စေခဲ့သည်။ သူမ,သာရှိနေလျှင် ဆရာဖြစ်သူက သူမအား ပိုချစ်၍ ပိုပြီးအခွင့်အရေးရလိမ့်မည် ဖြစ်လေသည်။

ရှောင်ရဲသည် သူမအား မနာလို မရှုဆိတ်စရာအကြောင်းမရှိချေ။ သူမအား အမုန်းထားစရာ မလိုအပ်ပါ။ သူမ ရှိနေသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အကြောင်းထူးမည်မဟုတ်၍ ဒုက္ခပေးလိမ့်မည်မဟုတ်ဟု ယူဆကာ ကြွေ့ဖုံး လာခဲ့ခြင်းဖြစ်သည်။

ယခု ... ရှောင်ရဲ၏ အေးစက်မာကျောသော မျက်လုံးများကို ကြွေ့ဖုံး သတိပြုမိလိုက်ပြီ ဖြစ်လေသည်။ ထိုမျက်လုံးများတွင် လူသတ်လိုသောအရိပ်အငွေ့များ ရှိနေကြောင်းလည်း နားလည်လိုက်၏။

ကြွေ့ဖုံး တရွေ့ရွေ့ထွက်သွားမိလေသည်။ ရှောင်ရဲ၏သဘောကား ယင်ကျင်းအား ဖမ်းဆီးပြီး သူမတစ်ယောက်တည်းအကျိုးအတွက် စီမံဆောင်ရွက်နိုင်ရန် မိမိအားဖယ်ရှားတော့မည်ဖြစ်ကြောင်း သိလိုက်သော်လည်း သူမသည် ဝေးရာသို့ ထွက်မသွားမိဘဲ ကြွက်တွင်းနူတ်ခမ်းဝသို့ ဆုတ်သွားနေမိကြောင်းအား သတိမထားမိလိုက်ပေတကား။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ရဲက ...

"ဆရာ မကွယ်လွန်ခင် ညည်းကို ဝါးနန်းတော်ရဲ့ စည်းကမ်း အတိုင်း အပြစ်ပေးအရေးယူဖို့ မှာသွားတယ်၊ ငါဟာ ဆရာ့စကားကို နားထောင်ရလိမ့်မယ်၊ ညည်းအတွက် စိတ်မကောင်းပါဘူး"

စကားဆုံးလျှင် လက်ဖြေ့ယမ်းလိုက်လေသည်။

'ဟူး'

လေပွေလှိုင်းတစ်ခု ထွက်ပေါ်လာပြီး ကွေ့ဖုံးထံသို့ တိုးဝင် သွား၏။

"မလုပ်ပါနဲ့"

ကွေ့ဖုံး အထိတ်တလန့်အော်ကာ ကပျာကယာ နောက် ဆုတ်ရှောင်တိမ်းလိုက်လေသည်။ ဤတွင် ... သူမ၏ခန္ဓာကိုယ်သည် လေဟာနယ်ထဲသို့ ရောက်သွားပြီး ကြွက်ကျင်းထဲသို့ ထိုးကျသွားလေ တော့သည်။

"အား"

✻

ကွေ့ဖုံးသည် မြေကျင်းထဲသို့ ထိုးကျသွားလေသည်။ ကွေ့ ဖုံးသည် ကိုယ်ဖော့ပညာအသုံးပြုကာ အပေါ်ဘက်သို့ ခုန်တက်လိုက်



သော်လည်း မတတ်နိုင်ဘဲ ပြန်လည်ပြုတ်ကျသွား၏။

ကွေ့ဖုံးက ကြောက်လန့်တကြားဖြင့် ပတ်ဝန်းကျင်ကို ဝေ့ ကြည့်လိုက်သည်။

ဝက်ပေါက်ကလေးနီးနီး ကြီးမားလှသော မြေကြွက်ကြီးများ သည် တရုန်းရုန်းဖြစ်နေကြသည်။

ကွေ့ဖုံးထက်အရင် မြေကျင်းထဲသို့ တွန်းချခံလိုက်ရသည့် မိန်းကလေးငါးယောက်ကား ဆာလောင်မွတ်သိပ်နေသော မြေကြွက် ကြီးများ၏ကိုက်ဖဲ့မှုကြောင့် တစ်စစီဖြစ်သွားချေပြီ။

မြေကြွက်ကြီးများသည် အလုအယက်ဖြစ်နေကြပြီး အစာ ရသည့်တိုင် ကျေနပ်တင်းတိမ်ပုံမရချေ။ ကွေ့ဖုံးရောက်လာသောအခါ ... ကွေ့ဖုံးသည် နှာခေါင်းတရှုံ့ရှုံ့ဖြင့် ဝိုင်းအုံလာကြသော မြေကြွက် ကြီးများကို ကြည့်ရင်း ကြောက်ရွံ့လွန်းသဖြင့် မတ်တတ်ကပင် သတိ လစ်သလို ဖြစ်နေ၏။

ထိုစဉ် ...

မြေပေါ်၌ အရောင်တဖိတ်ဖိတ်တောက်ပနေသော အရာ ဝတ္ထုတစ်ခုကို တွေ့မြင်ရလေသည်။ ကွေ့ဖုံး ကြည့်လိုက်သောအခါ ရွှေလက်စွပ်တစ်ကွင်းဖြစ်နေသည်ကို တွေ့ရ၏။

ထိုရွှေလက်စွပ်လေးမှာ ဝိညာဉ်နုတ်ဘွားဘွား ဝတ်ဆင်လေ့ ရှိသော လက်စွပ်ဖြစ်ပြီး ကိုယ်နှင့်မကွာစွပ်ထားခဲ့ကြောင်း ကွေ့ဖုံး သိထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝိညာဥ်နုတ်ဘွားဘွား၏လက်စွပ်သည် မြေကျင်းထဲသို့ အဘယ်ကြောင့် ရောက်ရှိနေရပါသနည်း။

ရှောင်ရဲသည် လူမမာဖြစ်သွားသော ဝိညာဥ်နုတ်ဘွားဘွား ထံမှ ပညာကုန်ရပြီးနောက် မလိုအပ်တော့၍ ဝိညာဥ်နုတ်ဘွားဘွားကို မြေကျင်းထဲသို့ ပစ်ချလိုက်ခြင်းဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

ကွေ့ဖုံး ဒေါသဖြစ်လာသည်။

ရှောင်ရဲမှာ သူမ မမျှော်လင့်နိုင်လောက်အောင်ပင် ရက်စက် ကြမ်းကြုတ်ပြီး ကောက်ကျစ်စဥ်းလဲသူဖြစ်ကြောင်း ထင်ရှားနေတော့ သည်။

"ရှောင်ရဲ … ယုတ်မာလှချည်လား"

သူမ အော်ဟစ်လိုက်လျှင် မြေကြွက်ကြီးများ ဝရုန်းသုန်း ကား ဖြစ်သွားကြလေသည်။ နောက်ဆုတ်ထွက်ပြေးသွားသည်တော့ မဟုတ်ပါ။ အလုအယက်ရှေ့တိုးလာကြခြင်း ဖြစ်ပေတော့သည်။

"သေကြစမ်း"

ကွေ့ဖုံးသည် စွမ်းအားရှိသမျှ ထုတ်ဖော်ကာ မြေကြွက်များ အား တိုက်ခိုက်လိုက်လေသည်။

မည်သို့ဆိုစေ … အတွင်းဒဏ်ရာ ရရှိထားခြင်းကြောင့် သိုင်း ပညာကို ထိရောက်စွာ အသုံးမပြုနိုင်တော့ပါ။

မြေကြွက်ကြီးများသည် ကြောက်လန့်စရာကောင်းအောင် သန်မာပြီး ရဲတင်းလှပေသည်။



ကွေ့ဖုံးထံ အလုအယက်တိုးဝင်ကာ ကိုက်ခဲလိုက်ကြတော့ သည်။

"အမယ်လေး"

စူးရှသော အော်ဟစ်သံသည် မြေကျင်းထဲ၌ ဟိန်းထွက်လာ ၏။ မြေကျင်းအပေါ်ဘက်၌ရှိနေသော ရှောင်ရဲက ဟားတိုက် ရယ် မောလိုက်လေတော့သည်။

✱ ✱ ✱

www.burmeseclassic.com

www.burmeseclassic.com



## ဗိတ်စာ

"ဟား ... ဟား ... ဟား"

ရှောင်ရဲက ဟားတိုက်ရယ်မောလိုက်လေသည်။

ကွေ့ဖုံးအား သူမ ရက်ရက်စက်စက် သုတ်သင်လိုက်ပြီဖြစ်သည်။

အဘယ်ကြောင့်နည်း။

ယင်ကျင်းအား သူမတစ်ယောက်တည်း အပိုင်စီးလို၍ ဖြစ်လေသည်။

အာယုဒီဗ္ဗသစ်သီး၏ စွမ်းအားကိုသာ ရမည်ဆိုပါလျှင် သူမ တတ်မြောက်ထားသော အသက်ခြွေလက်ဝါးသိုင်းပညာနှင့် ပေါင်းစပ်လိုက်ပါက သိုင်းလောက၌ သူမအား မည်သူ ယှဉ်နိုင်တော့မည်နည်း။

ရှောင်ရဲ အကျေနပ်ကြီး ကျေနပ်၏။

ထိုစဉ် ... ဆူဆူညံညံအသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ရှောင်ရဲက လှမ်းကြည့်လိုက်ရာ အနီရောင်ဝတ်ဆင်ထားကြသော မိန်းကလေးများသည် လူတစ်ယောက်အား ဖမ်းဆီးခေါ်ဆောင်လာကြသည်ကို တွေ့မြင်ရလေသည်။



ရှောင်ရဲ မျက်မှောင်ကြုတ်သွားပြီး ...

"ဘာဖြစ်တာလဲဟေ့"

ဟု လှမ်းမေးလိုက်လေသည်။

အနီရောင်ဝတ် မိန်းကလေးတစ်ယောက်သည် ရှောင်ရဲ

ရှေ့သို့ ရောက်ရှိလာပြီး ဒူးထောက် ဂါရဝပြုလိုက်လေသည်။

"သခင်မရှင် ... ဝါးတောထဲကို ကျူးကျော်ဝင်လာသူ

ယောက်ကို ဖမ်းဆီးခေါ်ဆောင်လာပါတယ်"

ဟု ပြောလေသည်။ ရှောင်ရဲက ...

"တော်တော်အတင့်ရဲပါလား၊ ဝါးနန်းတော်ကို ပမာမ

လုပ်လို့ရမယ်များ မှတ်သလား"

ဟု ကြုံးဝါးလိုက်၏။ ဖမ်းခေါ်လာခြင်းခံရသူကိုလည်း

စေ့ကြည့်လိုက်လေသည်။

ထိုလူမှာ အသက်လေးဆယ်ခန့်ရှိသည်။ အစိမ်းရောင်အဝ

အစားများ ဝတ်ဆင်ထားပြီး ယောကျ်ားပီသသော ရုပ်သွင်ရှိသ

ခါး၌ ငွေဖြင့်ပြုလုပ်ထားသော ပလွေတစ်ချောင်း ချိတ်ဆွဲထားသည်

တွေ့ရလေသည်။

ထိုလူ၏ပုံသဏ္ဍာန်သည် ကြောက်ရွံ့ခြင်း လုံးဝမရှိ။ တ

ကြည်သောအသွင် ရှိနေ၏။

ရှောင်ရဲသည် ထိုလူ၏အသားအရေ အသွင်အပြင်ကိုကြ

ကာ ပြည်မမှလူတစ်ယောက်မဟုတ်ကြောင်း ရိပ်မိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဖိတ်စာ

"ဟား ... ဟား ... ဟား"

ရှောင်ရဲက ဟားတိုက်ရယ်မောလိုက်လေသည်။

ကွေ့ဖုံးအား သူမ ရက်ရက်စက်စက် သုတ်သင်လိုက်ပြီဖြစ်သည်။

အဘယ်ကြောင့်နည်း။

ယင်ကျင်းအား သူမတစ်ယောက်တည်း အပိုင်စီးလို၍ ဖြစ်လေသည်။

အာယုဒီဗ္ဗသစ်သီး၏ စွမ်းအားကိုသာ ရမည်ဆိုပါလျှင် သူမ တတ်မြောက်ထားသော အသက်ခြွေလက်ဝါးသိုင်းပညာနှင့် ပေါင်းစပ်လိုက်ပါက သိုင်းလောက၌ သူမအား မည်သူ ယှဉ်နိုင်တော့မည်နည်း။

ရှောင်ရဲ အကျေနပ်ကြီး ကျေနပ်၏။

ထိုစဉ် ... ဆူညံညံအသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ရှောင်ရဲက လှမ်းကြည့်လိုက်ရာ အနီရောင်ဝတ်ဆင်ထားကြသော မိန်းကလေးများသည် လူတစ်ယောက်အား ဖမ်းဆီးခေါ်ဆောင်လာကြသည်ကို တွေ့မြင်ရလေသည်။



ရှောင်ရဲ မျက်မှောင်ကြုတ်သွားပြီး ...

"ဘာဖြစ်တာလဲဟေ့"

ဟု လှမ်းမေးလိုက်လေသည်။

အနီရောင်ဝတ် မိန်းကလေးတစ်ယောက်သည် ရှောင်ရဲ၏ ရှေ့သို့ ရောက်ရှိလာပြီး ဒူးထောက် ဂါရဝပြုလိုက်လေသည်။

"သခင်မရှင် ... ဝါးတောထဲကို ကျူးကျော်ဝင်လာသူတစ်ယောက်ကို ဖမ်းဆီးခေါ်ဆောင်လာပါတယ်"

ဟု ပြောလေသည်။ ရှောင်ရဲက ...

"တော်တော်အတင့်ရဲပါလား၊ ဝါးနန်းတော်ကို ပမာမခန့် လုပ်လို့ရမယ်များ မှတ်သလား"

ဟု ကြုံးဝါးလိုက်၏။ ဖမ်းခေါ်လာခြင်းခံရသူကိုလည်း စေ့စေ့ကြည့်လိုက်လေသည်။

ထိုလူမှာ အသက်လေးဆယ်ခန့်ရှိသည်။ အစိမ်းရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး ယောကျ်ားပီသသော ရုပ်သွင်ရှိသည်။ ခါး၌ ငွေဖြင့်ပြုလုပ်ထားသော ပလွေတစ်ချောင်း ချိတ်ဆွဲထားသည်ကို တွေ့ရလေသည်။

ထိုလူ၏ပုံသဏ္ဌာန်သည် ကြောက်ရွံ့ခြင်း လုံးဝမရှိ၊ တည်ကြည်သောအသွင် ရှိနေ၏။

ရှောင်ရဲသည် ထိုလူ၏အသားအရေ အသွင်အပြင်ကိုကြည့်ကာ ပြည်မမှလူတစ်ယောက်မဟုတ်ကြောင်း ရိပ်မိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဘာသဘောနဲ့ ကျုပ် ပိုင်နက်ထဲကို ကျူးကျော်ဝင်လာရတာလဲ ... ပြောပါ"

ဟု မေးလိုက်လေသည်။

ထိုလူက လက်နှစ်ဖက်ဆုပ်ကာ ဦးညွတ်လိုက်သည်။

"ကျုပ်ဟာ အရှေ့ကျွန်းက ငွေပလွေ ကိုယ်ရံတော်ပါ။ အရှေ့ကျွန်းပိုင်ရှင်က ဖိတ်စာပို့ခိုင်းလိုက်လို့ ရောက်လာတာပါ"

ကားဆုံးလျှင် အနီရောင်ဖိတ်စာတစ်စောင်ကို ထုတ်ကာ လက်နှစ်ဖက်ဖြင့် ရိုရိုသေသေပေးလေသည်။

ရှောင်ရဲ မျက်မှောင်ကုတ်သွားလေသည်။

အရှေ့ကျွန်းမှ ပလွေရှင်ဟူသောအမည်ကို ကြားလိုက်ရသဖြင့် မပေါ့ဆဝံ့ပါချေ။ ပလွေရှင်သည် သူမ၏ဆရာ ဝိညာဉ်နုတ်ဘွားဘွားနှင့် ခေတ်ပြိုင်သိုင်းထိပ်သီးတစ်ယောက် မဟုတ်ပါလား။

သူမဆရာကဲ့သို့ သိုင်းလောကမှာ ဇာတ်မြုပ်ပြီး ယခု ပြန်ပေါ်လာသည်မှာ အကြောင်းရှိရမည်ဟု ယုံကြည်မိလေသည်။

ရှောင်ရဲက ဖိတ်စာကို လှမ်းယူလိုက်၏။

ငွေပလွေကိုယ်ရံတော်က မလှုပ်မယှက် ရပ်နေသည်။ ဖိတ်စာဖတ်ပြီးလျှင် သူမ၏သဘောထား မည်သို့ရှိမည်ကို သိလို၍ စောင့်ဆိုင်းနေခြင်းဖြစ်ကြောင်း ရှောင်ရဲ ရိပ်မိလိုက်လေသည်။

အရှေ့ကျွန်းမှ ပလွေရှင်၏ဖိတ်စာမှာ မည်သည့်ကိစ္စကြောင့်ဖြစ်ကြောင်း ရှောင်ရဲကိုယ်တိုင်လည်း သိလိုနေ၏။



*ဖိတ်စာထဲ၌ ...*

*သိုင်းလောကအရေး ဆွေးနွေးလိုပါသဖြင့် ငါးလပိုင်း ငါးရက်နေ့တွင် ထိုက်စန်းတောင်သို့ အရောက်ကြွလှမ်းခဲ့ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။*

*ပုံ ...*

*ဖန်စိမ်း*

*အရှေ့ကျွန်း ပလွေရှင်*

ဟု ရေးသားထားသည်ကို တွေ့ရလေသည်။ ရှောင်ရဲက ...

"သိုင်းလောကအရေး ဘာတွေများ ဆွေးနွေးမှာမို့လဲ"

ဟု မေးလိုက်လေသည်။ ငွေပလွေကိုယ်ရံတော်က ...

"ထိုက်စန်းတောင်ပေါ်မှာ ဆရာသခင်က ကြေညာပါလိမ့်မယ်၊ ဆရာသခင်ရဲ့ ဖိတ်ကြားမှုကို လက်ခံတယ်၊ လက်မခံဘူးဆိုတာ သိပါရစေ"

ဟု ပြောလာလေသည်။

ရှောင်ရဲ တွေဝေသွားသည်။ ပေါ့ပေါ့တန်တန် သဘောထား၍ ရမည့်ကိစ္စ တစ်ခုမဟုတ်ကြောင်း သူမ နားလည်ထား၏။

ယင်ကျင်းအား ရှာဖွေရန် သူမသည်လည်း သိုင်းလောကသို့ ထွက်ရဦးမည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အသက်ခြေလက်ဝါးသိုင်းကို အောင်မြင်ခဲ့ပြီးနောက် သိုင်းလောကတစ်ခွင်လှည့်လည်ကာ သူမ၏အစွမ်းကိုပြသရန် နဂိုကတည်းက ရည်ရွယ်ချက်လည်း ရှိနေသည်။ ထို့ကြောင့် ...

"ကောင်းပြီ ... ဝါးနန်းတော်ပိုင်ရှင် သခင်မ ရှောင်ရဲပာ ထိုက်စန်းတောင်ကို လာခဲ့မယ်လို့ ပလွေရှင်ကို အသိပေးလိုက်ပါ"

ဟု ပြောလိုက်လေသည်။

ငွေပလွေကိုယ်ရံတော်က ...

"စိတ်ချပါဗျာ ... ဝါးနန်းတော်သခင်မကို စောင့်ရှောက်ကြိုဆိုနေပါ့မယ်၊ ဆက်ဆက်ကြွခဲ့ပါ၊ ကဲ ... ကျုပ်ကို ခွင့်ပြုပါဦး"

ရှောင်ရဲက ...

"ဒီကပြန်ထွက်သွားမယ်ဆိုရင် ဝါးနန်းတော်ရဲ့စည်းကမ်းအရ မျက်လုံးကို အဝတ်နဲ့စည်းပြီး ခေါ်သွားရလိမ့်မယ်"

ဝါးတောဝင်ပေါက်၏ လျှို့ဝှက်ချက်ကို မသိစေလို၍ဖြစ်လေသည်။ ငွေပလွေရှင်ကိုယ်ရံတော်က သဘောတူလေသည်။

"ရပါတယ်ဗျာ"

ရှောင်ရဲက လက်ဖျောက်တီးယမ်းပြလိုက်ပြီးလျှင် အနီရောင်ဝတ်မိန်းကလေးတစ်ယောက် အဝတ်နက်တစ်ခုယူလာကာ ငွေပလွေကိုယ်ရံတော်၏မျက်လုံးကို ဖုံးအုပ်စည်းနှောင်လိုက်လေသည်။

ရှောင်ရဲက ...

"ကဲ ... မင်းပဲ လမ်းပြပေးလိုက်ပါ"



သူ၏ပခုံးပေါ်၌ ရှိနေသော ကြက်တူရွေးလေးအား အမိန့်ပေးလိုက်လျှင် ...

'ဂ'

ကြက်တူးရွေးလေးက မိုးပေါ်သို့ ပျံတက်သွားလေသည်။ ရှောင်ရဲက ...

"ကြက်တူရွေးလေးရဲ့အသံကို နားထောင်ပြီး လိုက်သွားပါ"

ဟု ငွေပလွေကိုယ်ရံတော်အား ပြောလိုက်၏။

"ကောင်းပါပြီ"

ငွေပလွေကိုယ်ရံတော်သည်လည်း ကြက်တူရွေးလေး၏ အသံကို နားစွင့်ရင်း လိုက်ပါသွားလေတော့သည်။

ငွေပလွေကိုယ်ရံတော် မြင်ကွင်းမှ ပျောက်သွားတော့မှ ရှောင်ရဲက မဲ့ပြုံးပြုံးလိုက်လေသည်။

"ယင်ကျင်းဆီက အာယုဒိဗ္ဗသစ်သီးရဲ့စွမ်းအားကိုပြပြီး ရယူနိုင်ခဲ့မယ်ဆိုရင် ထိုက်စန်းတောင်မှာ ငါ့ အစွမ်းပြလို့ရပြီပေါ့၊ နာမည်ကြီးလှတဲ့ အရှေ့ကျွန်း ငွေပလွေရှင် အံ့သြသွားအောင် လုပ်ပြလိုက်မယ်"

ဟု ကြုံးဝါးလိုက်လေတော့သည်။

✻ ✻ ✻

www.burmeseclassic.com

www.burmeseclassic.com



## ရန်ငြိုး

ချိုင့်ခွက်ခလုတ်ကန်သင်း ပေါများသော တောလမ်းကလေးကို ဖြတ်ကျော်ပြီးသောအခါ အရှေ့ဘက် မလှမ်းမကမ်းမြို့ကလေး တစ်မြို့ ရှိနေသည်ကို တွေ့လိုက်ရလေသည်။

ယင်ကျင်း ခြေလှမ်းရပ်သွားလေသည်။

မှင်စာလေးက ...

"ဘာဖြစ်လို့လဲ"

ဟု မေးသည်။ ယင်ကျင်းက ...

"ကျွန်တော်တို့ တခြားလမ်းက ပတ်သွားကြရင် ကောင်းမယ်"

"ဘာဖြစ်လို့လဲ"

"လူတွေရှိတဲ့နေရာကို ကျွန်တော် မသွားချင်ဘူး"

"ဟေ"

မှင်စာလေး မျက်လုံးပြူးသွားသည်။

"ယင်ကျင်း ... မင်း ဘယ်လိုပြောလိုက်တာလဲ၊ မင်းလည်း လူထဲက လူတစ်ယောက်ပဲ မဟုတ်လား"



"ကျွန်တော်က ..."

ယင်ကျင်း စကားဆုံးအောင် မပြောနိုင်ဘဲ ခေါင်းငုံ့ထားလိုက်လေသည်။

မှင်စာလေးသည် ယင်ကျင်း၏ခံစားချက်ကို နားလည်လိုက်သည်။

သူတို့သည် ရေဘီလူးအား ဆုံးမကာ မေနန်းအား ကယ်တင်လိုက်သဖြင့် အားလုံးက ချီးကျူးခဲ့ကြပါသည်။

သို့သော် ... သူတို့၏ရုပ်သွင်ကို တွေ့ရသောအခါ ကြောက်လန့်တကြားဖြစ်ကာ ထွက်ပြေးသွားကြသည် မဟုတ်ပါလား။

ထို့အတွက် ယင်ကျင်း အတော့်ကို စိတ်မကောင်းဖြစ်နေကြောင်း ရိပ်မိထားလေသည်။ မှင်စာလေးက ...

"ယင်ကျင်း ...မင်းကိုယ်မင်း ပြန်ပြီးစဉ်းစားကြည့်စမ်း၊ တကယ့်ကို ကြောက်စရာကောင်းတဲ့လူတစ်ယောက်လား၊ လူဆိုးလား"

ယင်ကျင်း ချက်ချင်း ခေါင်းမော့လာသည်။

"ဟာ ... ဘယ်ကဟုတ်ရမှာလဲ"

မှင်စာလေးက ...

"ဒါဖြင့် မင်းက ဘယ်လိုလူစားမျိုးလဲ"

"ကျွန်တော် မြင်းလှည်းသမားပဲ မဟုတ်လား"

ယင်ကျင်း၏စကားကြောင့် မှင်စာလေး ရယ်မောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်ကျင်းက ...

"ဦး ... ဘာရယ်တာလဲ"

"မင်းကိုယ်မင်း မြင်းလှည်းသမားတစ်ယောက်လို့ ခုထိ သဘောထားနေတုန်းပဲလား"

"ဗျာ"

"မင်းဟာ သူရဲကောင်းတစ်ယောက် ဖြစ်နေပြီဆိုတာ သတိထားပါဦး"

"ဟာ ... မဟုတ်တာ"

ယင်ကျင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။ မှင်စာလေးက ...

"မင်းက မေနန်းကို လူဆိုးလက်ထဲက ကယ်တင်နိုင်ခဲ့ပြီလေ၊ မင်းသာ စိတ်ပါလက်ပါရှိမယ်ဆိုရင် ရှေ့လျှောက်အကူအညီပေးသွားနိုင်မယ့်ကိစ္စတွေ အများကြီးရှိဦးမှာ"

ယင်ကျင်းက ...

"နေပါစေတော့ဦးရယ် ... လူတွေက ကျွန်တော့်ကို ဘီလူးတစ်ယောက်လို ကြောက်နေကြတာပဲ မဟုတ်လား"

မှင်စာလေးက ...

"မင်းရဲ့အဖြစ်က ထူးနေတယ်မဟုတ်လား၊ ဒါပေမဲ့ မင်းကို တွေ့စမို့ပါ၊ အခုချိန်ဆိုရင် မင်းအကြောင်းပြောပြီး မင်းကို အံ့သြနေကြမယ်၊ သူတို့ရဲ့ရင်ထဲက လေးစားတဲ့စိတ်တွေ၊ ချီးကျူးတဲ့စိတ်တွေ



ပျောက်သွားမှာ မဟုတ်ပါဘူး၊ မင်းကို သူရဲကောင်းတစ်ယောက်လို့ပဲ သတ်မှတ်ထားကြမှာပါ"

ယင်ကျင်း ငိုင်သွားလေသည်။

မှင်စာလေးက ...

"မင်း သေသေချာချာ စဉ်းစားကြည့်ပါ ... ငါ့ရဲ့ပုံပန်းသဏ္ဌာန်ဟာ ဘယ်လိုနေသလဲ၊ ကြောက်စရာမကောင်းဘူးလား၊ တွေ့စက မင်းရော ငါ့ကို မကြောက်ခဲ့ဘူးလား"

ယင်ကျင်း ပြုံးလိုက်သည်။

"ဦးက ဒီလောက် ကြောက်စရာမကောင်းပါဘူး"

"ဟား .. ဟား .. ဟား"

မှင်စာလေး ဟားတိုက်ရယ်မောလိုက်လေသည်။ ယင်ကျင်းက ...

"ကျွန်တော် တကယ်ပြောတာပါ"

မှင်စာလေးက ...

"တွေ့စတော့ ဒီလိုပေါ့၊ အကြောင်းသိသွားတော့လည်း ကြောက်စရာကောင်းတယ်, မကောင်းဘူးဆိုတာ ဝိဝါဒကွဲသွားတာပါပဲ၊ အပြင်ပန်းရုပ်သဏ္ဌာန်က အရေးမကြီးပါဘူး၊ အတွင်းအဇ္ဈတ္တက အရေးကြီးဆုံးပါ၊ ဒါကို ခွဲခြားတတ်မယ်ဆိုရင် မင်း ဘာမှအားငယ်နေစရာ မလိုတော့ပါဘူး၊ ပြီးတော့ မင်းကိုယ်တိုင်က ဒီလိုဖြစ်ချင်လို့ ဖြစ်ရတာလား၊ ကံတရားကြောင့် ဖြစ်လာရတာလားဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



လည်း ထည့်တွက်ဖို့လိုမယ်၊ ကိုယ်မှမတတ်နိုင်တဲ့ကိစ္စပဲ မဟုတ်လား ကွာ"

ယင်ကျင်း သက်ပြင်းချလိုက်လေသည်။ မှင်စာလေးကိုလည်း ကျေးဇူးတင်လိုက်မိလေသည်။

"ဦးရှင်းပြလို့ ကျွန်တော့်စိတ်ထဲ ရှင်းသွားပါတယ်၊ ဦးကို ကျေးဇူးတင်ပါတယ်"

မှင်စာလေးက ...

"မင်းနဲ့ငါနဲ့ကြားမှာ ကျေးဇူးတင်တယ်ဆိုတာ မလိုအပ်ပါဘူးကွာ"

ယင်ကျင်း၏ရင်ထဲ လှိုက်လှိုက်လှဲလှဲဖြစ်လာလေသည်။

မှင်စာလေးသည် ယခင်က သိုင်းလောက၌ ထင်ရာစိုင်းခဲ့သူ တစ်ယောက် ဖြစ်သည်ဟု သိခဲ့ရပါသည်။ ယခုတော့ မှင်စာလေးသည် ပြောင်းလဲသူတစ်ယောက်ဖြစ်နေချေပြီ။

ကောင်းမွန်သောလမ်းနှင့် အမှန်တရားကို အလေးထားသူ ဖြစ်လာပြီ မဟုတ်လား။ ယင်ကျင်းအတွက် လမ်းပြကောင်းတစ်ယောက်လည်း ဖြစ်လာသည်။

မှင်စာလေးက...

"တို့က လက်ဗလာသမားတော်ကို လိုက်ရှာရမယ် မဟုတ်လား၊ သူက လူတစ်ယောက်၊ လူတွေကြားထဲမှာနေတဲ့ လူတစ်ယောက်၊ ဒါကြောင့် သူ့ကိုတွေ့ချင်ရင် လူတွေကြားထဲမှာ လိုက်ရှာ



ရမှာပဲ၊ တို့တစ်တွေ မြို့ထဲကိုသွားမယ်၊ ညအချိန်မဟုတ်သေးတော့ မင်းအတွက် သိပ်ပြီး အခက်အခဲမရှိနိုင်ပါဘူး"

ယင်ကျင်းက ...

"ဟုတ်ပါတယ် ... လက်ဗလာသမားတော်ကိုတွေ့ရမှ ကျွန်တော်တို့ရဲ့ဒုက္ခတွေ ငြိမ်းသွားမှာပါ၊ ဒါထက် လက်ဗလာသမားတော်ဟာ ရှေ့က မြို့ကလေးမှာ ရှိနေလို့လား"

မှင်စာလေးက ...

"သူ ရှိတယ်,မရှိဘူးဆိုတာ မသေချာဘူး၊ သူ့ရဲ့မိတ်ဆွေ တစ်ယောက်တော့ ရှိတယ်၊ အဲဒီလူဆီကိုသွားပြီး သတင်းစုံစမ်းကြည့်တာပေါ့"

ယင်ကျင်းက သဘောတူလိုက်လေသည်။ ထို့နောက် ... နှစ်ယောက်သား သွက်လက်သောခြေလှမ်းများဖြင့် မြို့ကလေးဆီသို့ လှမ်းသွားလိုက်ကြလေတော့သည်။

✱

နေမွန်းတည့်ချိန်ဖြစ်သည်။

နေခြစ်ခြစ်တောက် ပူပြင်းနေသဖြင့် အပူဒဏ်ကို ရှောင်ရှားကြသောကြောင့် လမ်းပေါ်၌ လူရှင်းနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်ကျင်းနှင့်မှင်စာလေးတို့သည် မင်းလမ်းမကြီးအတိုင်း မြို့တွင်းသို့ ဝင်ရောက်လာကြလေသည်။ မြို့တွင်းသို့ ရောက်သွားပြီး မကြာမီ အရိပ်ကောင်းသော သစ်ပင်တစ်ပင်အောက်၌ ဆော့ကစားနေကြသည့် ကလေးငယ်များသည် ယင်ကျင်းတို့အား တွေ့မြင်သွားကြလျှင် ကြောက်လန့်ကာ ထွက်ပြေးသွားကြလေသည်။

ယင်ကျင်းနှင့် မှင်စာလေးတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြ၏။ မှင်စာလေးက ယင်ကျင်းကို ပြုံးပြလိုက်သည်။

"မင်းကို ကြောက်လို့မဟုတ်ဘူး၊ ငါက တကယ့်မှင်စာလေးတစ်ကောင်နဲ့ တူနေလို့ပါ"

ယင်ကျင်း သက်ပြင်းချလိုက်၏။ သူ၏အသားအရေသည်လည်း သွေးရောင်ကင်းမဲ့ကာ ပြာနှမ်းနှမ်းဖြစ်နေ၏။ ထို့ကြောင့် အများအမြင်တွင် လူသေအလောင်းကောင်က လမ်းထလျှောက်လာသည်ဟု ထင်စရာရှိမှန်း နားလည်ထားလေသည်။

လူကြားထဲ၌ သူတို့နှစ်ယောက်သည် ကြောက်စရာကောင်းသူများ အမှန်ပင် ဖြစ် နေပါတော့သည်။

"လက်ဗလာသမားတော်ကို အမြန်ဆုံးတွေ့မှဖြစ်မှာပါ"

ဟု ညည်းတွားနေရုံသာ ရှိတော့၏။ မှင်စာလေး ဦးဆောင်ခေါ်သွားရာနောက်သို့ လိုက်သွားရာ မကြာပါချေ ... အဖြူရောင်ဆေးသုတ်ထားသော အိမ်လေးတစ်လုံးရှေ့သို့ ရောက်ရှိသွားကြလေသည်။

မှင်စာလေးက ...



"ဒီအိမ်ပဲ"

ဟု ပြောသည်။ ယင်ကျင်းက ...

"လက်ဗလာသမားတော် ရောက်နေပါစေ"

ဟု ဆုတောင်းလိုက်လေသည်။ မှင်စာလေးသည် ခုန်ဆွခုန်ဆွဖြင့် အိမ်ရှေ့သို့ရောက်သွားပြီး တံခါးခေါက်လိုက်လေသည်။

'ဒေါက် .. ဒေါက်'

တံခါးခေါက်သံ ထွက်ပေါ်လာပြီး မရှေးမနှောင်းမှာပင် ...

"ဘယ်သူလဲ"

မေးမြန်းသံနှင့်အတူ တံခါးပွင့်သွားလေသည်။ ခန္ဓာကိုယ်ပိန်ပိန်ပါးပါးရှိသူတစ်ယောက် ထွက်ပေါ်လာ၏။

ထိုလူသည် တံခါးရှေ့၌ရပ်နေသော မှင်စာလေးကို မမြင်ဘဲ မလှမ်းမကမ်းတွင်ရပ်နေသော ယင်ကျင်းအား လှမ်းကြည့်ကာ အံ့သြထိတ်လန့်သွားလေသည်။

"မင်း ... မင်း ဘယ်သူလဲ၊ ဘာကိစ္စလဲ"

ဟု ထစ်ထစ်ငေါ့ငေါ့ မေးလေသည်။ ယင်ကျင်းမှာ ရုတ်တရက် မည်သို့ပြောရမှန်းမသိ ကြောင်အမ်းအမ်းဖြစ်နေပါသည်။ မှင်စာလေးက ...

"ကျိုတောင်း ... မင်းက ငါ့ကိုတောင် မမှတ်မိတော့ဘူးလား"

သူ၏စကားသံသည် အောက်ဘက်မှ ထွက်ပေါ်လာသဖြင့် ကျိုတောင်းဆိုသူက ခေါင်းငုံ့ကြည့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မှင်စာလေးအား ယခုမှတွေ့မြင်သွားပြီး ...

"ဟင် ... ခင် ... ခင်ဗျား"

မှင်စာလေးက ...

"ငါက မှင်စာလေးလေကွာ ... မင်း မမှတ်မိဘူးလား"

ဟု ထပ်ပြောလိုက်၏။ သူ၏အသံက အနည်းငယ်မာကျော နေသည်ကို ယင်ကျင်း သတိပြုမိလိုက်လေသည်။

ကျိုတောင်းဆိုသူက တံခါးဖွင့်ပေးလိုက်ပြီး နောက်ဆုတ်လိုက်သည်။

မှင်စာလေးကို မချိပြုံး ပြုံးပြပြီး ...

"မှတ် ... မှတ်မိပါပြီဗျာ၊ မှင်စာလေး ... ခင်ဗျား ဘယ်ပျောက်နေကာလဲဗျ"

ဟု ပြောလေသည်။ မှင်စာလေး ရယ်မောလိုက်သည်။

"ငါက နှစ်ပေါင်းသုံးဆယ်လုံးလုံး သိုင်းလောကကို ကျောခိုင်းထားခဲ့ပေမယ့် ငါ့ရဲ့ရုပ်သွင်ကို ဘယ်သူမဆို တွေ့တာနဲ့ ချက်ချင်း ပြန်ပြီးမှတ်မိသွားမယ်ဆိုတာ ငါသိပြီးသားပါ၊ ငါက မပြောင်းလဲဘူး။ မင်းသာ အဘိုးကြီးတစ်ယောက်ဖြစ်သွားတာ၊ ဆံပင်တွေ ဘာတွေ ဖြူလို့၊ မင်း ဒီအိမ်မှာ နေသေးတာပဲ၊ ငါ့အတွက် ကံကောင်းသွားတယ်၊ ငါတို့ကို အိမ်ထဲ မခေါ်တော့ဘူးလား"

ကျိုတောင်းဆိုသူက ...

"ဝင်ပါဗျာ ... ဝင်ပါ"



ဟု ပြောလေသည်။ ချက်ချင်းပင် အိမ်ထဲဖိတ်ခေါ်ကာ နေရာထိုင်ခင်း ပြင်ဆင်ပေး၏။

"ယင်ကျင်း လာခဲ့"

မှင်စာလေးက ယင်ကျင်းကိုခေါ်ကာ အိမ်ထဲဝင်သွားသည်။ ယင်ကျင်းလည်း လိုက်သွားရလေသည်။

ကျိုတောင်းနှင့်မှင်စာလေးသည် ရှေးယခင်ကပင် သိကျွမ်းခဲ့ကြပြီး ကျိုတောင်းက မှင်စာလေးအား ကြောက်ရွံ့ပုံရသည်ဟု ယင်ကျင်း ဆင်ခြင်မိလေသည်။

ကျိုတောင်းက ရေနွေးကြမ်းအိုးချပေးရင်း ...

"ခင်ဗျားမှာ ကိစ္စတစ်ခုခုရှိနေလို့ ကျုပ်ကို လာရှာတာလား"

ဟု မေးလေသည်။ မှင်စာလေးက ခေါင်းညိတ်လိုက်သည်။

"သိပ်မှန်တာပေါ့ ... မင်းကို မေးစရာရှိလို့ လာခဲ့တာ"

ကျိုတောင်းက ...

"ခင်ဗျား ဘာသိချင်လို့လဲ"

မှင်စာလေးက ...

"ငါ ဘာသိချင်သလဲဆိုတာ ခဏနေဦး၊ မင်းနဲ့ငါ ဘယ်လို တွေ့ခဲ့ကြသလဲဆိုတာ မင်းမှတ်မိသေးရဲ့လား"

ထိုစကားကြားလျှင် ကျိုတောင်း မျက်နှာပျက်သွားလေသည်။

"မှတ်မိပါတယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



မဖြေချင့်ဖြေချင် ပြော၏။ မှင်စာလေးက ယင်ကျင်းဘက်သို့လှည့်ကာ ...

"ဒီမြို့မှာ လက်ဗလာသမားတော် ရောက်နေတယ်ဆိုလို့ ကျုပ်က တွေ့ဖူးမြင်ဖူးချင်လို့ လာခဲ့မိတယ်၊ တကယ်တမ်း တွေ့ရတာက လူလိမ်ကျိုတောင်းဖြစ်နေတယ်၊ သူဟာ ကိုယ့်ကိုယ်ကိုယ် လက်ဗလာသမားတော်ဆိုပြီး လူတွေဆီက ငွေတွေ တနင့်တပိုးယူပြီး ဆေးကုပေးနေတာပေါ့၊ ကျုပ်တောင် အစက သူ့အကြောင်း မသိဘူး၊ လက်ဗလာသမားတော်အစစ်ရောက်လာပြီး သူ့ကို ဆုံးမလိုက်မှပဲ သူဟာ လူလိမ်ကျိုတောင်းဆိုတာ သိခဲ့ရတာ"

ယင်ကျင်းသည် ကျိုတောင်းကို တအံ့တသြကြည့်မိလေသည်။ ကျိုတောင်းသည် ကိုယ့်ကိုယ်ကိုယ် လက်ဗလာသမားတော်ဟု ကြေညာပြီး ပေါ်ပေါ်ထင်ထင် လိမ်ညာရဲသည့်အတွက် အံ့သြမိခြင်းဖြစ်လေသည်။

ကျိုတောင်းက ...

"ကျုပ်ဟာ အရင်က ဘာမဆို လိမ်ညာဖို့ဝန်မလေးခဲ့ပေမယ့် အခု ဒီလိုမဟုတ်တော့ပါဘူးဗျာ"

ဟု မနှစ်မြို့သောလေသံဖြင့် ပြောလေသည်။ မှင်စာလေးရယ်မောလိုက်သည်။

"ဘာလဲ ... လက်ဗလာသမားတော်က မင်းကို ဆုံးမသွားခဲ့လို့ မဟုတ်လား၊ မင်းက အမှားကို ဝန်ချတောင်းပန်ပြီး သူ့ဆီက



ဆေးပညာကိုတောင် နည်းနာယူခဲ့သေးတယ်မဟုတ်လား"

ကျိုတောင်းက ...

"ဟုတ်တယ်၊ ကျုပ်ဟာ သူ့ဆီကရခဲ့တဲ့ ဆေးနည်းတွေနဲ့ ဒီမြို့မှာ ဆက်နေပြီး ရောဂါဝေဒနာရှင်တွေကို ကုသပေးနေခဲ့တာ ခုထိ အခြေတကျဖြစ်နေတာ ခင်ဗျားအမြင်ပဲ"

မှင်စာလေးက ...

"မင်းက လူလိမ်လူကောက် မဟုတ်တော့ဘဲ လူကောင်းတစ်ယောက်ဖြစ်နေပြီဆိုတော့လည်း ဝမ်းသာစရာပေါ့၊ ငါက မင်းဆီကိုလာခဲ့တာ လက်ဗလာသမားတော်အကြောင်း သိချင်လို့ပဲ"

ကျိုတောင်း မျက်မှောင်ကုတ်သွားပြီး ...

"ခင်ဗျား ဘာသိချင်တာလဲ"

ဟု မေးလေသည်။ မှင်စာလေးက ...

"လက်ဗလာသမားတော် ဘယ်မှာရှိတယ်ဆိုတာ သိချင်တယ်"

ကျိုတောင်းက ...

"ဒါတော့ ပြောဖို့ခက်တယ်၊ ဒီလူက လေပွေလိုပဲ လွင့်ချင်ရာကို လွင့်နေတာ"

မှင်စာလေးက ...

"မင်းပြောမှလား၊ မင်းများသိမလားလို့ ကျုပ် လာခဲ့တာပေါ့"

ကျိုတောင်းက ...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်မသိဘူး ... ဒါပေမဲ့ ဝမ်းလုံတော့ သိနိုင်တယ်"

သဲလွန်စတစ်ခု ရလာသဖြင့် မှင်စာလေး ဝမ်းသာသွားလေသည်။

"ဘယ်က ဝမ်းလုံလဲ ... ပြောစမ်းပါဦး"

ဟု မေးလိုက်လေသည်။ ကျိုတောင်းက ...

"စောရဝမ်းလုံပါ၊ သူက နန်းတွင်းက ဆေးမြစ်တစ်ခုကို ခိုးယူလာပြီး လက်ဗလာသမားတော်ဆီမှာ ရောင်းချဖို့ လိုက်ရှာနေခဲ့တာဗျ"

မှင်စာလေးက ...

"သူက လက်ဗလာသမားတော်နဲ့ တွေ့ခဲ့သလား"

"ဒါတော့ သူ့ကို မေးကြည့်မှပဲသိမယ်"

မှင်စာလေးသည် ကျိုတောင်းအား စိုက်ကြည့်လိုက်ပြီး ...

"မင်း သေချာတယ်နော်"

ဟု မေးလိုက်လေသည်။ ကျိုတောင်းက ...

"စိတ်ချပါဗျာ ... ကျုပ်ဟာ အရင်ကလို လူလိမ်လူကောက်ဖြစ်ခဲ့ပေမယ့် ခုတော့ လူကောင်းတစ်ယောက် ဖြစ်နေပါပြီကွာ"

လူက လေးလေးနက်နက် ပြောလေသည်။ မှင်စာလေးက

"ဒါဖြင့် စောရဝမ်းလုံကို ဘယ်မှာတွေ့နိုင်သလဲ ... ပြောစမ်းပါဦး"

ကျိုတောင်းက ...



"သူက လက်ဗလာသမားတော်ကို ရှာတွေ့ပြီး ဆေးမြစ်ရောင်းချနိုင်ခဲ့တယ်ဆိုရင် ငွေရှင်နေမှာပဲ၊ ဒါဆိုရင် ထိုက်ယန်မြို့က ငွေချိတ်လောင်းကစားဂေဟာမှာ တွေ့ရနိုင်ပါတယ်"

မှင်စာလေးက သေချာချာ မှတ်ထားလိုက်သည်။ တစ်ဖန်ထိုင်ရာမှထကာ ...

"မင်းက ငါတို့ကို ကူညီလို့ ကျေးဇူးတင်တယ်၊ နောက်နောင်မင်းဆီကို ငါ ဘယ်တော့မှ မလာတော့ဘူးလို့ ကတိပေးတယ်"

ထိုစကားကြားလျှင် ကျိုတောင်း ဝမ်းသာအားရဖြစ်သွားတော့သည်။ မှင်စာလေးနှင့်ယင်ကျင်းတို့ ပြန်ထွက်သွားကြသောအခါ အိမ်အပြင်ဘက်သို့တိုင် လိုက်လံပို့ဆောင်ပေးလိုက်လေတော့သည်။

လက်ဗလာသမားတော်နှင့် ပတ်သက်ပြီး သဲလွန်စရလိုက်သဖြင့် ယင်ကျင်းနှင့်မှင်စာလေးတို့ ဝမ်းသာနေကြလေသည်။

ကျိုတောင်း၏အိမ်ကို ကျော်ခိုင်းထွက်လာရင်း လမ်းတွင် ယင်ကျင်းက မေးလေသည်။

"ကျွန်တော်တို့ ထိုက်ယန်မြို့ကို သွားရမှာပေါ့နော်"

မှင်စာလေးက ...

"ဒါပေါ့"

"တော်တော်ဝေးသလား၊ ဦး ရောက်ဖူးသလား"

"ရောက်ဖူးတာပေါ့ ... လေးငါးရက်ခရီးလောက်တော့ ရှိမယ်"

www.burmeseclassic.com

www.burmeseclassic.com



ယင်ကျင်းက …

"ဒါဖြင့် ကျွန်တော်တို့ မြင်းလှည်းတစ်စီးလောက်ရှာပြီး သွားကြရင် မကောင်းဘူးလား … ပိုပြီး ခရီးတွင်တာပေါ့"

မှင်စာလေး ရယ်မောလိုက်လေသည်။

"ဘာလဲ … မင်းက မြင်းလှည်းသမားဘဝကို တမ်းတနေတုန်းပဲလားကွ"

ယင်ကျင်းလည်း မနေနိုင်ဘဲ ရယ်မောလိုက်လေသည်။ ထိုစဉ် …

"ဟား … ဟား … ဟား"

သူတို့နှစ်ယောက်ထက် ပို၍ကျယ်လောင်သော ရယ်မောသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသဖြင့် ယင်ကျင်းတို့ အရယ်ရပ်သွားကြလေသည်။ ကျယ်လောင်သောရယ်သံ ထွက်ပေါ်လာရာဆီသို့လည်း လှမ်းကြည့်လိုက်ကြလေသည်။

ထိုအခါ … ရှေ့တွင် လမ်းပိတ်ရပ်နေသူ နှစ်ယောက်ရှိနေကြသည်ကို တွေ့မြင်လိုက်ရ၏။

ထိုလူနှစ်ယောက်ကိုမြင်လျှင် သူ၏လက်ချက်မိသွားသော ရေဘီလူးနှင့် မျက်နှာပေါက်ချင်း ခပ်ဆင်ဆင်တူနေသည်ဟု ယင်ကျင်း ဖျတ်ခနဲ တွေးမိလိုက်သည်။

မှင်စာလေးကား ထင်ရာလုပ်ခဲ့သူဖြစ်သည့်အလျောက် ထိုလူနှစ်ယောက်၏ အပြုအမူသည် သူ့အား စော်ကားသည်ဟု ယူဆကာ



မကျေမနပ် ဖြစ်သွားလေသည်။ ရှေ့သို့ လှမ်းထွက်လိုက်သည်။ ခါးထောက်ပြီး အော်ငေါက်လိုက်လေသည်။

"မင်းတို့ ဘယ်သူတွေလဲ … လမ်းပိတ်ထားကြတာက ဘာသဘောလဲ"

ထိုလူနှစ်ယောက်ကလည်း ရှေ့တိုးလာကြသည်။ သူတို့၏မျက်နှာများ ခက်ထန်တင်းမာသွားကြပြီ ဖြစ်လေသည်။ တစ်ယောက်က …

"ကျုပ်တို့ဟာ ခင်ဗျားတို့ရဲ့လက်ချက်မိသွားတဲ့ ရေဘီလူးရဲ့ သွေးသောက်ညီအစ်ကိုတွေပဲ၊ ကျုပ်နာမည် ဝှေ့ဟိုး၊ သူက ဝှေ့ဝမ်း"

ဟု ပြော၏။ ဝှေ့ဝမ်းဆိုသူက …

"ရေဘီလူးရဲ့သတင်းကို ကျုပ်တို့ကြားလို့ ခင်ဗျားတို့နောက်ကို လိုက်လာတာ၊ ကဲ … သွေးကြွေးဆပ်ဖို့သာ ပြင်ပေတော့"

စကားဆုံးလျှင် သံမဏိဖြင့် ပြုလုပ်ထားသော ငါးမန်းစွယ်လက်နက်ကို ဆွဲထုတ်လိုက်၏။ ဝှေ့ဟိုးကလည်း အလားတူလက်နက်တစ်ခုကို ဆွဲထုတ်လိုက်သည်။ မှင်စာလေး မဲ့ပြုံးပြုံးလိုက်သည်။

"ငါက မင်းတို့ကို ကြောက်နေရမှာလား"

ဟု အော်ငေါက်ကာ ရုတ်တရက် အပေါ်ခုန်တက်လိုက်ပြီး ခြေထောက်ဖြင့် ကန်ကျောက်တိုက်ခိုက်လိုက်လေသည်။ မှင်စာလေးသာ အဆိပ်မိမထားဘဲ အတွင်းအားကို အသုံးချနိုင်မည်ဆိုလျှင် ဝှေ့ဟိုး၊ ဝှေ့ဝမ်းတို့ ချက်ချင်းခံလိုက်ရမည်ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မှင်စာလေးကိုယ်တိုင်လည်း သိုင်းပညာကိုစိတ်ရှိသလောက် အသုံးချ၍မရတော့သည်ကို မေ့လျော့နေ၏။ မှင်စာလေးသည် လျှပ်တစ်ပြက် ခုန်ထွက်တိုက်ခိုက်လိုက်ရာ သူ၏ခန္ဓာကိုယ်သည် လေထဲ၌ ပင် တွန့်လိမ်သွားပြီး ...

'ဝုန်း'

မြေပေါ် ခြေပစ်လက်ပစ်ပင် ပြုတ်ကျသွားတော့သည်။ ဖွေ့ဟိုးနှင့်ဖွေ့ယမ်းတို့သည် ရုတ်တရက် ကြောင်အမ်းအမ်းဖြစ်သွားကြပြီးမှ မြေပေါ်တွင် မျက်နှာကြီးရှုံ့မဲ့ကာ လူးလိမ့်ထရန် ဟန်ပြင်နေသော မှင်စာလေးကိုကြည့်ရင်း ...

"ဟား .. ဟား .. ဟား"

"ဟား .. ဟား .. ဟား"

ဟားတိုက် ရယ်မောလိုက်ကြလေသည်။ မှင်စာလေးက ...

"ငါက မင်းတို့ကို ကြောက်နေမယ်ထင်သလား"

ဟု အော်ငေါက်ကာ တိုက်ခိုက်ရန် အားယူလိုက်ပြန်သည်။ ဤတွင် အလောတကြီး ရှေ့သို့ပြေးထွက်လိုက်ရာ အရှိန်မထိန်းနိုင်ဘဲ

'ဝုန်း'

မြေပေါ် ဟပ်ထိုးလဲကျသွားပြန်လေတော့သည်။

ဖွေ့ဟိုးနှင့် ဖွေ့ဝမ်းတို့က ...

"လူစဉ်မမီဘဲ ဒီလောက်တောင် လူစွမ်းပြချင်နေတာ သိကြသေးတာပေါ့"



"ချကွာ"

နှစ်ယောက်သား ရှေ့တိုးလာကြပြီး ဝိုင်းဝန်းကန်ကျောက်လိုက်ကြလေတော့သည်။ သူတို့က ငါးမန်းစွယ်လက်နက်များကို အသုံးမပြု၍သာ တော်ပေသေးသည်ဟု ဆိုရမည်ဖြစ်လေသည်။

သို့မဟုတ်လျှင် ခုခံခြင်း၊ ရှောင်တိမ်းခြင်း မပြုနိုင်တော့သည့် မှင်စာလေးအတွက် အခြေအနေဆိုးသွားမည်ဖြစ်သည်။

ဖွေ့ဟိုးတို့က ကန်ကျောက်လိုက်သည်နှင့် ...

'ဝုန်း'

"အား"

မှင်စာလေး၏စူးစူးဝါးဝါးအော်သံ ထွက်ပေါ်လာလေသည်။ ဖွေ့ဟိုးတို့က ...

"ခင်ဗျား အော်လို့လည်း ညှာမယ်မထင်နဲ့"

"သေဖို့ပြင်ထား"

မညှာမတာ ကန်ကျောက်ကြသည်။ မှင်စာလေး၏ရင်ဝကို ပင် ခြေထောက်ဖြင့် ဆောင့်နင်းချကြလေသည်။

ယင်ကျင်း ထိတ်လန့်သွားသည်။ ကြောက်လန့်တကြားဖြင့် နောက်လှည့်ထွက်ပြေးရန် ဟန်ပြင်လိုက်သော်လည်း မှင်စာလေးကို မထားခဲ့ရက်သဖြင့် မပြေးဖြစ်ပါတော့ချေ။ မှင်စာလေး မရှုမလှခံနေရသည်ကို မကြည့်ရက်သဖြင့် ...

"တော်ကြပါတော့ဗျာ ... မလုပ်ကြပါနဲ့တော့"

www.burmeseclassic.com

www.burmeseclassic.com



ဟု အော်ပြောလိုက်မိလေသည်။ မှင်စာလေးမှာ မရှုမလှ ခံလိုက်ရသဖြင့် နှုတ်ခမ်းထောင့်မှ သွေးများပင် ယိုစီးကျလာကာ အသံမထွက်နိုင်တော့ပေ။ မြေပေါ်တွင် ဆန့်ငင်ဆန့်ငင်ဖြင့် မျက်ဖြူလန်နေပါတော့သည်။

ဖွေ့ဟိုးနှင့်ဖွေ့ဝမ်းတို့သည် စိတ်တိုင်းကျ နှိပ်စက်လိုက်ကြပြီးလျှင် ယင်ကျင်းဆီသို့ ဦးလှည့်လာကြလေသည်။

"မင်းကို ဆုံးမရမယ်"

သူတို့သည် မှင်စာလေးအား အနိုင်ရလိုက်သဖြင့် ယင်ကျင်းကိုလည်း အထင်မကြီးတော့ပါ။ ငါးမန်းစွယ်လက်နက်များကို ပြန်သိမ်းလိုက်ကြ၏။ ယင်ကျင်းက ကြောက်ကြောက်လန့်လန့်ဖြင့် မျက်လုံးပြူးကာ ကြည့်နေမိ၏။ ဖွေ့ဟိုးက ...

'သေစမ်း'

ယင်ကျင်း၏ရင်ဝကို လက်သီးတစ်လုံး ထိုးသွင်းလိုက်၏။ လက်သီးထိုးချက် ဝိခနဲမြည်သွားရာ အရှိန်ပြင်းထန်လှကြောင်း ထင်ရှားနေပါတော့သည်။ ယင်ကျင်း၏ရင်ဝကို တည့်တည့်မတ်မတ် ထိုးချမိလိုက်လေသည်။ ယင်ကျင်း၏နံရိုးများ ရိုးကြေသွားလိမ့်မည်ဟုပင် ထင်ရ၏။

သို့သော် ... ယင်ကျင်းက မလှုပ်မယှက် ရပ်နေ၏။ မိမိ မရှောင်နိုင်မှန်းသိ၍ ထိတ်လန့်ကာ အသက်အောင့်ပြီး တောင့်ခံလိုက်မိသည်။ မသိစိတ်ဖြင့် သက်သာလိုသက်သာငြား ပြုလုပ်မိလိုက်ခြင်း



ဖြစ်လေသည်။

ဤတွင် ... သူ၏ခန္ဓာကိုယ်ထဲ၌ ကိန်းအောင်းနေသော အင်အားကြီးမားပြင်းထန်လှသည့် အတွင်းအားလှိုင်းများသည် ရင်ဝ၌ စုစည်းဖြစ်ပေါ်လာသည်။ ဖွေ့ဟိုး၏ပြင်းထန်သော လက်သီးချက်သည် ယင်ကျင်းအား ဒုက္ခမပေးနိုင်တော့သည့်အပြင် အလွန်မာကျောသော ကျောက်စိုင်ကျောက်သားပေါ်သို့ ထိုးချမိလိုက်သကဲ့သို့ ဖြစ်သွားလေတော့သည်။

'ဖြောက်'

အရိုးကျိုးသံများ ထွက်ပေါ်လာသည်။ ဖွေ့ဟိုး၏လက်ချောင်းကလေးများ ရစရာမရှိအောင် ကျိုးပဲ့ပြီး သွေးခြင်းခြင်းနီရဲသွားလေသည်။

"အမယ်လေးဗျ"

ဖွေ့ဟိုး ကျယ်လောင်စွာ အော်လိုက်သည်။ မီးခဲကိုင်မိသူပမာ ခုန်ဆွခုန်ဆွဖြင့် နောက်ဆုတ်သွားလေတော့သည်။

✱

ဖွေ့ဟိုး မရှုမလှခံလိုက်ရလေသည်။ ဖွေ့ဝမ်း အံ့ဩသွားပြီးမှ ....

www.burmeseclassic.com

www.burmeseclassic.com



"ရွှေကျုံးကိုသတ်တာ ဒီကောင်ဖြစ်မယ်"

ဟု ပြောလိုက်သည်။ သံမဏိငါးမန်းစွယ်လက်နက်ကိုလည်း ပြန်လည်ဆွဲထုတ်ပြီး တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

ဇော့ဟိုးခံလိုက်ရသည့်အဖြစ်ကြောင့် ယင်ကျင်း မယုံနိုင်အောင်ဖြစ်နေသော်လည်း မိမိတွင် မည်သူမျှမယှဉ်နိုင်သော စွမ်းအားတစ်မျိုးရှိနေပြီး အန္တရာယ်ကို ကာကွယ်နိုင်စွမ်းရှိသည်ဟု တွေးမိသောအခါ အားတက်သွားလေသည်။ သို့တိုင် ...

"ယား"

ဇော့ဝမ်းက ခြာသံပေးကာ တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လာသောအခါ ထိတ်လန့်သွားသေး၏။

မှင်စာလေး သတိပြန်လည်လာသည်။ ယင်ကျင်း တိုက်ခိုက်ခံနေရသည့်အဖြစ်ကိုလည်း တွေ့မြင်သွားပြီး ...

"ယင်ကျင်း ... မင်း ဘာလုပ်နေတာလဲ၊ ငါသင်ပေးထားတဲ့ သိုင်းကွက်တွေနဲ့ ပြန်ပြီးခုခံပါတော့လား"

ဟု အားယူကာ အော်ပြောလိုက်လေသည်။ ကြံ့ရာမရဖြစ်နေသော ယင်ကျင်းမှာ မှင်စာလေး၏အသံကိုကြားရလျှင် ရှည်ရှည်ဝေးဝေးစဉ်းစားမနေနိုင်တော့ဘဲ မှင်စာလေးသင်ပေးထားသည့် ခုခံသိုင်းကွက်မှ သိုင်းတစ်ကွက်ကို အသုံးပြုလိုက်မိလေသည်။ ရှောင်တိမ်းဖို့အချိန် မရတော့သဖြင့် ခုခံလိုက်ခြင်း ဖြစ်လေသည်။ ထိုအခါ

'ဝုန်း'



ပြင်းထန်သော အင်အားကြီးတစ်ခု ဖြစ်ပေါ်လာပြီး ဇော့ဝမ်းမှာ အရှိန်ပြင်းစွာ ပစ်လွှင့်လာသည့် ကျောက်တုံးကြီးတစ်တုံးနှင့် ဝင်ဆောင့်မိလိုက်သည့်အလား အဝေးသို့ လွှင့်စဉ်သွားလေတော့သည်။

လွှင့်စဉ်သွားသည့်အရှိန်ကုန်၍ မြေပေါ်သို့ ပြုတ်ကျသွားသောအခါ သူ၏တစ်ကိုယ်လုံး အရိုးမရှိသည့်အလား ပျော့ခွေနေတော့၏။ ခန္ဓာကိုယ်ထဲမှ အရိုးအားလုံး ကြေမွသွားခြင်း ဖြစ်ပါတော့သည်။

ဇော့ဝမ်း၏ဖြစ်အင်ကိုမြင်လျှင် ဇော့ဟိုးသည် မူးမေ့လဲတော့မလို ဖြစ်သွားပြီး တစ်ဟုန်ထိုး ထွက်ပြေးသွားလေတော့သည်။

✱

'အဟွပ် .. အဟွပ်'

မှင်စာလေး ချောင်းတဟွပ်ဟွပ်ဆိုးနေ၏။ ချောင်းဆိုးလိုက်တိုင်း သွေးများပါလာသည်။ သူသည် အတော်ပင် အထိနာသွားလေသည်။ ယင်ကျင်းသည် မှင်စာလေးအနီး၌ ဗျာများနေ၏။ မှင်စာလေးက အားယူပြုံးလိုက်သည်။

"သိုင်းပညာရဲ့အကျိုးသက်ရောက်မှုကို မင်း သိပြီမဟုတ်လား"

ဟု ပြောလေသည်။ ယင်ကျင်းက မလှုပ်မယှက်ဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



သော ဖွေ့ဝမ်းကိုလှမ်းကြည့်ပြီး …

"လူသတ်ပညာပဲ"

ဟု ရှုံ့မှုန်းစွာ ပြောလေသည်။ မှင်စာလေးက …

"ဒါဟာ အသုံးပြုတဲ့လူအပေါ်မှာ မူတည်ပါတယ်၊ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်၊ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မှာပေါ့"

ယင်ကျင်းက …

"ဘာပဲပြောပြော ကျွန်တော့်ကြောင့် လူနှစ်ယောက် ဒုက္ခ ရောက်သွားခဲ့ကြပြီ"

မှင်စာလေး သက်ပြင်းချလိုက်လေသည်။

"သူတို့အတွက် ဘယ်သူကမှ ဝမ်းနည်းကြေကွဲမှာ မဟုတ်ဘူး၊ တို့ရဲ့လက်တွေမှာ သွေးတွေစွန်းထင်းပေကျံနေတယ်လေ"

ယင်ကျင်း မျက်နှာလွှဲထားလိုက်လေသည်။ မှင်စာလေးက

"မင်းမှာ လိုအပ်ချက်တစ်ခုပဲ ငါမြင်တယ်၊ မင်းရဲ့ခန္ဓာကိုယ်ထဲက အတွင်းအားတွေကို မလိုအပ်ဘဲ အလျှံပယ်အသုံးပြုမိတဲ့ သဘောကို ထိန်းချုပ်နိုင်လိုက်ရင် မင်း ဝမ်းနည်းစရာတွေ မကြုံရတော့ပါဘူး"

ယင်ကျင်းက စိတ်မဝင်စားချေ။ သဘာဝအတိုင်းမဟုတ်ဘဲ ဖောက်ပြန်နေသော သူ၏ဝေဒနာများ အမြန်ဆုံးကုသပျောက်ကင်းသွားပါစေဟု ဆုတောင်းနေမိလေသည်။ မှင်စာလေးက …



"မင်းက ကြောက်လန့်လွယ်တော့ မင်းရဲ့ခန္ဓာကိုယ်က ထွက်ပေါ်လာတဲ့ အင်အားတွေဟာ ပရမ်းပတာဖြစ်နေတာပေါ့၊ အသိဉာဏ်နဲ့ စဉ်းစားဆင်ခြင်ပြီး ထိန်းချုပ်အသုံးပြုနိုင်အောင် လေ့ကျင့်လိုက်မယ်ဆိုရင် ပြောစရာမရှိအောင် ဖြစ်သွားလိမ့်မယ်"

ယင်ကျင်းက မှင်စာလေးအား ပြန်လှည့်ကြည့်လိုက်သည်။ မှင်စာလေးက ဆက်ပြောသည်။

"ဥပမာ မြောင်းတစ်ခုကို ဖြတ်ကူးမယ်ဆိုရင် အသာကလေး ခုန်လိုက်၊ကျော်လွှားလိုက်ရုံနဲ့ရတယ်၊ အဲ … ချောင်းတစ်ခုကို ဖြတ်မယ်ဆိုရင်တော့ အရှိန်ယူပြီး တအားခုန်ကူးမှ တစ်ဖက်ကမ်းကို ရောက်နိုင်မယ်"

ယင်ကျင်း စိတ်ဝင်စားသွားလေသည်။ မှင်စာလေးက …

"ကျောက်ခဲလေးတစ်လုံးကို ကောက်ယူလိုက်တာနဲ့ ပိဿာချိန်တစ်ထောင်လောက်ရှိတဲ့ ကျောက်တုံးကြီးတစ်တုံးကို မတဲ့အခါ အားစိုက်ထုတ်ရပုံချင်း တူပါ့မလား"

"မတူပါဘူး"

ယင်ကျင်း လွှတ်ခနဲ ပြောမိလေသည်။ မှင်စာလေး ကျေနပ်သွားသည်။

"ဒါပေါ့ … မင်းက ခွန်အားကို အားစိုက်သင့်တဲ့နေရာမှ စိုက်ထုတ်ရမယ်၊ မလိုအပ်ရင် မသုံးရဘူး၊ လိုအပ်သလောက်ပဲ သုံးနိုင်အောင် သတိနဲ့ထိန်းချုပ်ထားနိုင်ရမယ်၊ ဒီလိုလုပ်နိုင်အောင်ရည်း

www.burmeseclassic.com

www.burmeseclassic.com



လေ့ကျင့်ရမယ်"

ယင်ကျင်းက ...

"လေ့ကျင့်လို့ ရပ့်ါမလား"

ဟု မဝံ့မရဲဖြင့် မေးလေသည်။ မှင်စာလေးက ...

"ဘာကြောင့် မရနိုင်ရမှာလဲ၊ အဓိကကျတာက စိတ်တည်ငြိမ်မှုပဲ၊ ကြောက်လန့်နေလို့လည်း မရဘူး၊ ဒေါသတကြီးဖြစ်နေလို့လည်း မရဘူး၊ စိတ်မလောရဘူး၊ စိတ်မပျ့်ါတပါလုပ်လို့လည်း မရဘူး၊ မိမိရဲ့စိတ်ဟာ ပကတိတည်ငြိမ်နေရမယ်"

ယင်ကျင်းက ...

"ဦးပြောသလို ကျွန်တော် တတ်နိုင်မှာ မဟုတ်ပါဘူး"

ဟု အားလျော့သောလေသံဖြင့် ပြောလေသည်။

မှင်စာလေးက ...

"ဘယ်သူမှမွေးကတည်းက တတ်လာကြတာမဟုတ်ဘူး၊ လိုချင်တဲ့စိတ်, ဖြစ်ချင်တဲ့စိတ်နဲ့ ကြိုးစားမှ မျှော်လင့်သလိုပြန်နေနိုင်တာ၊ မင်းက ဘာမှမလုပ်ရသေးဘဲ အားလျော့နေတာကိုး၊ ငါတစ်ယောက်လုံး ရှိနေတာပဲ၊ မင်းကို ငါ လမ်းညွှန်ပေးမှာပေါ့"

သူက အတွင်းအား ထုတ်ဖော်ပုံ၊ လိုအပ်သလို အသုံးပြုပုံများကို အသေးစိတ်ရှင်းပြလေသည်။ ယင်ကျင်းက စိတ်မပါသော်လည်း နားထောင်ရင်း တဖြည်းဖြည်းစိတ်ဝင်စားလာလေသည်။

မှင်စာလေးပြောပြသည့် စကားများကိုလည်း သေသေချာချာ မှတ်သားထားလိုက်မိတော့သည်။ မှင်စာလေးသည် ယင်ကျင်းနားလည်သဘောပေါက်သည်အထိ စိတ်ရှည်လက်ရှည်ရှင်းပြပြီးမှ မျက်လုံးမှိတ်ကာ အနားယူလိုက်လေသည်။



ယင်ကျင်း စိတ်မကောင်းဖြစ်သွားသည်။ မှင်စာလေးသည် သူ၏ခန္ဓာကိုယ်ပင် အမှုမထားဘဲ မိမိအကျိုးအတွက် လမ်းညွှန်ပေးရှာသည် မဟုတ်ပါလား။ မှင်စာလေး ဝေဒနာခံစားနေရသည်ကို မကြည့်ရက်တော့ပါ။

"ကျွန်တော်တို့ မြင်းလှည်းတစ်စီးငှားပြီး ထိုက်ယန်မြို့ကို အမြန်ဆုံးအရောက်သွားကြမယ်"

ဟု ပြောလိုက်မိလေတော့သည်။

✱ ✱ ✱

www.burmeseclassic.com

www.burmeseclassic.com



## အစွမ်းအစ

နေဝန်းနီမှာ အနောက်ဘက်သို့ ရွေ့လျားသွား၏။ ညနေဆည်းဆာအချိန် ရောက်လုနီးပြီဖြစ်သည်။

ယင်ကျင်းသည် မှင်စာလေးကို ပခုံးပေါ်ထမ်းကာ ခပ်သုတ်သုတ် လျှောက်လှမ်းလာခဲ့လေသည်။ သူက ထိုက်ယန်မြို့ဆီသို့ ဦးတည်ကာ ခရီးနှင်နေခြင်းဖြစ်လေသည်။

ထိုက်ယန်မြို့သို့သွားရန် မြင်းလှည်းတစ်စီးငှားရမ်းခဲ့သော်လည်း မရခဲ့ပေ။ မြင်းလှည်းသမားများသည် ကြောက်လန့်တကြားငြင်းဆန်ကြလေသည်။ မတတ်သာသည့်နောက်ဆုံး ယင်ကျင်းက ခြေလျင်ခရီးနှင်လာခဲ့ခြင်း ဖြစ်လေသည်။ မှင်စာလေးအား ပခုံးပေါ်ထမ်းကာ ခပ်သုတ်သုတ်သွားနေစဉ် ...

'ခွပ် .. ခွပ် .. ခွပ်'

အနောက်ဘက်မှ မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ယင်ကျင်း ခြေလှမ်းရပ်ကာ လှည့်ကြည့်လိုက်၏။ ထိုအခါ ... မြင်းလှည်းတစ်စီး ဒုန်းစိုင်းမောင်းနှင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။ ယင်ကျင်း ဝမ်းသာသွားသည်။



"ဒီမြင်းလှည်းနဲ့ လမ်းကြုံလိုက်သွားလို့ရရင် သိပ်ကောင်းမှာပဲ"

ချက်ချင်းပင် လမ်းပေါ်သို့ထွက်ရပ်ကာ ...

"ဟေး ... ဟေး"

လက်ဝှေ့ယမ်းပြရင်း အော်ဟစ်လိုက်လေသည်။ သူ၏အသံကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။ မြင်းလှည်းသည်လည်း တစ်စထက်တစ်စ နီးကပ်လာသည်။

"ဟေး ဟေး ... လမ်းကြုံလိုက်ခွင့်ပြုပါဗျာ"

ယင်ကျင်းက အော်ပြောလိုက်လေသည်။ မြင်းလှည်းကား အရှိန်လျှော့မသွားဘဲ လမ်းပေါ်၌ ရပ်နေသည့် ယင်ကျင်းထံသို့ တည့်တည့်မတ်မတ် တိုးဝင်လာသည်။ ရပ်မပေးသည့်အပြင် ဝင်တိုက်လိုက်မည့်သဘောရှိနေ၏။

"လမ်းဖယ်လိုက်စမ်း"

မြင်းလှည်းသမား၏ ခက်ထန်သော အော်ငေါက်သံလည်း ထွက် ပေါ်လာ၏။

'ရွမ်း .. ရွမ်း'

ကျာပွတ်ကိုဝှေ့ယမ်းကာ ရိုက်ချလိုက်၏။ ယင်ကျင်း ထိတ်လန့်သွားသည်။ ကပျာကယာလမ်းဘေးသို့ ခုန်ဆင်းကာ ရှောင်တိမ်းလိုက်ရလေသည်။

'ခွပ် ခွပ် .. ခွပ် ခွပ်'

www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်းသည် ဆက်၍မောင်းနှင်သွားလေသည်။ မြင်းလှည်းအဝေးသို့ရောက်သွားမှ ယင်ကျင်း မကျေမနပ်ဖြစ်လာလေသည်။

"တောက် ... ရိုင်းစိုင်းလိုက်တာ၊ လမ်းကြုံမတင်နိုင်ဘူးဆိုရင်လည်း ပြီးတာပဲ၊ ခုတော့ မြင်းလှည်းနဲ့ ဝင်တိုက်သေးတဲ့အပြင် ကျာပွတ်နဲ့တောင် ရိုက်သွားသေးတယ်"

ထိုစဉ် ...

"အား ... ကျွတ်ကျွတ်"

မှင်စာလေး၏ညည်းတွားသံ ထွက်ပေါ်လာ၏။ ယင်ကျင်းက ...

"ဦး သတိရလာပြီလား"

မေးလည်းမေး၊ ပခုံးပေါ်မှချကာ ကြည့်ရှုလိုက်၏။ မှင်စာလေး သတိမရသေးပါ။ ယောင်ယမ်းပြီး ညည်းတွားလိုက်ခြင်း ဖြစ်လေသည်။

ယင်ကျင်း သေသေချာချာ ကြည့်လိုက်သောအခါ မှင်စာလေး၏အင်္ကျီလက်ဖောင်း စုတ်ပြဲနေသည်ကို တွေ့ရ၏။ မြင်းလှည်းသမား၏ကျာပွတ်ဖြင့် အဖျားခတ်ထိသွားခဲ့ပုံရသည်။ ယင်ကျင်း ထောင်းခနဲ ဒေါသထွက်သွားသည်။

"သိကြသေးတာပေါ့"

ဟု ကြုံးဝါးကာ မှင်စာလေးကို ပခုံးပေါ်ထမ်းပြီး မြင်းလှည်း



နောက်သို့ တစ်ဟုန်ထိုး ပြေးလိုက်သွားလေတော့သည်။

✱

ယင်ကျင်းသည် ခံပြင်းသည့်စိတ်ဖြင့် မြင်းလှည်းနောက်သို့ ပြေးလိုက်သွားခဲ့လေသည်။ မြင်းလှည်းကို မီလိုသည့်ဇောဖြင့် အားကုန်ပြေးသွားမိခြင်းဖြစ်သည်။

စိတ်ကဆောင်မိသောကြောင့် ခန္ဓာကိုယ်ထဲမှ ခွန်အားများ တွန်းအားပေးလာလေသည်။ သူ၏ခန္ဓာကိုယ်သည် လေပွေတစ်ခုပမာ တစ်ဟုန်ထိုး ရွေ့လျားသွားတော့သည်။

'ဟူး .. ဟူး .. ဟူး'

ယင်ကျင်း၏နားထဲ၌ လေတိုးသံများ တဟူးဟူးမြည်ကာ ထွက်ပေါ်လာ၏။ လမ်းတစ်ဖက်တစ်ချက်မှ သစ်ပင်များသည် ရိပ်ခနဲ ရိပ်ခနဲ ကျန်ရစ်ခဲ့လေသည်။

အကယ်၍ ... လမ်းဘေး၌သာ တစ်စုံတစ်ယောက်ရှိနေခဲ့ပါက ယင်ကျင်း ဖြတ်ပြေးသွားသောအခါ လူလုံးသဲကွဲစွာ တွေ့မြင်လိုက်ရမည် မဟုတ်ပါချေ။ ထို့အပြင် ... ဟူးခနဲမြည်ကာ ရိပ်ခနဲတွေ့လိုက်ရပြီး ရိပ်ခနဲ အဝေးသို့ရောက်ရှိ ပျောက်ကွယ်သွားသည်ကိုသာ တွေ့လိုက်ရမည် ဖြစ်ပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်ကျင်းကိုယ်တိုင်လည်း သူ၏အပြေးနှုန်း ကြောက်ခမန်း လိလိ လျင်မြန်နေသည်ကို ရုတ်တရက် သတိမပြုမိပါချေ။ ဒုန်းစိုင်းနှင် သွားသော မြင်းလှည်းကို မီလိုဇောဖြင့် အားကုန်ပြေးသွားမိခြင်း ဖြစ် လေသည်။

ပြေးရင်းလွှားရင်း သူ၏တစ်ကိုယ်လုံး ပူနွေးလာသည်ဟု ခံစားလာရ၏။ ထိုပူနွေးမှုသည် သက်သောင့်သက်သာ ရှိလှသည်။ မောပန်းနွမ်းနယ်ခြင်း၊ ညောင်းညာခြင်း လုံးဝမရှိသည့်အပြင် တစ် ကိုယ်လုံး ပေါ့ပါးလန်းဆန်းလာသည်။

ပြေးရင်းပြေးရင်း ငှက်များကဲ့သို့ လေထဲ ထိုးတက်ကာ ပျံဝဲ သွားတော့မည်ဟုပင် ခံစားလာရလေသည်။

ခန္ဓာကိုယ်ထဲ ကိန်းအောင်းနေသော ခွန်အားများသည် သွေး သားများနှင့် သဟဇာတမျှတစွာ ပေါင်းစည်းမိလာခြင်းဖြစ်သည်ကိုမူ ယင်ကျင်း မသိနိုင်ခဲ့ပါချေ။

နွေးထွေးသောအပူငွေ့သည် သွေးကြောများအတိုင်း လှည့် ပတ်သွားပြီး တစ်စထက်တစ်စ လျင်မြန်လာသည်။ ထူးခြားသော ခန္ဓာကိုယ်မှ စွမ်းအင်နှင့်စိတ်သည် တစ်သားတည်း ဖြစ်လာသည်။

ယင်ကျင်းစိတ်ထဲက ခြေထောက်မြောက်မည်ဟု ကြံရွယ်ရှိ သေးသည် … ခြေကို မြောက်ပြီးရုံသာမက ရှေ့သို့ သုံးလေးလှမ်းမျှ ပြေးပြီးသားဖြစ်သွားတော့သည်။

တစ်ဟုန်ထိုးပြေးလာခဲ့သည်ဖြစ်သော်လည်း မောပန်းနွမ်း



နယ်ခြင်း မရှိ၊ ခြေကုန်လက်ပန်းမကျသည့်အပြင် အပြေးနှုန်းပင် တစ်စ ထက်တစ်စ ပိုမြန်လာလေတော့သည်။

သို့ဖြင့် … အတန်ကြာပြေးသွားပြီးသောအခါ ဒုန်းစိုင်းနှင် သွားသောမြင်းလှည်းကို မီလာလေတော့သည်။ ယင်ကျင်းလည်း မြင်း လှည်းနံဘေးမှ ဖြတ်ပြေးကာ မြင်းလှည်းသမားအား ရန်တွေ့လိုက် ဟန် ပြင်လိုက်၏။

မြင်းလှည်းသမားသည် လေပွေပမာ မြင်းလှည်းနံဘေးသို့ ထွက်လာသော ယင်ကျင်းကို တွေ့မြင်သွားလျှင် ပါးစပ်အဟောင်း သား ဖြစ်သွားကာ …

"ဟာ"

ဟု လွှတ်ခနဲ အော်လိုက်သည်။ သူ၏လက်ထဲမှ ကျာပွတ် လည်း လွှတ်ကျသွားတော့သည်။

မြင်းလှည်းသမား၏ အံ့ဩထိတ်လန့်သွားသော အမူအရာ ကိုတွေ့ရလျှင် ယင်ကျင်းသည် အပြစ်တင်မည့်အစား ပို၍ အံ့ဩထိတ် လန့်သွားစေရန် ပြုလုပ်လိုစိတ်များ ဖြစ်ပေါ်လာလေသည်။

"ခင်ဗျားရဲ့မြင်းလှည်းနဲ့ လမ်းကြုံမလိုက်ရတော့ရော ဘာ ဖြစ်မှာလဲ"

ဟု အော်ပြောလိုက်သည်။ ထို့နောက် အားစိုက်ကာ ဆက် ၍ ပြေးသွားလိုက်လေသည်။

'ဟူး'

www.burmeseclassic.com

www.burmeseclassic.com



ယင်ကျင်းမှာ မြင်းလှည်းရှေ့သို့ ချက်ချင်းရောက်သွားသည်။

သူက ဆက်၍ပြေးသွားရာ တစ်ခဏအတွင်းမှာပင် အဝေးသို့ ရောက်သွားပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

ထိုအဖြစ်အပျက်ကြောင့် ဒုန်းစိုင်းနှင်နေသော မြင်းလှည်းသမားမှာ ကျောက်ရုပ်ကြီးတစ်ရုပ်ပမာ ဖြစ်သွားရှာလေတော့သည်။

✱ ✱ ✱



## ဖန်မီးအိမ်ရှင်

ည ...။

ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန်သာနေသည်။

လရောင်ဖြင့် ဂန်းကျင်တစ်ခုလုံး သာယာလှပနေ၏။ အေးမြသော ညလေများက သုန်သုန်ညင်းညင်း တိုက်ခတ်လာသည်။ မွှေးကြိုင်သော ည၏ပန်းရနံ့များ လွင့်ပျံ့လာလေသည်။

ယင်ကျင်းနှင့် မှင်စာလေးတို့သည် တောအုပ်ကြီးတစ်ခုအတွင်းရှိ ဘုံကျောင်းပျက်တစ်ခု၌ ရောက်ရှိနေကြပြီ ဖြစ်လေသည်။

ယင်ကျင်းသည် ညဘက် ရပ်နားလိုခြင်းမရှိဘဲ ခရီးဆက်လိုသည်။

သို့သော် ... ထိုက်ယန်မြို့သို့သွားရမည့်ခရီးလမ်းကြောင်းကို ကောင်းစွာမသိခြင်းကတစ်ကြောင်း၊ ညဘက်ရောက်လျှင် ခန္ဓာကိုယ်မှ စိမ်းဖန့်ဖန့်အလင်းရောင်များ ထွက်ပေါ်လာခြင်းက တစ်ကြောင်းမို့ စိတ်အနှောင့်အယှက်ဖြစ်ကာ တောအုပ်ထဲ၌ အမှတ်မထင်တွေ့ရသော ဘုံကျောင်းပျက်တစ်ခု၌ ဝင်၍ရပ်နားနေလိုက်ခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မှင်စာလေးမှာလည်း ကောင်းစွာ သတိရလာပြီဖြစ်သည်။

ထိပ်တန်းသိုင်းပညာရှင်တစ်ဦးဖြစ်သလို အတွေ့အကြုံကြွယ်ဝသူဖြစ်၍ သတိဝင်လာသည်နှင့် သူ၏ခန္ဓာကိုယ်တွင် သွေးကြောနေရာအချို့ကို ညွှန်ပြကာ ယင်ကျင်းအား နှိပ်နယ်ခိုင်းလိုက်လေသည်။

ယင်ကျင်းနှိပ်နယ်ရာတွင် အားစိုက်မထုတ်ဘဲ ခပ်ဖွဖွနှိပ်ပေးဖို့ ညွှန်ကြားပေးသည်။ ယင်ကျင်းကလည်း မှင်စာလေးခိုင်းသည့်အတိုင်း တစ်သဝေမတိမ်း ဆောင်ရွက်ပေးလိုက်လေသည်။

အမှန်တော့ ...

မှင်စာလေးသည် သူ၏ဒဏ်ရာကို အတွင်းအားဖြင့် ကုစားလိုက်ခြင်း ဖြစ်ပါသည်။ သူကိုယ်တိုင် အတွင်းအားဖော်ထုတ်ရန် မဖြစ်နိုင်သဖြင့် ယင်ကျင်း၏အတွင်းအားကို အသုံးချလိုက်ခြင်းဖြစ်လေသည်။

ထမင်းတစ်အိုးကျက်ခန့် အချိန်ကြာအောင် နှိပ်နယ်လိုက်သောအခါ မှင်စာလေး၏ဦးခေါင်းပေါ်မှ အခိုးအငွေ့များ ထွက်ပေါ်လာလေသည်။ တစ်ကိုယ်လုံးလည်း ချွေးပြိုက်ပြိုက်စို့ရွှဲလာ၏။

ထိုအခြင်းအရာကြောင့် ယင်ကျင်း စိုးရိမ်သွားသော်လည်း မှင်စာလေးကား ဝမ်းသာအားရ ဖြစ်သွားလေသည်။ အပြင်ဒဏ်ရာများ တစ်မဟုတ်ချင်း သက်သာသွားသည့်အပြင် ခန္ဓာကိုယ်ထဲ၌ ကိန်းအောင်းနေသော အဆိပ်အချို့သည်လည်း ချွေးညင်းပေါက်များမှတစ်



ဆင့် ခန္ဓာကိုယ်အပြင်ဘက်သို့ ထွက်သွားသည် မဟုတ်ပါလား။

မှင်စာလေး ခံစားနေရသော အဆိပ်ဝေဒနာမှာ ထက်ဝက်ခန့် သက်သာသွားလေတော့သည်။

အဆိပ်များကုန်စင်အောင် ထုတ်ပစ်နိုင်ဖို့ကား အတွင်းအားတစ်ခုတည်း အားကိုး၍မရဘဲ အဆိပ်ဖြေဆေးပါသောက်မှ ဖြစ်မည်ဟု မှင်စာလေး နားလည်ထားခြင်းကြောင့် ယင်ကျင်းအား ဆက်လက်နှိပ်နယ်ခြင်း မပြုတော့ဘဲ ရပ်တန့်လိုက်ဖို့ ပြောလိုက်လေသည်။

အပြင်ဘက်၌ လသာနေသည်။ ဘုံကျောင်းအတွင်း၌ အမှောင်ထု ကြီးစိုးနေ၏။

ယင်ကျင်း၏ခန္ဓာကိုယ်မှ ထွက်ပေါ်လာသော စိမ်းဖန့်ဖန့်အလင်းရောင်ကြောင့် သူတို့ တစ်ယောက်ကိုတစ်ယောက် ကောင်းစွာမြင်နေကြရလေသည်။ ယင်ကျင်းက ...

"ဦး သက်သာသွားပြီလား"

ဟု မေးလေသည်။ မှင်စာလေး ပြုံးလိုက်သည်။

"ငါက ရေဘီလူးရဲ့သွေးသောက် ဟိုလူဆိုးနှစ်ယောက်ကြောင့် ဒဏ်ရာမရခင်အခြေအနေထက်တောင် ပိုပြီးကောင်းမွန်သွားသေးတယ်၊ မင်းကို ကျေးဇူးတင်ပါတယ်ကွာ"

ယင်ကျင်းက ...

"ကျွန်တော်တို့နှစ်ယောက်ကြားမှာ ကျေးဇူးဆိုတဲ့စကား မ ပြောကြေးလို့ ဦးပဲပြောခဲ့တာ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



သူ၏စကားကြောင့် မှင်စာလေး ရယ်မောလိုက်လေသည်။

"မင်းလည်း စကားတတ်လာပြီ၊ မြင်းလှည်းသမားလေးဘဝ ကနေပြီး သိုင်းသမားအဖြစ် ပြောင်းလဲလာလို့ပဲဖြစ်ရမယ်"

ယင်ကျင်း ပြုံးလိုက်သည်။

"ကျွန်တော့်စိတ်ထဲမှာ တစ်ခါတစ်ခါတော့ သိုင်းသမားဖြစ်ချင်တဲ့စိတ်ရှိတယ်၊ ဒါပေမဲ့ တစ်ခါတစ်ခါမှာ မြင်းလှည်းသမားဘဝက ပဲ ကောင်းမယ်လို့ တွေးမိတတ်ပါတယ်"

မှင်စာလေးက ...

"မြင်းလှည်းသမားဘဝရော၊ သိုင်းသမားဘဝပါ ကောင်းကြပါတယ်ကွာ၊ တစ်ခုတော့ရှိတယ် ... သိုင်းသမားဆိုတာက သာမန်လူထက် ထူးခြားတော့ သာမန်လူတွေထက် အများအကျိုး ပိုပြီး ဆောင်ရွက်နိုင်တာပေါ့ကွာ"

ယင်ကျင်းက ...

"ဦးက ကျွန်တော့်ကို သိုင်းသမား သိပ်ပြီးဖြစ်စေချင်တယ် ထင်ပါရဲ့"

ဟု ပြောလိုက်သည်။ မှင်စာလေး ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ်၊ မင်းဟာ ရိုးသားတယ်၊ စိတ်ထားဖြူစင်တယ်၊ မတရားမှုကို ရွံမုန်းတယ်၊ မင်းသာ သိုင်းသမားတစ်ယောက်ဖြစ်လာရင် အဖြူရောင်ဆိုတာ သေချာပြီပေါ့၊ အများသူငါက အားကိုးအား



ထားပြုနိုင်မယ်၊ သိုင်းလောကအတွက်လည်း အကျိုးရှိလိမ့်မယ် မဟုတ်လား"

ယင်ကျင်းက ...

"ကျွန်တော်ဟာ ဦးပြောသလို ကြီးကြီးကျယ်ကျယ်ဖြစ်လာမယ့် လူစားမျိုး မဟုတ်ပါဘူး ခင်ဗျာ"

"ယင်ကျင်း ... မင်း အားလျော့လှချည်လား၊ ကြိုးစားရင် ဘာမဆိုဖြစ်တယ်ဆိုတာကို မှတ်ထားစမ်းပါ"

ယင်ကျင်းက ပြုံးနေလိုက်လေသည်။ မှင်စာလေးက ဆက်ပြောလိုက်သည်။

"သိုင်းလောကမှာ အဖြူရောင်သိုင်းသမားတွေထဲက အစွမ်းထက်တဲ့လူ အတော်ရှားသွားပြီ၊ အနက်ရောင်သိုင်းသမားတွေ တစ်နေ့တခြား ပိုပြီးအားကောင်းလာကြတယ်၊ ဒီအတိုင်းဆို သိုင်းလောက ပျက်စီးသွားလိမ့်မယ်၊ အကျိုးဆက်အဖြစ် လုယက်တိုက်ခိုက်မှုတွေ၊ အနိုင်ကျင့်မှုတွေ၊ မတရားမှုတွေ ဖြစ်ပေါ်လာပြီး အများသူငါ ဒုက္ခရောက်ကြလိမ့်မယ်၊ ယင်ကျင်း ... မင်းခရီးသွားရင်း လမ်းမှာ လူတစ်ယောက် ဒုက္ခရောက်နေတာကိုတွေ့ရင် မကူညီချင်ဘူးလား"

ယင်ကျင်းက ...

"ကူညီချင်ပါတယ် ခင်ဗျာ"

မှင်စာလေးက ...

"ဒါဆို မင်းဟာ သိုင်းသမားဖြစ်အောင် ကြိုးစားပေတော့"

www.burmeseclassic.com

www.burmeseclassic.com



ယင်ကျောင်း ဘာမှမပြောဘဲ နေလိုက်လေသည်။

ထိုစဉ် ... ပိုးစုန်းကြူးလေးတစ်ကောင်သည် ဘုံကျောင်းပျက်ထဲ ပျံဝဲဝင်ရောက် လာလေသည်။ မှင်စာလေးရော ယင်ကျောင်းပါ ထိုပိုးစုန်းကြူးလေး၏ မှိတ်တစ်လှည့်၊ လင်းတစ်လှည့် အလင်းရောင်လေးကို မျက်တောင်မခတ် ကြည့်လိုက်ကြလေသည်။ မှင်စာလေးက ဦးစွာသက်ပြင်းချလိုက်ပြီး ...

"ပိုးစုန်းကြူးလေးတွေဟာ အရွယ်အစားသေးငယ်ပေမယ့် တတ်စွမ်းသလောက် အလင်းရောင်ကို ပေးစွမ်းနိုင်တယ်၊ ယင်ကျောင်း ... မင်းကရော"

ဟု မေးလေသည်။ ယင်ကျောင်း ကြောင်အမ်းအမ်းဖြင့် ...

"ကျွန်တော် ဘာဖြစ်လို့လဲခင်ဗျာ"

ဟု ပြန်မေးလိုက်လေသည်။ မှင်စာလေးက ...

"မင်းရဲ့ခန္ဓာကိုယ်က စိမ်းဖန့်ဖန့်အရောင်တွေ ထွက်ပေါ်နေတာပဲ မဟုတ်လား၊ မင်းကိုယ်မင်း ပိုးစုန်းကြူးတစ်ကောင်လို့ မထင်မိဘူးလား"

ယင်ကျောင်း ငေးငိုင်သွားလေသည်။ မှင်စာလေးက ...

"ဒါပေမဲ့လည်း မင်းကို ပိုးစုန်းကြူးနဲ့ မနှိုင်းအပ်ပါဘူး၊ မင်းဟာ ပိုးစုန်းကြူးထက်မကဘဲ လဝန်းကြီးလို အလင်းဆောင်ပေးနိုင်တာပဲ၊ ငါ နန်းတွင်းမှာနေတုန်းက ကဗျာတစ်ပုဒ် ဖတ်ဖူးတယ်၊ ကဗျာရဲ့ခေါင်းစဉ်က **ဖန်မီးအိမ်ရှင်** ... တဲ့"



ယင်ကျောင်းက မှင်စာလေးကိုကြည့်လိုက်သည်။ မှင်စာလေး၏စကားများသည် များသောအားဖြင့် မှတ်သားစရာများ ဖြစ်နေတတ်သည် မဟုတ်ပါလား။

မှင်စာလေးက ဆက်ပြောသည်။

"ဖန်မီးအိမ်ရှင်ဆိုတာ အမှောင်ကမ္ဘာထဲမှာ လမ်းပျောက်ပြီး စမ်းတဝါးဝါးဖြစ်နေသူတွေကို လမ်းပြပေးတဲ့ ကရုဏာရှင်ပေါ့၊ မင်းဟာ ပိုးစုန်းကြူး မဟုတ်ဘူး၊ မိုးအမြင့်က လဝန်းလည်းမဟုတ်ဘူး၊ ဖန်မီးအိမ်ရှင်ပဲ"

ယင်ကျောင်းက ...

"ဦးက ကျွန်တော့်ကို သိပ်ပြီးမြှောက်စားနေတယ် ... ကျွန်တော်က ဒီလောက်မဟုတ်ပါဘူး"

ဟု ရှက်ကိုးရှက်ကန်းဖြင့် ပြောလေသည်။ မှင်စာလေးက လက်မခံပါချေ။

"ဘာကြောင့်မဟုတ်နိုင်ရမှာလဲ ... မင်းဟာ သိုင်းလောကအကျိုး၊ အများအကျိုး သယ်ပိုးဆောင်ရွက်မယ်ဆိုရင် ကုန်ကုန်ပြောရရင် အကြောင်းအမျိုးမျိုးကြောင့် မင်းရဲ့ခန္ဓာကိုယ်က စိမ်းဖန့်ဖန့်အရောင်တွေ ပျောက်ကွယ်မသွားခဲ့ရင်တောင်မှ အားလုံးက ဖန်မီးအိမ်ရှင်လို့ တင်စားပြီး ကြည်ညိုလေးစားကြမယ်၊ အားကိုးအားထားပြုလာကြမှာပဲ"

ယင်ကျောင်း မနေနိုင်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ဟာ သိုင်းလောကထဲကို ခြေစုံပစ်ပြီး ဝင်လိုက်မယ်ဆိုရင် ထိတ်ထိတ်ကြဲ သိုင်းသမားတစ်ယောက်ဖြစ်လာနိုင်မယ် ဆိုတာ တကယ်ပဲလား"

"တကယ်ပေါ့ ... ကျုပ်ရဲ့အသက်နဲ့တောင် လောင်းကြေးထပ်ရဲတယ်ဆိုရင် မင်းယုံမလား"

မှင်စာလေး၏စကားကြောင့် ယင်ကျင်း ကြက်သီးမွေးညင်းထသွားလေသည်။ မှင်စာလေးက ...

"အခြေအနေအရပ်ရပ်က မင်းကို သိုင်းသမားတစ်ယောက်ဖြစ်လာအောင် တွန်းပို့နေပြီ ယင်ကျင်း"

ဟု ပြောလေသည်။ ထိုစဉ် ...

'ခွပ် .. ခွပ် .. ခွပ်'

အဝေးမှ မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

✱ ✱ ✱



## သေလမ်း/ရှင်လမ်း

'ခွပ် ခွပ် .. ခွပ် ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာသည်။ ထိုမြင်းခွာသံသည် ခပ်သဲ့သဲ့ကြားရပြီး တစ်စထက်တစ်စ ကျယ်လောင်လာလေသည်။

ယင်ကျင်းနှင့်မှင်စာလေးတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။ မှင်စာလေးက ...

"မြင်းခွာသံကို နားထောင်ရတာ ဒီဘက်ကို ဦးတည်လာနေပုံရတယ်"

ဟု ပြောလေသည်။ ယင်ကျင်း ရင်ထိတ်သွားသည်။

"ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ"

"အခြေအနေကြည့်သေးတာပေါ့"

မြင်းခွာသံသည် ပို၍နီးကပ်လာသည်။ မြင်းလှည်းဘီးလိမ့်သံများ ကြားရသည်။ မြင်းလှည်းတစ်စီးလာနေခြင်းဖြစ်ကြောင်း ထင်ရှားလေသည်။ မှင်စာလေးက ...

"သေချာပြီ ... ဒီကိုဦးတည်ပြီး လာနေတာပဲ၊ မင်းက လူတွေ့မခံချင်ဘူးဆိုရင် တို့ ပုန်းနေမှဖြစ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ကောင်းတယ်"

ယင်ကျင်း ချက်ချင်းသဘောတူလိုက်လေသည်။ သူတို့သည် ဘုံကျောင်းပျက်၏အနောက်ဘက်ရှိ အခန်းတစ်ခုအတွင်း၌ ဝင်ရောက်ပုန်းအောင်းနေလိုက်ကြလေသည်။

ယင်ကျင်း၏ခန္ဓာကိုယ်၌ စိမ်းဖန့်ဖန့်အလင်းရောင်များကို မမြင်တွေ့ရလေအောင် ခန္ဓာကိုယ်ပေါ်၌ ဖုန်များ၊ သဲများ လူးထားလိုက်လေသည်။

ယင်ကျင်း ရင်တထိတ်ထိတ်ဖြစ်နေ၏။ ညအချိန်မတော် ဘုံကျောင်းပျက်သို့ ရောက်လာသူမှာ မည်သို့သောလူစားမျိုး ဖြစ်ပါသနည်းဟု တွေးနေမိ၏။

အခန်း၏အပျက်အစီးကြားမှ တိတ်တဆိတ်ချောင်းကြည့်နေလိုက်မိလေသည်။

မကြာပါချေ။

မြင်းလှည်းတစ်စီး ဘုံကျောင်းပျက်ရှေ့သို့ ရောက်ရှိလာလေသည်။ မြင်းလှည်းသမားသည် ခပ်သွက်သွက်ခုန်ဆင်းပြီး မြင်းလှည်းတံခါးကို ဖွင့်ပေးလိုက်သည်။

မြင်းလှည်းအိမ်ထဲမှ လူတစ်ယောက် ဆင်းလာ၏။ ထိုလူမှာ မြေပေါ်ခြေချမိလျှင် ဒယီးဒယိုင်ဖြစ်သွား၍ မြင်းလှည်းသမားက ဖေးမလိုက်ရလေသည်။ ထို့နောက် ဘုံကျောင်း ပျက်အတွင်းသို့ ဝင်ရောက်လာခဲ့ကြလေသည်။



ယင်ကျင်း အသက်ပြင်းပြင်းမရှူဝံ့တော့ပါ။ မြင်းလှည်းသမားသည် ဖေးမ,ခေါ်ဆောင်လာသူအား ဘုံကျောင်းပျက်၏ဧည့်ခန်းနံရံတွင် မှီ၍ထိုင်စေလိုက်သည်။

တစ်ဖန် အသင့်ယူဆောင်လာသော ဖယောင်းတိုင်တစ်တိုင်ကို ထွန်းညှိလိုက်လေသည်။

ဖယောင်းတိုင်အလင်းရောင် ထွက်ပေါ်လာသဖြင့် လင်းလင်းကျင်းကျင်း ဖြစ်လာလေသည်။

နံရံကိုမှီကာ ထိုင်နေသူမှာ အသက်ငါးဆယ်ကျော်ခန့်ရှိသည်။ မျက်နှာ လေးထောင့်စပ်စပ်၊ မေးရိုးကားကား၊ မာန်မာနကြီးမည့် အသွင် ရှိလေသည်။

မြင်းလှည်းသမားက ဦးခေါင်းပေါ်မှ ခမောက်ကို ချွတ်လိုက်၏။ ထိုအခါ မည်းနက်ရှည်လျားသော ဆံကေသာများ ဝေွခနဲ ကျလာလေသည်။

"ဟင်"

ယင်ကျင်း လွှတ်ခနဲ အော်မိမလိုဖြစ်သွားလေသည်။ မြင်းလှည်းသမားမှာ မိန်းကလေးတစ်ယောက် ဖြစ်နေသည် မဟုတ်ပါလား။

မြင်းလှည်းကိုတွေ့ရသည်နှင့် လမ်းကြုံလိုက်ဖို့တားသည်ကို ရပ်မပေးဘဲ ဆက်လက်မောင်းနှင်သွားသော မြင်းလှည်းဖြစ်ကြောင်း ယင်ကျင်း မှတ်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခက်ထန်ကြမ်းတမ်းသည့် မြင်းလှည်းသမားအား ပညာပြနိုင်ခဲ့သဖြင့် ယင်ကျင်း ကျေနပ်မိခဲ့သော်လည်း မိန်းကလေးတစ်ယောက်ဖြစ်နေသည်ကို သိလိုက်ရသောအခါ ...

မိန်းကလေးသည် အသက်ဆယ့်ရှစ်နှစ်၊ ဆယ့်ကိုးနှစ်ခန့်သာ ရှိဦးမည်ထင်ရ၏။ ဝိုင်းစက်ကြည်လင်သောမျက်လုံး၊ ဖြောင့်စင်းသော နှာတံ၊ ကော့ညွတ်သော နှုတ်ခမ်း၊ စင်ရော်တောင်မျက်ခုံးများဖြင့် လှပချောမောသူလေး ဖြစ်နေပါသည်။

"မိန်းမချောလေးတစ်ယောက်ဟာ ဘာကြောင့်များခက်ထန်ကြမ်းတမ်းနေရတာလဲ"

ယင်ကျင်း စိတ်ထဲမှ ရေရွတ်မိလေသည်။

နံရံကို ကျောမှီကာထိုင်နေသူမှာ ရောဂါဝေဒနာတစ်ခုခု ခံစားနေရပုံမျိုး ရှိလေသည်။ မိန်းမချောလေးသည် ထိုလူအတွက် စိုးရိမ်ပူပန်နေသည့်အသွင် ရှိနေသည်ကို တွေ့ရလေသည်။

သူမသည် ထိုလူအနီးသို့ ချဉ်းကပ်သွားလိုက်ပြီး ...

"ဖေဖေ ... ဆေးတစ်ခွက်လောက် သောက်လိုက်ဦးမလား"

ဟု မေးလိုက်လေသည်။ စိုးရိမ်ပူပန်မှုများ ရောစွက်နေသည့်တိုင် သူမ၏အသံလေးမှာ သာယာနာပျော်ဖွယ်ကောင်းနေသည်။

ယင်ကျင်းနှင့် မှင်စာလေးတို့က စိတ်ဝင်စားစွာဖြင့် စောင့်ကြည့်နေကြလေတော့သည်။ နံရံတွင် ကျောမှီကာထိုင်နေသူမှာ မိန်းမချောလေး၏ဖခင် ဖြစ်နေပါသည်။



ထိုလူက ...

"ဖေဖေ လမ်းမှာ ဆေးတစ်ခွက်သောက်ထားသေးတယ်၊ မိုးလင်းမှပဲ ထပ်သောက်တော့မယ် သမီး"

"ကောင်းပါပြီ ဖေဖေ"

မိန်းမချောလေးသည် ဖခင်၏ခြေရင်း၌ ထိုင်ချလိုက်လေသည်။ ဖခင်ဖြစ်သူက ...

"သမီး တင်းတင်း ... သမီးလည်း ပင်ပန်းလှပြီနော်"

ဟု စိတ်မကောင်းသောလေသံဖြင့် ပြောလာလေသည်။ တင်းတင်းဆိုသော မိန်းမချောလေးက မချိုပြုံးပြုံးလိုက်သည်။

"ကိစ္စပါဘူး ဖေဖေ ... သမီးတို့ ရန်သူလက်ကလွတ်အောင် ပြေးနိုင်ခဲ့တာပဲ ဝမ်းသာလှပါပြီ"

ထိုစကားကြားလျှင် ယင်ကျင်းနှင့်မှင်စာလေးတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြလေသည်။ ထိုသားအဖသည် ရန်သူ့လက်မှလွတ်အောင် ပြေးလာခဲ့ကြရသည့် ဒုက္ခသည်များ ဖြစ်နေကြသည် မဟုတ်ပါလား။

မိမိသည် အကြောင်းမသိဘဲ မြင်းလှည်းကိုတားဆီးမိပြီး ရပ်တန့်မပေးသည်ကို စိတ်ဆိုးမိသည့်အတွက် ယင်ကျင်း နောင်တရလာလေသည်။

"ငါဟာ ကိုယ့်အတွက်ပဲကိုယ်သိပြီး သူတစ်ပါးကို အပြစ်တင်မိတာ မှားနေပြီလား"

www.burmeseclassic.com

www.burmeseclassic.com



ယင်ကျင်း စိတ်ထဲမှ ရေရွတ်မိလိုက်လေတော့သည်။ တင်းတင်းတို့သားအဖ၏စကားသံများ ဆက်လက်ထွက်ပေါ်နေပါသည်။ ဖခင်ဖြစ်သူက ...

"သမီးရယ် ... ဖေဖေတို့ လွတ်အောင်ပြေးဖို့ဆိုတာ တကယ်တော့ မဖြစ်နိုင်တဲ့ကိစ္စတစ်ခုပါ။ ဖေဖေဟာ တစ်ချိန်က သိုင်းပညာ အားကိုးနဲ့ ထင်တိုင်းကြဲခဲ့တာကြောင့် 'နတ်ဆိုး' လို့တောင် အမည်တွင်ခဲ့ပြီး ရန်သူပေါများခဲ့တယ်ဆိုတာ သမီးအသိပဲ မဟုတ်လား...၊

ဒုစရိုက်နယ်ထဲ ခြေကျွံပြီးရင် နုတ်ရခက်ခဲလှပါတယ်၊ အရှေ့ကျွန်းကလူတွေ ဟာ ဖေဖေ့ကို လူဆိုးဓားပြကြီးတစ်ယောက်လို့ ခုလို သတ်မှတ်ထားကြသေးတာမို့ ငါးလပိုင်း ငါးရက်နေ့မှာ ထိုက်စန်းတောင်အစည်းအဝေးကိုတက်ဖို့ ဖေဖေ့ကိုလာပြီး ဖိတ်ကြားကြတာပေါ့ ...၊

ဖေဖေက လက်မခံလို့ သူတို့ရန်ပြုခဲ့ကြတာ၊ အရှေ့ကျွန်းက လူတွေဟာ လွယ်လွယ်နဲ့ ဘယ်တော့မှ အလျှော့မပေးတတ်ကြဘူး၊ ဖေဖေ လက်မခံတဲ့အတွက် သူတို့ကို ပမာမခန့်စော်ကားတယ်လို့ သတ်မှတ်ကြမှာ၊ ဖေဖေ့ကို သုတ်သင်ရှင်းလင်းပစ်နိုင်မှ သူတို့ ကျေနပ်ကြလိမ့်မယ်"

သူ၏စကားကြောင့် မိန်းကလေး မျက်နှာပျက်သွားလေသည်။ ယင်ကျင်းနှင့်မှင်စာလေးတို့သည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြပြန်လေသည်။



မှင်စာလေးက လေသံဖြင့် ရှင်းပြလေသည်။

"သိုင်းလောကမှာ 'နတ်ဆိုးတင်းလီ' ဆိုတဲ့ ဓားပြကြီးတစ်ယောက် ပေါ်ပေါက်လာခဲ့ဖူးတယ်၊ ရှမ်းစီးပြည်နယ်တစ်ခွင်မှာ 'နတ်ဆိုး' ဟော့ဆိုရင် အားလုံး ဖိမ့်ဖိမ့်တုန်အောင် ကြောက်ခဲ့ကြရတာပေါ့"

ယင်ကျင်းက ...

"အရှေ့ကျွန်းကလူတွေနဲ့ ထိုက်စန်းတောင်ဆိုတာက ဘာလဲဟင်"

ဟုမေးလိုက်လေသည်။ တင်းတင်းတို့အား အဘယ်ကြောင့် ဒုက္ခပေးရသည်ကို သိလို၍မေးလိုက်ခြင်း ဖြစ်လေသည်။ မှင်စာလေး အနည်းငယ်စဉ်းစားလိုက်ပြီး ...

"အရှေ့ကျွန်းက ပလွေရှင်ဆိုတာ နတ်ဆိုးတင်းလီထက် အပြန်တစ်ရာလောက် ပိုပြီးဆိုးမိုက်တဲ့ လူဆိုးထိပ်သီးကြီးတစ်ယောက်ပေါ့၊ သူဟာ သိုင်းလောကတစ်ခုလုံး သူ့ရဲ့ခြေဖဝါးအောက်ကို သွတ်သွင်းဖို့ ကြံစည်ခဲ့တာ၊ သူနဲ့ ဝိညာဉ်နတ်ဘွားဘွားတို့နှစ်ယောက် ပေါင်းလိုက်တော့ သိုင်းလောကတစ်ခုလုံး ပျက်စီးလုနီးပါး ဖြစ်ခဲ့ရသေးတယ်၊ မင်း မိစ္ဆာမယ်ကွေ့ဖုံးကို မှတ်မိသေးတယ်မဟုတ်လား"

ယင်ကျင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ... မှတ်မိပါတယ်"

မှင်စာလေးက ...

"ဝိညာဉ်နတ်ဘွားဘွားဆိုတာ ကွေ့ဖုံးရဲ့ဆရာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကွေ့ဖုံးပင် ကြောက်စရာကောင်းသူဖြစ်နေလျှင် သူမ၏ ဆရာဆိုပါက ဆိုဖွယ်ရာမရှိတော့ကြောင်း ယင်ကျင်း ဆင်ခြင်လေသည်။ မှင်စာလေးက ဆက်ပြောလေသည်။

"အရှေ့ကျွန်းသခင် ပလွေရှင်ဟာ ခုတစ်ခါ သိုင်းလောကမှာ ပြန်ပြီးခေါင်းထောင်လာတာပဲဖြစ်မယ်၊ ငါးလပိုင်းငါးရက်နေ့ ထိုက်စန်းတောင်ကို ချိန်းတယ်ဆိုတာ သိုင်းလောကရဲ့အနက်ရောင်သိုင်းသမားတွေကို ဖိတ်ကြားပြီး စည်းရုံးသိမ်းသွင်းဖို့ ကြံစည်တာပဲဖြစ်ရမယ်၊ ပလွေရှင်ရဲ့အကြံသာ အောင်မြင်သွားရင် ဒီတစ်ခါ သိုင်းလောကပျက်စီးဖို့ ကျိန်းသေပြီပေါ့"

ယင်ကျင်း ခေါင်းနားပန်းကြီးသွားလေသည်။

အနက်ရောင်သိုင်းသမားများသည် အသက်ရှင်နေသမျှကာလပတ်လုံး သိုင်းလောကအား ဖျက်ဆီးဖို့ အများသူငါအပေါ် ဒုက္ခပေးဖို့ ထာဝစဉ် ကြံစည်ကြိုးစားနေကြောင်း ထင်ထင်ရှားရှား သိလိုက်ရပြီမဟုတ်ပါလား။

အပြင်ဘက်မှ နတ်ဆိုးတင်းလီ၏အသံ ထွက်ပေါ်လာသည်။

"အရှေ့ကျွန်းရဲ့ဖိတ်ကြားမှုကိုလက်မခံတဲ့အတွက် လျစ်လျူရှုထားလိုက်ရင် တစ်ယောက်က တစ်ရာ ဖြစ်လာမှာကို သူတို့စိုးရိမ်ကြမှာပဲ၊ လက်မခံတဲ့လူကို သုတ်သင်ပစ်လိုက်ရင် ကျန်တဲ့လူတွေ ငြင်းရဲတော့မှာမဟုတ်ဘဲ သူတို့ဖိတ်ခေါ်တဲ့အတိုင်း ထိုက်စန်းတောင်ကို အရောက်သွားကြမှာ မလွဲဘူး၊ ဖေဖေဟာ ပထမဆုံးငြင်းပယ်လိုက်တဲ့



လူ ဖြစ်နေလိမ့်မယ်၊ ဒါကြောင့်လည်း ဖေဖေ့ကို သုတ်သင်ရှင်းလင်းပစ်ဖို့ သဲကြီးမဲကြီး ကြိုးစားကြတာ ဖြစ်လိမ့်မယ်"

တင်းတင်းက မကျေမနပ်ဖြင့် ...

"ဖေဖေဟာ မကောင်းမှုတွေကို စွန့်လွှတ်ခဲ့တာ ကြာပြီပဲ၊ ဒါကြောင့် သူတို့ရဲ့ဖိတ်ခေါ်မှုကို လက်မခံတာပါ၊ သူတို့မကျေနပ်လို့ သမီးတို့ကကြောက်နေရမှာလား၊ အရှေ့ကျွန်းလူတွေကို မှတ်လောက်အောင် ဆုံးမရမယ်"

ဟု ကြုံးဝါးလေသည်။ တင်းလီက ...

"သမီး ... သူတို့ကို သွားပြီးရင်ဆိုင်ရင် ကျောက်တုံးကို ခေါင်းနဲ့တိုက်သလို ဖြစ်နေလိမ့်မယ်၊ သူတို့နဲ့ဝေးရာကို ပြေးကြတာ အကောင်းဆုံးပဲ၊ ဖေဖေတောင်မှ သူတို့ကိုမယှဉ်နိုင်လို့ ဒဏ်ရာရခဲ့သေးတာပဲ မဟုတ်လား"

တင်းတင်း အံကြိတ်ကာ ဘာမှမပြောတော့ချေ။ တင်းလီက

"ဖေဖေ့ဒဏ်ရာဟာ လက်ဗလာသမားတော်နဲ့ တွေ့ရင် ချက်ချင်း သက်သာပျောက်ကင်းသွားမှာပါ၊ ဖေဖေ သက်သာသွားပြီဆိုတာနဲ့ သမီးကို တိဗက်ပြည်ကိုခေါ်သွားမယ်၊ သမီး သွားပြီးလည်ပတ်ချင်တယ်မဟုတ်လား"

တင်းတင်း၏မျက်နှာ ပြုံးရွှင်သွားလေသည်။

"ဖေဖေ တကယ်ပြောတာနော်"

"တကယ်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် လက်ဗလာသမားတော်ကို သမီးသွားရှာမယ်၊ ဖေဖေ ဒီမှာပဲ အနားယူနေခဲ့ပေ့ါ၊ ထိုက်ယန်မြို့ ငွေချိတ်လောင်းကစားဂေဟာမှာ စောရဝမ်းလုံကို တွေ့အောင်ရှာနိုင်ရင် လက်ဗလာသမားတော်ကိုလည်း တွေ့ရလိမ့်မယ်လို့ ဖေဖေပြောခဲ့တယ်နော်"

ထိုစကားကြားလျှင် ယင်ကျင်းတို့ ဝမ်းသာသွားကြလေသည်။ ကျိုတောင်းထံမှ ကြားခဲ့ရသောသတင်း မှန်ကန်နေပြီဖြစ်ကြောင်းလည်း နားလည်လိုက်ကြလေသည်။ တင်းလီက ...

"စောရဝမ်းလုံဟာ လက်ဗလာသမားတော်နဲ့ နောက်ဆုံးတွေ့ခဲ့သူပဲ၊ သူ့ဆီမှာစုံစမ်းရင် သတင်းရမှာသေချာတယ်၊ ဒါပေမဲ့ သမီးတစ်ယောက်တည်းသွားပြီး စုံစမ်းမှာကို ဖေဖေ စိတ်မချဘူး၊ ဖေဖေပါ လိုက်ခဲ့မယ်၊ တို့သားအဖနှစ်ယောက် အတူတကွရှိနေကြဖို့ ခုချိန်မှာ အလိုအပ်ဆုံးပဲ"

မှန်ပေသည်။ တကွဲတပြားရှိနေခြင်းထက် အတူတကွရှိနေခြင်းက အန္တရာယ်နှင့် ရင်ဆိုင်ရာ၌လည်းကောင်း၊ ရှောင်တိမ်းရာ၌လည်းကောင်း ပို၍အဆင်ပြေချောမွေ့မည်မဟုတ်ပါလား။

တင်းတင်းက ...

"ဒါဆိုလည်း ဒီတစ်ညတော့ ဒီမှာပဲ အနားယူလိုက်တာပေ့ါ၊ ခရီးပြင်းနှင်လာရလို့ ဖေဖေလည်း ပင်ပန်းနေပြီ၊ မနက်မှ ခရီးဆက်ကြတာပေ့ါနော် ဖေဖေ"

"ကောင်းပြီလေ ... သမီးလည်း နားလိုက်ဦး"



"ဟုတ်ကဲ့ ဖေဖေ"

တင်းတင်းသည် ဖခင်၏ခြေရင်းတွင် လဲလျောင်းရန် ဟန်ပြင်လိုက်၏။ ထိုစဉ် ... အဝေးမှ ပလွေသံတချို့ ပျံ့လွင့်လာသည်ကို ကြားလိုက်ရလေတော့သည်။

✱

ညသည် တိတ်ဆိတ်နေသည်။

ပလွေသံထွက်ပေါ်လာသောအခါ ဝီဝီသသကြားလိုက်ကြရလေသည်။ တင်းလီနှင့် တင်းတင်းတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

ယင်ကျင်းတို့လည်း ခေါင်းထောင်လာကြသည်။ မှင်စာလေးက ...

"ပလွေသံကို သတိထားနော်၊ အရှေ့ကျွန်းက လူတွေဟာ ပလွေသံနဲ့ စိတ်ညို့တဲ့ပညာကို ကျွမ်းကျင်ကြတယ်၊ ပလွေသံကို နားထောင်ရင်း မင်းရဲ့စိတ်ထဲမှာ တစ်ခုခုခံစားလာရပြီဆိုရင် နားပိတ်ပြီး ချက်ချင်းအာရုံလွှဲပစ်လိုက်၊ ဘာမှမတွေးဘဲ ဝင်သက်ထွက်သက် ရှူရှိုက်တာကို မပြတ်မှတ်ပါ၊ ဒါမှမရရင် နှုတ်ခမ်းပေါက်အောင် သွားနဲ့သာ ကိုက်လိုက်ပေတော့"

www.burmeseclassic.com

www.burmeseclassic.com



ဟု သတိပေးလေသည်။ ယင်ကျင်းသည် အတွေ့အကြုံမရှိသဖြင့် အံ့ဩနေသော်လည်း မှင်စာလေးပြောသည့်စကားများကို သေသေချာချာမှတ်သားထားလိုက်လေသည်။

ပလွေသံမှာ ညဥ့်ယံတွင် သာယာငြိမ့်ညောင်းစွာ ထွက်ပေါ်နေသည်။ ကြားရသူတိုင်း၏ရင်ထဲ၌ ကြည်ကြည်နူးနူးဖြစ်လာနိုင်လောက်ပေသည်။

တင်းလီက ...

"အရှေ့ကျွန်းသခင်ရဲ့ စိတ်ညို့ပလွေသံကို ခံနိုင်တဲ့လူ အတော်ရှားတယ်၊ ခု ရောက်လာတဲ့လူဟာ အရှေ့ကျွန်းသခင် မဟုတ်လို့တော်သေးတယ်၊ ဒါပေမဲ့ ပေါ့ဆလို့တော့ မရဘူး ... သမီး သတိထား၊ ဖေဖေ ရှေ့ကနေ ရင်ဆိုင်ထားမယ်၊ သမီး လွတ်အောင်ပြေးပေတော့"

ဟု ပြောလေသည်။ တင်းတင်း ခေါင်းခါယမ်းလိုက်သည်။

"သမီး မပြေးဘူး ဖေဖေ၊ ရန်သူကို ရင်ဆိုင်မယ်ဆိုရင်လည်း အတူတူ၊ ရှောင်တိမ်းသွားကြမယ်ဆိုရင်လည်း အတူတူပေါ့"

ဟု ခေါင်းမာစွာ ပြောလေသည်။ တင်းလီသည် သမီးဖြစ်သူ၏အကြောင်းကို သိထားသည့်အလား ဘာမှထပ်မပြောဘဲ နေလိုက်လေသည်။ ထိုစဉ် ...

'ဝုန်း'

ကျယ်လောင်သောအသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။



ယင်ကျင်းနှင့်မှင်စာလေးသည်လည်းကောင်း၊ တင်းလီတို့သားအဖသည်လည်းကောင်း ဘုံကျောင်းပျက်၏အပျက်အစီးများကြားမှ အပြင်ဘက်သို့ ကြည့်လိုက်ကြလေသည်။

ထိုအခါ ... ဘုံကျောင်းရှေ့မြေကွက်လပ်၌ ရပ်ထားသောမြင်းလှည်းမှာ မီးလောင်ပျက်စီးသွားသည်ကို တွေ့ရလေသည်။ မီးတောက်မီးလျှံများသည် မြင်းလှည်းအား တစ်မုဟုတ်ချင်း ဝါးမျိုသွားလေသည်။

မီးရောင်များကြောင့် ဝန်းကျင်တစ်ခုလုံးမှာ နေ့ဘက်နှင့်မခြားအောင် ထိန်ထိန်လင်းသွားလေတော့သည်။

'ဟီး ... ဟီး ... ဟီး'

မြင်းနှစ်ကောင်သည် ထိတ်လန့်စွာဟီလိုက်ပြီး ကစဉ့်ကလျား ထွက်ပြေးသွားကြလေတော့သည်။

'တောက်'

တင်းလီက မကျေမနပ်ဖြင့် တက်ခေါက်လိုက်သည်။ သူတို့ရှေ့ခရီးဆက်ဖို့ ခက်ခဲသွားပြီ မဟုတ်ပါလား။ မြင်းလှည်းမရှိဘဲ ထိုက်ယန်မြို့သို့ ခရီးဆက်ဖို့ မလွယ်လှချေ။ တင်းတင်းက ...

"ဖေဖေ ... ကျွန်မတို့ထွက်ပြီး ရင်ဆိုင်ကြမလား"

ဟု မေးလေသည်။ တင်းလီ လက်ကာပြလိုက်သည်။

"နေဦး ... မလောနဲ့၊ ရန်သူ့အခြေအနေ ဘယ်လိုရှိတယ်ဆိုတာ စောင့်ကြည့်ကြသေးတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ... ကျုပ်နဲ့မဆိုင်ဘူး၊ ကျုပ်ကို အမိန့်ပေးထားတာက အရှေ့ကျွန်းသခင်ရဲ့ဖိတ်ကြားချက်ကို ငြင်းပယ်ခဲ့ရင် အဲဒီလူကို သုတ်သင်ရှင်းလင်းပစ်ဖို့ပဲ"

တင်းလီက ...

"ကောင်းပြီလေ ... မင်းက အမိန့်အတိုင်း တစ်သဝေမတိမ်း ဆောင်ရွက်ချင်တယ်ဆိုရင်လာခဲ့ပါ"

စကားဆုံးလျှင် ရင်ဆိုင်တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်လေသည်။ ကြေးပလွေကိုယ်ရံတော်က ...

"တင်းလီ ... စိတ်တော့မကောင်းပါဘူး၊ ခင်ဗျား သတိထားပါ"

ရုတ်တရက် မြေပေါ်ခြေဆောင့်ကာ ခုန်ထွက်လိုက်၏။ သူ၏ခန္ဓာကိုယ်သည် မြားတစ်စင်းပမာ တင်းလီထံသို့ တိုးဝင်လာလေသည်။ တင်းတင်းက ...

"လူယုတ်မာ သေပေတော့"

ဟု အော်ငေါက်ကာ ဖခင်ဖြစ်သူထက် အရင်ပြေးဝင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။ ထိုစဉ်မှာပင် ကြေးပလွေကိုယ်ရံတော်သည် လေထဲပျံဝဲကာ အနီးသို့ရောက်ရှိလာပြီး ခြေထောက်ဖြင့် ကန်ကျောက်ပစ်လိုက်လေသည်။

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာလေသည်။



"အမေ့"

တင်းတင်းမှာ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။ ကြေးပလွေကိုယ်ရံတော်သည် တင်းလီအနီးသို့ ဆက်လက်ရောက်ရှိသွားပြီး ခြေလက်များအသုံးပြုကာ တိုက်ခိုက်လိုက်လေသည်။

တင်းလီကလည်း အံတင်းတင်းကြိတ်ကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

မည်သို့ဆိုစေ ... တင်းလီသည် ဒဏ်ရာရရှိထားပြီဖြစ်၍ ကြေးပလွေကိုယ်ရံတော်အား မယှဉ်နိုင်တော့ပါချေ။ နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိသည်နှင့် ...

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာကာ တင်းလီမှာ မြေပေါ်လဲကျသွားလေတော့သည်။ ဖခင်အရေးနိမ့်သွားသည်ကို တွေ့ရလျှင် တင်းတင်းမှာ မြေပေါ်မှ လူးလိမ့်ထရန် ကြိုးစားလိုက်ပြီး ...

"ဖေဖေ"

ဟု အော်ဟစ်ခေါ်လိုက်လေသည်။ ရုတ်တရက် ...

"အင့်"

သူမထံမှ မသဲမကွဲ ညည်းညူသံထွက်ပေါ်လာပြီး မလှုပ်မယှက် ဖြစ်သွား၏။ လူပုလေးက ကျောက်ခဲလေးတစ်လုံး ကောက်ယူကာ တိတ်တဆိတ်ပစ်လွှင့်ပြီး သွေးကြောပိတ်လိုက်ခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေရှုပ်ထွေးနေသည်မို့ ကြေးပလွေကိုယ်ရံတော်မှာ တင်းတင်း သွေးကြောပိတ်ခံလိုက်ရသည့်အဖြစ်ကို မရိပ်မိလိုက်ချေ။ တင်းလီက ခုန်ထလိုက်လေသည်။ သူ၏နှုတ်ခမ်းထောင့်၌ သွေးများ ယိုစီးကျနေသည်။ ခန္ဓာကိုယ် ဒယီးဒယိုင်ဖြစ်နေသည်ကို ထိန်းချုပ်ရင်း ရင်ဆိုင်တိုက်ခိုက်ရန် ပြင်ဆင်လိုက်လေသည်။

'ဟား .. ဟား .. ဟား'

ကြေးပလွေကိုယ်ရံတော်က ဟားတိုက်ရယ်မောလိုက်လေသည်။

"တင်းလီ ... ခင်ဗျား တော်တော်မိုက်မဲတာပဲ၊ အရှေ့ကျွန်းသခင် ပလွေရှင်ရဲ့ကမ်းလှမ်းချက်ကို ငြင်းပယ်ရဲတယ်၊ ခင်ဗျားဟာ သိုင်းလောကသားတွေအတွက် ဥပမာယူစရာ ဖြစ်လာလိမ့်မယ်"

ပြောရင်း ရှေ့တိုးလာသည်။ တင်းလီက အံကိုတင်းတင်းကြိတ်ကာ ...

"ယား"

ဗြာသံပေးပြီး တိုက်ခိုက်လိုက်လေသည်။ သို့သော် ... သူ၏တိုက်ခိုက်မှုသည် ခွန်အား မပါတော့သည့်အပြင် ပရမ်းပတာဖြစ်နေပါတော့သည်။

'ဟား .. ဟား .. ဟား'

ကြေးပလွေကိုယ်ရံတော်က အထင်သေးစွာ လှောင်ပြောင်ရယ်မောလိုက်လေသည်။



"ခင်ဗျား ဘာတတ်နိုင်မှာလဲ"

ပြောရင်း ခန္ဓာကိုယ်ယိမ်းနွဲ့ကာ တင်းလီ၏တိုက်ခိုက်မှုကို ရှောင်တိမ်းလိုက်သည်။ တစ်ဆက်တည်းမှာပင် လက်ဝါးစောင်းဖြင့် တင်းလီ၏ဝဲဘက်လက်ဖျံကို ခုတ်ချလိုက်လေသည်။

'ဖြောက်'

"အား"

အရိုးကျိုးသံများ ထွက်ပေါ်လာလေသည်။ တင်းလီ၏ဝဲဘက်လက်မှာ သွင်သွင်ကျိုးကာ တွဲလောင်းကျသွားလေသည်။

တင်းလီသည် အသည်းခိုက်အောင် နာကျင်မှုကြောင့် မျက်နှာကြီး ရှုံ့မဲ့သွားသော်လည်း အံတင်းတင်းကြိတ်ကာ အကောင်းပကတိရှိနေသော ယာဘက်လက်ဖြင့် ထပ်မံတိုက်ခိုက်လိုက်လေသည်။

ကြေးပလွေကိုယ်ရံတော်က ရှောင်တိမ်းခြင်း မပြုပါချေ။

"သွားစမ်း"

ဟု ငေါက်ကာ လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်ပြသည်။

'ဖြောင်း'

တင်းလီ၏ညာဘက်လက်သည်လည်း ထက်ပိုင်းကျိုးသွားပြန်လေတော့သည်။ တင်းလီက အံကြိတ်ခံရင်း ကြေးပလွေကိုယ်ရံတော်၏ရင်ဝကို သူ၏ဦးခေါင်းဖြင့် ပစ်ဆောင့်လိုက်လေသည်။

တင်းလီ ထိုသို့တိုက်ခိုက်လိမ့်မည်ဟု မည်သူမျှ ထင်မှတ်ခြင်းမည် မဟုတ်သကဲ့သို့ ကြေးပလွေကိုယ်ရံတော်လည်း မထင်ခဲ့ချေ။

www.burmeseclassic.com

www.burmeseclassic.com



လူချင်းလည်း နီးကပ်နေသည်ဖြစ်ရာ မရှောင်နိုင်အောင် ဖြစ်သွားလေတော့သည်။

'ဒုန်း'

'အင့်'

ကြေးပလွေကိုယ်ရံတော်သည် မသဲမကွဲ ညည်းညူကာ နောက်ဆုတ်သွားလေသည်။ သူက မျက်လုံးကြီးပြူးကာ တင်းလီကို ကြည့်လိုက်လေသည်။ တင်းလီသည် အသေခံကာ တိုက်ခိုက်သွားမည့်သဘော ရှိနေသည် မဟုတ်ပါလား။

'ယား'

တင်းလီသည် ဝမ်းခေါင်းသံကြီးဖြင့် အော်ဟစ်ကာ နွားသိုးတစ်ကောင်ပမာ ဒယီးဒယိုင်ဖြစ်သွားသော ကြေးပလွေကိုယ်ရံတော်၏ဝမ်းဗိုက်ကို ဝင်ဆောင့်ပစ်လိုက်လေသည်။

ယခုတစ်ကြိမ် ... ကြေးပလွေကိုယ်ရံတော်သည် တစ်ကြိမ်ခံထားရပြီဖြစ်၍ အသာအယာပင် ရှောင်တိမ်းပေးလိုက်လေသည်။

"တင်းလီ ... ခင်ဗျားရဲ့ဦးခေါင်း ဘယ်လောက်မာသလဲ"

ဟု ပြောရင်း လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်၏။

'ခွပ်'

"အား"

တင်းလီ ခေါင်းမမာနိုင်တော့ပါ။ ဦးခေါင်းတစ်ခုလုံး သွေးခြင်းခြင်းနီရဲသွားကာ မြေပေါ်ဖင်ထိုင်ကျသွားလေသည်။



လက်နှစ်ဖက် သွင်သွင်ကျိုးသွားသလို ခေါင်းကွဲသွားပြီဖြစ်ရာ တိုက်ခိုက်ဖို့ လုံးဝမစဉ်းစားနိုင်တော့ပါချေ။

ကြေးပလွေကိုယ်ရံတော်က ...

"ခင်ဗျားကို ဘယ်လိုဆုံးမမယ်ဆိုတာ ကြည့်ထား"

အော်ငေါက်ကာ တင်းလီ၏ဝဲဘက်ခြေထောက်ပေါ် တက်နင်းချလိုက်လေသည်။

"အား"

တင်းလီ ငယ်သံပါအောင် အော်ဟစ်လိုက်၏။

ကြေးပလွေကိုယ်ရံတော်သည် ရက်ရက်စက်စက်ပင် တင်းလီ၏ခြေထောက်နှစ်ချောင်းကိုလည်း ချိုးပစ်လိုက်လေတော့သည်။

✱

ယင်ကျင်း၏တစ်ကိုယ်လုံး အေးစက်နေသည်။ လူမဆန်စွာ ရက်စက်လှသည့်မြင်ကွင်းကို မကြည့်ရက်တော့သဖြင့် မျက်နှာလွှဲထားလိုက်လေသည်။ သူ၏ရင်ထဲမှာတော့ မကောင်းချေ။ တင်းတင်းအတွက် ယူကျုံးမရဖြစ်နေမိသည်။

ဖခင်ကိုချစ်သော မိန်းကလေးမှာ ဖခင်၏ ကြေကွဲဖွယ်အဖြစ်ဆိုးကြောင့် မည်သို့ရှိမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



ရက်စက်လှသော ကြေးပလွေကိုယ်ရံတော်အား မုန်းတီးမိသည်။ သို့သော် ... ဘုံကျောင်းအပြင်ဘက်သို့ထွက်ကာ ကြေးပလွေကိုယ်ရံတော်အား တားဆီးဖို့ရာ မဝံ့ရဲအောင် ဖြစ်နေ၏။

မှင်စာလေးက ...

"တောက် ... လူမဆန်လိုက်တာ၊ ယင်ကျင်း ... မင်း ထွက်ပြီး ဆုံးမလိုက်စမ်းပါ"

ဟု အမိန့်ပေးလေသည်။ ယင်ကျင်း ထိတ်လန့်သွားလေသည်။

"ဟာ ... မဖြစ်ဘူးထင်ပါတယ်"

"ဘာကြောင့် မဖြစ်ရမှာလဲ"

"မင်း ယောက်ျားမဟုတ်ဘူးလား"

ယင်ကျင်း ခေါင်းငုံ့ထားလိုက်လေသည်။ မှင်စာလေး ဒေါပွသွားလေသည်။

"အေး ... မင်း နေရက်တယ်ဆိုရင်နေပေါ့၊ ငါကတော့ ဒီလောက် ရက်ရက်စက်စက်လုပ်နေတာကို လက်ပိုက်ကြည့်မနေနိုင်ဘူး"

စကားဆုံးလျှင် ဘုံကျောင်းပျက်ထဲမှ တစ်ဟုန်ထိုးပြေးထွက်သွားလေတော့သည်။

✷



ကြေးပလွေကိုယ်ရံတော်သည် တင်းလီအား စိတ်ရှိလက်ရှိနှိပ်စက်ပြီးမှ နောက်ဆုတ်သွားလေသည်။

တင်းလီသည် တစ်ကိုယ်လုံး သွေးခြင်းခြင်းနီရဲကာ မြေပေါ်၌ ခွေခွေလေး လဲနေပါတော့သည်။

ကြေးပလွေကိုယ်ရံတော်က ...

"တင်းလီ ... ခင်ဗျား ဘာတတ်နိုင်သေးသလဲ"

ဟု ခနဲ့လိုက်သည်။ တင်းလီ အလျှော့မပေးပါ။

"မင်းတို့ ငါ့ကို သတ်ပစ်လိုက်၊ ဒါမှမဟုတ်ရင် တစ်နေ့ နောင်တရလိမ့်မယ်"

ကြေးပလွေကိုယ်ရံတော်က ...

"တစ်နေ့ကျရင် ကျုပ်တို့ကို ဒုက္ခပေးမယ်ပေါ့ ... ဟုတ်လား"

"မင်းတို့အရှေ့ကျွန်းကို မီးလောင်တိုက်သွင်းပစ်မယ်ဟေ့"

တင်းလီက အားကုန်ဖျစ်ညှစ်အော်လိုက်လေသည်။

'ဟား .. ဟား .. ဟား'

ကြေးပလွေကိုယ်ရံတော်က ဟားတိုက်ရယ်မောလိုက်သည်။

"ကောင်းပြီလေ ... ခင်ဗျား ဘယ်လောက်များ တတ်နိုင်လဲဆိုတာ ကြည့်ရအောင် ခင်ဗျားရဲ့အသက်ကို ချမ်းသာပေးလိုက်မယ်၊ ဒါပေမဲ့ ..."

www.burmeseclassic.com

www.burmeseclassic.com



သူက စကားဆုံးအောင်မပြောဘဲ တင်းတင်းကို ကြည့်လိုက်၏။ တစ်ဖန် ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်သည်။

"ခင်ဗျားရဲ့သမီးကိုတော့ ခေါ်သွားရလိမ့်မယ်"

"မင်း ... မင်း"

"ခင်ဗျား အချိန်မရွေး လိုက်လာနိုင်ပါတယ်ဗျာ၊ အရှေ့ကျွန်းကိုရောက်ရင် ခင်ဗျား မြေးချီရမှာ သေချာပါတယ်"

"တိရစ္ဆာန်ကောင်"

တင်းလီ ဒေါသတကြီး အော်ဟစ်လိုက်လေသည်။

မည်သို့ဆိုစေ ... ကြေးပလွေကိုယ်ရံတော်အား တိုက်ခိုက်ဖို့ မဆိုထားနှင့် ... ကိုယ့်ကိုယ်ကိုယ်ပင် မဟာန်နိုင်ပေ။

'ဟား .. ဟား .. ဟား'

ကြေးပလွေကိုယ်ရံတော်က ဟားတိုက်ရယ်မောလိုက်လေသည်။ တင်းတင်းရှိရာသို့ ချဉ်းကပ်သွားပြီး စိုက်ကြည့်လိုက်၏။

"မဆိုးဘူး ... မိန်းမချောလေးပဲ"

ဟု ရေရွတ်လိုက်သည်။ တစ်ဖန် တင်းလီဘက်သို့လှည့်ကာ

"တင်းလီ ... ခင်ဗျားကို ကျုပ် ယောက္ခမတော်လိုက်တော့မယ်ဗျာ"

ဟု အော်ပြောလိုက်သည်။ တင်းတင်းအား ပွေ့ချီဖို့ဟန်ပြင်လိုက်မိလေသည်။ ထိုစဉ် ...

"ရပ်လိုက်စမ်း"



အော်ငေါက်သံ ထွက်ပေါ်လာသည်။ မှင်စာလေးက ဘုံကျောင်းပျက်အတွင်းမှ ခုန်ထွက်လာလေသည်။

✱

ကြေးပလွေကိုယ်ရံတော် မျက်မှောင်ကုတ်သွားလေသည်။ မှင်စာလေးအား မျက်မှောင်ကုတ်ကာကြည့်ရင်း ...

"ခင်ဗျားက ဘယ်သူလဲ"

ဟု မေးလေသည်။ မှင်စာလေးက ...

"မင်းက မှင်စာလေးဆိုတဲ့ ငါ့ကိုတောင်မသိဘဲ သိုင်းလောကမှာ လူတွင်ကျယ်လုပ်ချင်တာ အံ့ဩစရာပါပဲကွာ"

ဟု ပြောလေသည်။

ကြေးပလွေကိုယ်ရံတော် အံ့ဩသွားလေသည်။

"ခင်ဗျားဟာ မှင်စာလေး ... ဟုတ်လား"

"ဘာလဲ ... မင်းကို ငါက လိမ်ပြောရမှာလား"

ကြေးပလွေကိုယ်ရံတော်သည် မှင်စာလေး၏အမည်ကို ကြားဖူးထားလေသည်။ ထို့ကြောင့် မပေါ့ဆဝံ့ဘဲ ....

"ခင်ဗျားဟာ သိုင်းလောက,က ပျောက်ကွယ်နေတာကြာပြီ၊ အခု ဘယ်ကဘယ်လို ထွက်ပေါ်လာတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်လေသည်။ မှင်စာလေးက ...

"ငါက ပလွေရှင်ကို ဆုံးမဖို့ ထွက်လာတာပေါ့"

တမင်အရွဲ့တိုက်ကာ ပြောလိုက်ခြင်း ဖြစ်သည်။ ကြေးပလွေကိုယ်ရံတော်ကား သခင်ဖြစ်သူကိုထိ၍ ဒေါပွသွားလေတော့သည်။

"မှင်စာလေး ... ခင်ဗျား ဒုက္ခရောက်ချင်ပြီထင်တယ်"

မှင်စာလေးက ...

"ဘယ်သူက ဒုက္ခရောက်မှာလဲ"

ပြောရင်း ရှေ့တိုးသွား၏။ ကြေးပလွေကိုယ်ရံတော်သည် မပေါ့ဆဝံ့သဖြင့် ခါးမှ ကြေးပလွေကို ဖြုတ်ယူလိုက်လေသည်။ ကြေးပလွေကို တစ်ချက်ဝှေ့ယမ်းလိုက်ရာ ...

'တူး'

စူးရှသောပလွေသံ ထွက်ပေါ်လာလေသည်။ မှင်စာလေးအား လက်ဦးမှုရယူမှုဖြစ်မည်ဟု သဘောထားကာ လျှပ်တစ်ပြက်ခုန်ဝင်သွားပြီး ပလွေကို ဝှေ့ယမ်းတိုက်ခိုက်လိုက်လေသည်။

မှင်စာလေးကလည်း တိုက်ခိုက်ရန် ဟန်ပြင်လိုက်ပြီးမှ ဒေါသအလျောက် ရှေ့သို့ထွက်လာခဲ့သော်လည်း သိုင်းပညာအသုံးပြု၍ မရမှန်း သတိဝင်လာကာ ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

ကြေးပလွေ အားတက်သွားသည်။

"မှင်စာလေး ... ခင်ဗျား ဘာကြောင့် နောက်ဆုတ်သွားရတာလဲ"



ဟု အော်ငေါက်ကာ ရှေ့သို့တိုးလိုက်လေသည်။ ကြေးပလွေကို ဝှေ့ယမ်းကာ မှင်စာလေးအား ရိုက်ချလိုက်၏။ မှင်စာလေး ကပျာကယာ ရှောင်လိုက်ရလေသည်။ ကြေးပလွေ အံ့သြသွားသည်။

မှင်စာလေးမှာ ထင်ရှားသောသိုင်းသမားတစ်ယောက်ဖြစ်ရကား အပြင်းအထန် ရင်ဆိုင်ရလိမ့်မည်ဟု ယူဆထားသည်။ ယခုမူ ... မှင်စာလေးသည် ထိပ်တိုက်ရင်မဆိုင်ဝံ့ဘဲ ဝရုန်းသုန်းကား ရှောင်ရှားနေသည်ကို မြင်ရလျှင် မယုံနိုင်အောင် ဖြစ်သွား၏။

မှင်စာလေးကို အနိုင်ယူနိုင်လျှင် နာမည်ကျော်သွားမည်ဟု နားလည်မိရကာ အခွင့်အရေးကို လက်လွှတ်မခံတော့ဘဲ ...

"သေဖို့သာပြင်ထား"

ဟု အော်ငေါက်ကာ တရကြမ်းတိုက်ခိုက်လိုက်ပြန်သည်။ ကြေးပလွေကိုသာမက ခြေလက်များပါ အသုံးပြုကာ တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

မှင်စာလေးမှာမူ ပြန်လည်တိုက်ခိုက်ဖို့ မဆိုထားနှင့် ရှောင်တိမ်းရန်ပင် အသေအလဲ ကြိုးစားနေရလေတော့သည်။

လူစဉ်မမီသော လူပုလေးတစ်ယောက်ဖြစ်၍လည်း သိုင်းပညာကို အသုံးမပြုနိုင်သဖြင့် ပို၍အခက်ကြုံသွားလေသည်။ ရှောင်တိမ်းနေသည့်ကြားမှ ကြေးပလွေ၏ခြေထောက်ကန်ချက် ထိသွားလေတော့သည်။

'ဝုန်း'

www.burmeseclassic.com

www.burmeseclassic.com



"အား"

မှင်စာလေးမှာ အပေါ်မြောက်တက်သွားကာ မြေပေါ် ပြုတ်ကျသွားရ၏။ မြေပေါ်တွင် အရှိန်မထိန်းနိုင်ဘဲ သုံးလေးပတ်မျှ လိမ့်သွားလေသည်။

'ဟား .. ဟား .. ဟား'

ကြေးပလွေက ဟားတိုက်ရယ်မောလိုက်သည်။

"ခင်ဗျား ဘာများတတ်နိုင်မှာမို့လဲ"

မှင်စာလေးအနီးသို့ ချဉ်းကပ်သွားပြီး ကြေးပလွေဖြင့် ရိုက်ချရန် ဟန်ပြင်လိုက်လေသည်။ ထိုစဉ် ...

"ရပ်လိုက်"

မိုးခြိမ်းသံပမာ ကျယ်လောင်သော အော်ငေါက်သံ ထွက်ပေါ်လာ၏။ လေမုန်တိုင်းတိုက်ခတ်သည့်ပမာ လူရိပ်တစ်ခု အရှိန်အဟုန်ဖြင့် ပြေးထွက်လာသည်။

ယင်ကျင်းသည် မှင်စာလေး ဒုက္ခရောက်တော့မည်ကို စိုးရိမ်ကာ ပြေးထွက်လာခဲ့ခြင်း ဖြစ်လေတော့သည်။

ကြေးပလွေ ကြောင်အမ်းအမ်းဖြစ်သွားသည်။ မမြင်တွေ့နိုင်သော ပြင်းထန်သည့်အအေးလှိုင်းများက တစ်ဟုန်ထိုး တိုးဝင်လာသည်ဟု ခံစားလိုက်ရလျှင် ချက်ချင်း သတိဝင်လာပြီး ...

'ဟိတ်'

ဗြာသံပေးကာ နောက်သို့ ခုန်ဆုတ်လိုက်လေသည်။



သို့သော် ယင်ကျင်း ပြေးဝင်လာသည့်အရှိန် လျှင်မြန်လွန်းရကား လွတ်အောင်မဆုတ်နိုင်တော့ပါချေ။ ယင်ကျင်းနှင့် ကြေးပလွေတို့ ထိပ်တိုက်ရင်ဆိုင်လိုက်ကြ၏။ ကြေးပလွေက ...

"လဲကျသွားစမ်း"

ဟု ငေါက်ကာ ကြေးပလွေဖြင့် ဆီးရိုက်ချလိုက်လေသည်။

ယင်ကျင်းက လက်ဆန့်တန်းကာ ကြေးပလွေကို ဖယ်ရှားပြီး တွန်းထုတ်ပစ်လိုက်လေသည်။ ဤတွင် ...

'ဝုန်း'

"အား"

ကြေးပလွေမှာ လူတခြား ဓားတခြားဖြစ်ကာ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

✱

တိုက်ပွဲ ပြီးဆုံးသွားပြီ ဖြစ်လေသည်။

မှင်စာလေး၏အသက်ကို ယင်ကျင်းက အချိန်မီ ကယ်တင်နိုင်လိုက်ပြီဖြစ်သည်။

"ဦး ... ဘယ်လိုနေသေးသလဲ"

ယင်ကျင်းက စိုးရိမ်တကြီး မေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မှင်စာလေး ခေါင်းခါယမ်းလိုက်သည်။

"ငါ ဘာမှမဖြစ်ပါဘူးကွာ၊ ကြေးပလွေဟာ အတော့်ကို ကြောက်စရာကောင်းတာပဲ၊ ဒါပေမဲ့ မင်းက သိုင်းတစ်ကွက်တည်းနဲ့ အနိုင်ယူခဲ့တာပဲ"

မှန်ပေသည်။

ယင်ကျင်းသည် ကြေးပလွေနှင့် ရင်ဆိုင်ခဲ့စဉ်က အန္တရာယ်ရှိ မှန်း နားလည်ထားသဖြင့် မှင်စာလေးသင်ကြားပေးထားသည့် တိုက်ခိုက်သည့်သိုင်းကွက်တစ်ကွက်ကို အသုံးပြုကာ တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

မှင်စာလေး၏တိုက်ကွက်နှင့် ယင်ကျင်း၏ခွန်အား ပေါင်းစပ်လိုက်သောအခါ ကြေးပလွေ မရှုမလှ ခံသွားရခြင်း ဖြစ်ပေတော့သည်။

မှင်စာလေးက ...

"မင်း ကြည့်လိုက်စမ်းပါဦး"

ဟု ကြေးပလွေကိုညွှန်ပြကာ ပြောလေသည်။

ယင်ကျင်း လှမ်းကြည့်လိုက်သည်။

ထိုအခါ ... ကြေးပလွေသည် ဒယီးဒယိုင်ဖြင့် ထရပ်လိုက်သည်ကို တွေ့မြင်လိုက်ရလေသည်။ ကြေးပလွေ၏ နှုတ်ခမ်းထောင့်မှလည်းကောင်း၊ နှာခေါင်းပေါက်မှလည်းကောင်း၊ နားထဲမှလည်းကောင်း သွေးများ စီးကျနေ၏။

ကြေးပလွေ ဒဏ်ရာပြင်းစွာ ရရှိသွားပြီ ဖြစ်ပါသည်။



ကြေးပလွေသည် ယင်ကျင်းအား ဒေါသတကြီး ကြည့်ရင်း...

"မင်း သတိထားနေပေတော့"

ဟု ကြိုးဝါးလိုက်သည်။ ယင်ကျင်းတို့အား ကျောခိုင်းကာ ထွက်ပြေးသွားလေသည်။

မှင်စာလေးက ...

"သူ့ကို မလွှတ်စေနဲ့"

ဟု အော်ပြောလိုက်၏။

သို့သော် ... ယင်ကျင်းက လိုက်လံတိုက်ခိုက်ခြင်း မပြုချေ။

ကြေးပလွေမှာ အမှောင်ထုထဲ ရောက်ရှိသွားကာ မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

✱ ✱ ✱

www.burmeseclassic.com

www.burmeseclassic.com



## သိုင်းသမား

ကြေးပလွေ ထွက်ပြေးသွားပြီ ဖြစ်လေသည်။ ယင်ကျင်းက သက်ပြင်းချလိုက်သည်။

"တော်ပါသေးရဲ့ … ကျွန်တော် တိုက်ခိုက်လိုက်ပေမယ့် ဒီလူ ဘာမှဖြစ်မသွားဘူး"

ဟု ပြောလေသည်။ မှင်စာလေးက …

"မင်း ထင်လို့လား"

"ဗျာ"

ယင်ကျင်းသည် မှင်စာလေးကို နားမလည်နိုင်စွာ ကြည့်လိုက်ပြီး …

"သူ … သူဟာ ကျွန်တော့်လက်ချက်ကြောင့် ဒုက္ခရောက်သွားဦးမယ် … ဟုတ်လား"

ဟု ထစ်ထစ်ငေါ့ငေါ့ ပြောလေသည်။

သူက ရေဘီလူးနှင့် ဌေ့ဝမ်းဆိုသူတို့၏မျက်နှာများကို မြင်ယောင်လာလေသည်။ သူက တိုက်ခိုက်မိသဖြင့် ထိုလူများ မရှုမလှဖြစ်သွားကြရသည် မဟုတ်ပါလား။



ယခုလည်း သူ၏လက်ချက်ကြောင့် ကြေးပလွေ ဒုက္ခရောက်သွားမည်ကို သူ မလိုလားပါချေ။

မှင်စာလေး သက်ပြင်းချလိုက်လေ သည်။

ကြေးပလွေသည် ဒဏ်ရာပြင်းစွာရသွားပြီး သက်ဆိုးရှည်တော့မည်မဟုတ်ဟု နားလည်မိသော်လည်း ယင်ကျင်းစိတ်မကောင်းဖြစ်သွားမည်ကို ရိပ်မိသဖြင့် စကားလွှဲလိုက်လေတော့သည်။

"ငါပြောတာက မင်း ခု ဆုံးမလိုက်ပေမယ့် ကြေးပလွေနောင်တရမှာမဟုတ်ဘဲ ဆက်ပြီးဆိုးမိုက်နေဦးမှာပဲလို့ ပြောတာပါ"

ထိုအခါမှ ယင်ကျင်း စိတ်သက်သာရာရသွားလေတော့သည်။ ထိုစဉ် …

"အင်း … အင်း"

တင်းလီထံမှ မသဲမကွဲညည်းတွားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ ယင်ကျင်းနှင့်မှင်စာလေးတို့ ကပျာကယာ ချဉ်းကပ်သွားပြီး ဖေးမလိုက်ကြ၏။ တင်းလီသည် သေအံ့မူးမူး ဖြစ်နေချေပြီ။

"ကျုပ် … ကျုပ်ရဲ့တစ်ချိန်က မိုက်ပြစ်တွေကြောင့် ခုလိုဖြစ်ရတာကို ကျုပ် ဝမ်းမနည်းပါဘူး၊ အပြစ်မရှိတဲ့ သမီးလေးတင်းတင်း ဒုက္ခရောက်မှာကိုပဲ စိုးရိမ်မိပါတယ်၊ ကျုပ်ရဲ့သမီးလေးကို ကူညီစောင့်ရှောက်ကြပါဗျာ"

ဟု အားယူကာ တောင်းပန်လေသည်။ ထို့နောက် ခေါင်းငိုက်စိုက်ကျကာ သေဆုံးသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပါပဲ"

ယင်ကျင်း လွှတ်ခနဲ ရေရွတ်လိုက်လေသည်။ မှင်စာလေးက

"မင်းမြင်တဲ့အတိုင်းပဲ ... သိုင်းသမားဆိုးတွေကြောင့် လူတွေ ဘယ်လောက်များ ဒုက္ခရောက်ရသလဲ၊ တကယ်လို့ ငါထွက်မလာရင် မင်း ထွက်လာမှာမဟုတ်ဘူး၊ ဒါဆိုရင် ကြေးပလွေကို ဘယ်သူက နှိမ်နင်းမလဲ၊ ဟိုမိန်းကလေးရော ဘာဖြစ်သွားမလဲ"

သွေးကြောပိတ်ခံရကာ မလှုပ်မယှက်ဖြစ်နေသည့် တင်းတင်းကိုညွှန်ပြကာ ပြောလေသည်။ သူက တင်းတင်းအနီးသို့ ချဉ်းကပ်သွားပြီး သွေးကြောဖွင့်ပေးလိုက်၏။

"အင့်"

တင်းတင်း သတိရလာလေသည်။ သူမသည် မှင်စာလေးနှင့် ယင်ကျင်းတို့ကိုမြင်လျှင် အထိတ်တလန့် ဖြစ်သွားလေသည်။

"ရှင် ... ရှင်တို့ မကောင်းဆိုးဝါးတွေ"

ဟု ရူးရူးဝါးဝါး အော်လိုက်လေသည်။

ယင်ကျင်း၏ခန္ဓာကိုယ်မှ စိမ်းဖန့်ဖန့်အလင်းရောင်များ ထွက်ပေါ်နေသလို မှင်စာလေးမှာလည်း လရောင်အောက်တွင် ကြောက်မက်ဖွယ်အသွင်ဖြင့် ရှိနေ သည်။ အကြောင်းမသိသော တင်းတင်းမှာ ကြောက်ရွံ့ထိတ်လန့်သွားခြင်း ဖြစ်ပေတော့သည်။

ယင်ကျင်း ကပျာကယာ လက်ကာပြလိုက်လေသည်။

"ညီမ ... မကြောက်ပါနဲ့၊ ကျုပ်တို့က လူကောင်းတွေပါ၊



ညီမကို ဒုက္ခပေးမယ့်လူတွေ မဟုတ်ပါဘူး"

မှင်စာလေးက ...

"ဟုတ်ပါတယ် မိန်းကလေး ... ကျုပ်တို့ကို မကြောက်ပါနဲ့၊ ကျုပ်တို့ဟာ ကြေးပလွေကို မောင်းထုတ်လိုက်ပါပြီ"

"ရှင်"

တင်းတင်း မယုံနိုင်အောင် ဖြစ်သွားလေသည်။ ယင်ကျင်းနှင့် မှင်စာလေးတို့အား စိုးရွံ့စွာကြည့်ရင်း ...

"ရှင် ... ရှင်တို့က ဘယ်သူတွေလဲ"

ဟု မေးလိုက်သည်။ မှင်စာလေးက ...

"ကျုပ်က မှင်စာလေးပါ၊ ကျုပ်နာမည်ကိုပြောလိုက်ရင် သိုင်းလောကတစ်ခုလုံး သိကြပါတယ်၊ သူကတော့ ..."

ယင်ကျင်းက ...

"ကျုပ်နာမည် ယင်ကျင်းပါ"

ဟု ဝင်ပြောလေသည်။

တင်းတင်းနှင့်ပတ်သက်ပြီး ယင်ကျင်း လှုပ်လှုပ်ရှားရှားဖြစ်နေသည်ကို မှင်စာလေး ရိပ်မိလိုက်လေသည်။ တင်းတင်းကိုကြည့်နေသော ယင်ကျင်း၏မျက်လုံးများ၌ ထူးခြားသောအရိပ်အယောင်များရှိနေကြောင်းလည်း ရိပ်မိလိုက်သည်။

တင်းတင်းက ...

"ရှင်တို့ဟာ သိုင်းလောကသားတွေလား"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးပြန်သည်။

တင်းလီသည် အနက်ရောင်သိုင်းသမား တစ်ယောက်ဖြစ်ခဲ့၍ အဖြူရောင်သိုင်းသမားများနှင့် ရန်သူဖြစ်ခဲ့သည်။

ယင်ကျင်းတို့ အဖြူရောင်သိုင်းသမားများ ဖြစ်နေလျှင် သူမအား ရန်မူမည်ကို စိုးရိမ်သည့်သဘောရှိလေသည်။

ယင်ကျင်းက ဘာမျှမပြောဘဲနေလိုက်၏။ သူ့ကိုယ်သူ သိုင်းသမားတစ်ယောက်ဟု မယူဆဝံ့သည့်သဘောပင်။

မှင်စာလေးကမူ ...

"သိပ်မှန်တာပေါ့ မိန်းကလေးရယ် ... ကျုပ်တို့ဟာ သိုင်းသမားစစ်စစ်တွေပေါ့။ သူ့ရဲ့ခန္ဓာကိုယ်မှာ စိမ်းဖန့်ဖန့်အလင်းရောင်တွေ ထွက်ပေါ်နေတာတွေ့တယ် မဟုတ်လား"

ယင်ကျင်းကို ညွှန်ပြကာ ပြောသည်။ တင်းတင်းက ...

"ဟုတ်ကဲ့ရှင့်"

မှင်စာလေးက ...

"အဲဒါ သူဟာ မီးအိမ်သိုင်းပညာကို လေ့ကျင့်ထားလို့ပေါ့"

"ရှင်"

"ဗျာ"

တင်းတင်းရော ယင်ကျင်းပါ ကြောင်အမ်းအမ်းဖြစ်သွား၏။

ယင်ကျင်း အကင်းမပါးသဖြင့် မှင်စာလေး မကျေမနပ်ဖြစ်သွား၏။ ငြိမ်ငြိမ်နေရန် မျက်လုံးမှိတ်ပြရင်း ...



"သူ့နာမည် ယင်ကျင်း ... ဖန်မီးအိမ်ရှင် သိုင်းလုလင်ဆိုတာ သူပေါ့"

ဟု ဆက်ပြောလိုက်လေသည်။

တင်းတင်းသည် မှင်စာလေး၏စကားကို ယုံကြည်သွားသည်။ ယင်ကျင်းတို့သည် ထူးဆန်းသောသိုင်းပညာလေ့ကျင့်ထားသူများဖြစ်သည်ဟု ယူဆသွားပြီး လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်၏။

"ကြေးပလွေကို မောင်းထုတ်လိုက်ပြီး ကျွန်မတို့သားအဖကို ကူညီခဲ့တဲ့ကျေးဇူးကို မမေ့ပါဘူးရှင်"

ဟု ပြောလေသည်။

ယင်ကျင်းမှာ မျက်နှာမထားတတ်အောင်ဖြစ်ကာ နောက်ဆုတ်လိုက်၏။ သူမ၏ခန္ဓာကိုယ်နှင့် ကွယ်နေပြီး ရုတ်တရက်မမြင်ရသော တင်းလီအား ယခုအခါ တင်းတင်းက အတိုင်းသား တွေ့သွားရလေသည်။ သူမမျက်နှာပျက်သွားပြီး ...

"ဖေဖေ"

ဟု စူးစူးဝါးဝါး ခေါ်ဟစ်ကာ တစ်ဟုန်ထိုးပြေးသွားလိုက်လေတော့သည်။ တင်းလီကား သမီးဖြစ်သူကို ကျောခိုင်းစွန့်ခွာသွားပြီ ဖြစ်လေသည်။

✳

www.burmeseclassic.com

www.burmeseclassic.com



နေဝန်းနီမှာ အရှေ့ဘက်မှ ထွက်ပေါ်လာပြီဖြစ်ပါသည်။ ကျေးငှက်ကလေးများသည် နံနက်ခင်းတေးကို သီဆိုနေကြ၏။ ဝန်းကျင်တစ်ခုလုံး သာယာလှပနေ၏။

ယင်ကျင်းနှင့်မှင်စာလေးတို့သည် ဘုံကျောင်းပျက်လေးအား ကျောခိုင်းကာ ထွက်လာခဲ့ကြပြီဖြစ်လေသည်။ ဝန်းကျင်သာယာနေသော်လည်း ယင်ကျင်း၏ စိတ်ထဲ၌ကား မသာမယာဖြစ်နေပါသည်။

တင်းတင်းနှင့် လမ်းခွဲခဲ့ရပြီ မဟုတ်ပါလား။

တင်းလီ၏အလောင်းကို ဘုံကျောင်းပျက်နှင့် မလှမ်းမကမ်း တစ်နေရာ၌ပင် သဂြိုဟ်လိုက်လေသည်။

တင်းတင်းသည် ဖခင်မရှိတော့သဖြင့် ဆွေမျိုးများရှိရာ ဇာတိကျေးရွာသို့ပြန်သွားရန် ဆုံးဖြတ်ကာ ယင်ကျင်းတို့နှင့် လမ်းခွဲလိုက်ခြင်း ဖြစ်လေသည်။

ယင်ကျင်းနှင့် မှင်စာလေးတို့က ထိုက်ယန်မြို့သို့ ခရီးဆက်လာခဲ့ကြလေသည်။ ယင်ကျင်း တစ်လမ်းလုံး ငေးငိုင်နေသည်ကို တွေ့ရလျှင် မှင်စာလေးက ...

"ဘာလဲ ... မင်းက တင်းတင်းနောက်ကို လိုက်သွားချင်လို့လား"

ဟု မေးလေသည်။



ယင်ကျင်း ရှက်ကိုးရှက်ကန်းဖြစ်သွားသည်။

"ဟာ ... ဦးကလည်း"

မှင်စာလေးက ...

"ငါ့ကို လိမ်ဖို့ မကြိုးစားပါနဲ့ကွာ၊ မင်းက သူ့ကိုတွေ့ချင်သေးတယ်ဆိုရင် သိုင်းပညာကို ထပ်ပြီးကြိုးစားမှဖြစ်မယ်"

"ဗျာ ... ဘာဆိုင်လို့လဲဗျ"

ယင်ကျင်း ကြောင်အမ်းအမ်းဖြင့် မေးလေသည်။ မှင်စာလေးက ...

"ဘာဖြစ်ရမလဲ ... မင်းရဲ့သိုင်းပညာ တော်နေမှ ရန်သူတွေကို အနိုင်ယူနိုင်မယ်၊ တင်းတင်းကို ကယ်တင်နိုင်မယ်လေ"

ယင်ကျင်းက ...

"ဟာ ... မဟုတ်တာ၊ တင်းတင်းက အိမ်ပြန်သွားပြီပဲ မဟုတ်လား"

မှင်စာလေး မဲ့ပြုံးပြုံးလိုက်သည်။

"မင်း တော်တော်ဉာဏ်နည်းပါလား ... တင်းတင်းဟာ သူ့အဖေ သေဆုံးသွားရတာကို ကျေနပ်မယ် ထင်သလား"

"ဒါ ... ဒါဆို"

"သူက အရှေ့ကျွန်းသခင် ပလွေရှင်ကို သုတ်သင်ပစ်ဖို့ ကြိုးစားမှာပဲ၊ သူ့ရဲ့သိုင်းပညာအဆင့်နဲ့ ပလွေရှင်ရဲ့အရိပ်ကိုတောင်မှ အနိုင်ရမှာမဟုတ်ဘူး၊ မင်း သိုင်းပညာတော်နေမှ သူ့ကို ကယ်တင်

www.burmeseclassic.com

www.burmeseclassic.com



နိုင်လိမ့်မယ်”

ယင်ကျင်း စိုးရိမ်ပူပန်လာလေတော့သည်။

“ကျွန်တော်က ပလွေရှင်နဲ့ ရင်ဆိုင်ရလိမ့်မယ်လို့ ဦးဆိုလိုတာလား”

ဟု မေးလိုက်လေသည်။ မှင်စာလေးက ...

“သိပ်မှန်တာပေါ့ကွာ”

“ဟာ ... မဖြစ်နိုင်တာ”

“ဘာကြောင့် မဖြစ်နိုင်ရမှာလဲ၊ တင်းတင်း ဒုက္ခရောက်သွားမှာကို မင်းက လက်ပိုက်ကြည့်နေနိုင်တယ်ဆိုရင်တော့ တစ်မျိုးပေါ့”

ယင်ကျင်း ခေါင်းကုတ်လိုက်သည်။

“ပလွေရှင်ဟာ ထိပ်သီးလူဆိုးကြီးတစ်ယောက် မဟုတ်လား၊ သူ့ကို ကျွန်တော် ဘယ်လိုလုပ်ပြီး ရင်ဆိုင်နိုင်မှာလဲဗျာ”

မှင်စာလေးက ...

“ခက်ပါလား ... စစ်မရောက်ခင် ဘာကြောင့် မြားကုန်နေရတာလဲ၊ မင်းသာ ဆက်ပြီးလေ့ကျင့်လိုက်မယ်ဆိုရင် ပလွေရှင်မပြောနဲ့ ... ပလွေရှင်ရဲ့ဆရာကိုတောင် အနိုင်ရနိုင်သေးတယ်”

ယင်ကျင်းက ...

“ဒါ ... ဒါ တကယ်ပဲလား”

“တကယ်ပေါ့ ... ငါက မင်းကို လိမ်ပြောရမှာလား”

ယင်ကျင်း သက်ပြင်းချလိုက်လေသည်။



“ကောင်းပါပြီခင်ဗျာ ... ကျွန်တော် သင်ပါ့မယ်”

မှင်စာလေးက ယင်ကျင်းကိုကြည့်ကာ ပြုံးလေသည်။

ယင်ကျင်း သိုင်းပညာသင်လိုသည်မှာ တင်းတင်းကြောင့်ဖြစ်ကြောင်း နား လည်ထားသည် မဟုတ်ပါလား။

ယင်ကျင်း မလုံမလဲဖြစ်လာသည်။

“ဦး ဘာပြုံးနေတာလဲ”

မှင်စာလေးက ...

“သဘောကျလို့ပေါ့ကွာ ... သိုင်းပညာတတ်ရင် အများအကျိုး၊ သိုင်းလောကအကျိုး သယ်ပိုးဆောင်ရွက်မယ်လို့ မပြောလည်းရပါတယ်၊ ဒုက္ခရောက်နေသူတွေကို ကူညီမယ်လို့လည်း ပြောစရာမလိုပါဘူးကွာ”

ယင်ကျင်းက သဘောပေါက်သွားလေသည်။

“ဟာ ... ဦးကလည်း”

ရှက်ကိုးရှက်ကန်းဖြင့် ပြောလိုက်ပြန်လေသည်။

မှင်စာလေးက ...

“ကဲ ... တို့ ထိုက်ယန်မြို့ကိုသွားရင်း လမ်းမှာ သိုင်းပညာရပ်တွေအကြောင်းပါ ပြောပြမယ် ... မင်း မှတ်သားထားပေါ့”

“ကောင်းပါပြီ ခင်ဗျာ”

နှစ်ယောက်သား စကားတပြောပြောဖြင့် ရှေ့ခရီးဆက်သွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်ကျင်းမှာ မှင်စာလေးနှင့် တွေ့ဆုံသဖြင့် သာမန် မြင်းလှည်းသမားလေးဘဝမှ သိုင်းသမားဘဝသို့ တဖြည်းဖြည်း ကူးပြောင်းသွားလေတော့သည်။

✱ ✱ ✱



## ခြေရာကောက်သူ

ကျိုတောင်း ....။

ကျိုတောင်း၏မျက်နှာတွင် သွေးရှဲရှဲစိုနေသည်။ သွေးများ၊ နှပ်ရည်များ၊ မျက်ရည်များ ရောထွေးနေခြင်းလည်း ဖြစ်လေသည်။

ယခင်က လူလိမ်လူကောက်တစ်ယောက် ဖြစ်ခဲ့သော်လည်း ယခုတော့ ရောဂါဝေဒနာ ခံစားနေရသူများအား ဆေးဝါးကုသပေးနေသည့် သမားတော်တစ်ယောက် ဖြစ်နေခဲ့ပြီတည်း။

သူက လူအများကို ဆေးကုပေးသော်လည်း ယခုအချိန်တွင် သူ့အား ဆေးကုပေးမည့်သူတစ်ယောက်တော့ လိုနေပြီဖြစ်သည်။

အကြောင်းကား ...

လူတစ်ယောက်က သူ့ထံသို့ ရောက်ရှိလာပြီး နှိပ်စက်နေခြင်းကြောင့်ဖြစ်လေသည်။

ကျိုတောင်းအား နှိပ်စက်နေသူမှာ အသက်ခြွေ သခင်မ 'ရှောင်ရဲ' ဖြစ်လေသည်။

ရှောင်ရဲသည် ဝါးတောနန်းတော်မှ ထွက်ကာ သိုင်းလောက ထဲသို့ ရောက်ရှိလာပြီဖြစ်ပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သူမသည် သိုင်းလောကသို့ ခြေချမိသည်နှင့် ယင်ကျင်းအား လိုက်လံရှာဖွေခဲ့လေသည်။ ယင်ကျင်းနှင့်ပတ်သက်၍ ခြေရာကောက်ခဲ့ရာမှ ကျိုတောင်းကို ခြေရာခံမိခြင်းဖြစ်သည်။

ကျိုတောင်းထံသို့ ရောက်လာပြီး နှိပ်စက်ကလူပြုမှုကာ ယင်ကျင်းနှင့်မှင်စာလေးတို့၏သတင်းကို စုံစမ်းနေခြင်း ဖြစ်လေသည်။

ကျိုတောင်းသည် ရှောင်ရဲမှာ ကြောက်စရာကောင်းသူဖြစ်ကြောင်း မရိပ်မိခဲ့ပါ။ ထို့ကြောင့် ... သူမ လာရောက်မေးမြန်းချိန်၌ ရှုပ်သည်ဆိုကာ မောင်းထုတ်ခဲ့လေသည်။

ဤတွင် ရှောင်ရဲက စကားမပြောတော့ဘဲ နှိပ်စက်ခဲ့လေတော့သည်။

ကျိုတောင်းသည် ရှောင်ရဲအား အကြောက်ကြီး ကြောက်ရွံ့သွားလေတော့သည်။ ကြမ်းပြင်ပေါ် ဒူးထောက်ကာ ရှိခိုးတောင်းပန်ရလေတော့သည်။

"ကျုပ် ... ကျုပ်ကို ချမ်းသာပေးပါဗျာ၊ ခင်ဗျားသိချင်တာတွေကို ကျုပ်ပြောပြပါ့မယ်"

ရှောင်ရဲ မဲ့ပြုံးပြုံးလိုက်သည်။

"ဒီလိုမှပေါ့၊ ကဲ ... ပြောစမ်း"

ကျိုတောင်းသည် မှင်စာလေးနှင့် ယင်ကျင်းတို့ ရောက်ရှိလာပြီး လက်ဗလာသမားတော်အား စုံစမ်းသည့်အကြောင်း၊ သူက ထိုက်ယန်မြို့မှ ဓာရဝမ်းလုံထံ လမ်းညွှန်လိုက်သည့်အကြောင်းများ



ပြောပြလိုက်လေသည်။ ရှောင်ရဲက ...

"ဒါ အမှန်ပဲနော်"

"မှန်ပါတယ်ဗျာ ... ကျုပ် မလိမ်ဝံ့ပါဘူး"

"ကောင်းပြီ ... လိမ်ပြောတာဆိုရင် သေဖို့ပြင်ထား"

ဟု ငေါက်ကာ ရှောင်ရဲက အိမ်ထဲမှ လှည့်ထွက်သွားလေသည်။

ကျိုတောင်း ယခုမှ အသက်ရှူနိုင်သည်၊ အိမ်တံခါးကို ကျောမှီကာ အသက်ပြင်းပြင်းရှူရှိုက်ရင်း ...

"မဖြစ်ဘူး ... ငါ ဒီမှာဆက်နေလို့ မဖြစ်ဘူး၊ သူ့ဘာသာသွားရှာပြီး မတွေ့လို့ ငါ့ဆီကိုပြန်ရောက်လာရင် ခက်မယ်"

သူက အဝေးသို့ထွက်သွားရန် ဆုံးဖြတ်လိုက်လေသည်။

ထိုအချိန်တွင် ရှောင်ရဲ အိမ်အပြင်ဘက်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။

ရှောင်ရဲက ချက်ချင်းထွက်မသွားသေးဘဲ နောက်ပြန်လှည့်ကြည့်ကာ ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်သည်။ ထို့နောက် လက်ဝါးတစ်ဖက်ကို အိမ်တံခါးဆီသို့ အသာအယာ တွန်းထုတ်လိုက်လေသည်။

တံခါးကို ကျောမှီထားသော ကျိုတောင်းမှာ ကျောပြင်၌ ပူခနဲဖြစ်သွားသည်ဟု ခံစားလိုက်ရသည်၊ ရင်ထဲ၌ မခံမရပ်နိုင်အောင် ပြင်းပြနာကျင်သော ဝေဒနာများ ဖြစ်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျိုတောင်း ထိတ်လန့်သွားကာ အသံကုန်အော်ဟစ်ရန် ဟန်ပြင်လိုက်သော်လည်း အသံထွက်မလာပါချေ။

သူ၏ပါးစပ်ထဲမှ သွေးများသာ ပွက်ခနဲထွက်လာပြီး ...

'ဝုန်း'

ကြမ်းပြင်ပေါ် လဲကျသွားလေသည်။

အကယ်၍ ကျိုတောင်း၏အင်္ကျီကို လှန်လှောကြည့်မည်ဆိုပါက ရင်ဝ၌ လက်ဝါးရာတစ်ခု အထင်းသားပေါ်လွင်နေသည်ကို တွေ့ရမည်ဖြစ်လေသည်။

ကျိုတောင်းလဲကျသွားသော အသံကိုကြားရမှ ရှောင်ရဲကသဘောကျစွာပြုံးလိုက်ပြီး ခပ်သွက်သွက် လှမ်းထွက်သွားလေတော့သည်။

✱

ထိုက်ယန်မြို့ ...။

ထိုက်ယန်မြို့သည် စည်ကားသိုက်မြိုက်လှသော မြို့ကြီးတစ်မြို့ဖြစ်သလို ငွေချိတ်လောင်းကစားဂေဟာသည်လည်း အလွန်ထင်ရှားကျော်ကြားသော ဂေဟာတစ်ခုဖြစ်လေသည်။

စောရဝမ်းလုံသည် လက်ထဲငွေရှင်သည်နှင့် ငွေချိတ်လောင်း



ကစားဂေဟာသို့ ရောက်ရှိလာလေသည်။

မကြာသေးမီက နန်းတွင်းမှ ခိုးယူရရှိခဲ့သော ဆေးမြစ်တစ်ခုအား သူက လက်ဗလာသမားတော်ထံ၌ ရောင်းချနိုင်ခဲ့သည် မဟုတ်ပါလား။

အခြားသမားတော်များက ငွေတစ်ထောင်ပင် မပေးသော ထိုဆေးမြစ်အား လက်ဗလာသမားတော်က တစ်သိန်းတိတိပေးခဲ့လေသည်။

ထို့ကြောင့်လည်း ...

စောရဝမ်းလုံမှာ ငွေချိတ်လောင်းကစားဝိုင်းသို့ နေ့စဉ်မပျက်မကွက် ရောက်လာနေခြင်း ဖြစ်ပါတော့သည်။

လက်ထဲ၌ ငွေအလုံအလောက်ရှိနေသည့်အပြင် လောင်းကစားရာ၌လည်း ငွေအများအပြား ထပ်မံအနိုင်ရခဲ့လေသည်။

လောင်းကစားဝါသနာထုံသော ဝမ်းလုံက ယနေ့တွင် ကြေးအကြီးဆုံး ကစားနည်းတစ်ခုကစားရန် စိတ်ကူးထားလေသည်။

ဝမ်းလုံသည် ငွေချိတ်လောင်းကစားဝိုင်းဆီသို့ ဦးတည်လာရင်း လမ်းကြားလေးတစ်ခုကို ဖြတ်လိုက်သောအခါ ရုတ်တရက် ယမ်းပိတ်ရပ်ထားသော အမျိုးသမီးတစ်ယောက်အား တွေ့မြင်လိုက်ရလေသည်။

ဝမ်းလုံ ခြေလှမ်းရပ်သွားသည်။

အန္တရာယ်၏အငွေ့အသက်တစ်ခုကိုလည်း ရှိုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းပိတ်ထားသော အမျိုးသမီးအား အကဲခတ်ကြည့်လိုက်စဉ် ...

"မင်းက ဝမ်းလုံလား"

ဟူသော မေးမြန်းသံ ထွက်ပေါ်လာလေသည်။

ဝမ်းလုံ အံ့သြသွားသည်။

"ခင်ဗျားက ကျုပ်ကို သိနေတာကိုး"

"ဟုတ်ပြီ ... မင်းက ဝမ်းလုံဆိုရင် ငါမေးတာကို ဖြေပါ ... လက်ဗလာသမားတော် ..."

သူ၏စကားမဆုံးမီ ဝမ်းလုံက လက်ကာပြကာ ကြားဖြတ်ပြောလိုက်လေသည်။

"နေဦး ... ကျုပ်အရင်ပြောမယ်"

အမျိုးသမီးက ...

"ပြောပါ"

ဝမ်းလုံက ...

"ကျုပ်က လောင်းကစားသမားတစ်ယောက်ဖြစ်တယ်၊ ခင်ဗျား ဘယ်သူပဲဖြစ်ဖြစ် အရေးမကြီးဘူး၊ ကျုပ်နဲ့လောင်းကစားကြည့်ပါ၊ ကျုပ်အနိုင်ရရင် ခင်ဗျား ကျုပ်နောက်ကို လိုက်ခဲ့ရမယ်၊ ကျုပ်ရှုံးသွားရင် ခင်ဗျားကြိုက်သလို လုပ်နိုင်တယ်"

အမျိုးသမီး သဘောကျသွားသည်။

"ကောင်းပြီ ... ကျုပ် သဘောတူတယ်၊ ဘယ်လိုလောင်းကစားကြမလဲ"



ဝမ်းလုံက ရှေးဟောင်းဒင်္ဂါးတစ်ခု ထုတ်ယူလိုက်ပြီး ...

"ဒီဒင်္ဂါးလေးမှာ ခေါင်းနဲ့ပန်း နှစ်ဖက်ရှိတယ်၊ ခင်ဗျား ကြိုက်ရာယူပါ"

အမျိုးသမီးက ပန်းယူလိုက်သည်။ ဝမ်းလုံက ...

"ကဲ ... ကြည့်ထား"

ဒင်္ဂါးလေးကို အပေါ်မြှောက်ပစ်လိုက်ရာ ခြွင်းခနဲလွင့်တက်သွားပြီး အောက်ဘက်သို့ပြန်ကျလာ၏။

နှစ်ယောက်သား ကြည့်လိုက်ကြသောအခါ ပန်းဖြစ်နေသည်ကို တွေ့ရ၏။ ဝမ်းလုံ မျက်နှာပျက် သွားသည်။

"ခင်ဗျား နိုင်သွားပြီ၊ ခင်ဗျားက လက်ဗလာသမားတော် အကြောင်းကို လာမေးတာ၊ နန်းတွင်းက ကျုပ်ခိုးယူလာတဲ့ ဆေးမြစ်နဲ့ ပတ်သက်နေတယ် မဟုတ်လား၊ အဲဒီဆေးမြစ်ဟာ နှစ်တစ်ထောင်ဂျင်စင်းပဲ၊ ဒါပေမဲ့ သူဟာ ဂျင်စင်းအနီဖြစ်တယ်၊ ရိုးရိုးဂျင်စင်းတွေထက် အဆပေါင်းတစ်ရာလောက် ပိုပြီးအစွမ်းထက်တယ် ...၊

ဒါကို လက်ဗလာသမားတော်ကလွဲပြီး ဘယ်သူမှမသိကြဘူး၊ ရှားပါးလွန်းလို့ တွေ့ရဖို့တောင် လွယ်တာမဟုတ်ဘူး၊ နန်းတွင်းက ခိုးယူလာတာ ဆိုတော့ နန်းတွင်းကိုယ်ရံတော်သိုင်းသမားတွေက ကျုပ်ကို လိုက်ရှာနေကြတယ်လို့ သတင်းကြားရတယ်၊ ကဲ ... ခင်ဗျား ဘာသိချင်သေးသလဲ"

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီး ခေါင်းခါယမ်းလိုက်လေသည်။

"ကျုပ်သိချင်တာ ဒီကိစ္စမဟုတ်ဘူး"

"ဟင်"

ဝမ်းလုံ ကြောင်အမ်းအမ်းဖြစ်သွားပြီး ...

"ခင်ဗျားက ဘာကိစ္စကိုများ သိချင်လို့လဲ"

ဟု မေးလိုက်လေသည်။ အမျိုးသမီးက ...

"လက်ဗလာသမားတော်အကြောင်းကို မှင်စာလေးနဲ့ ယင်ကျင်းတို့လာပြီး စုံစမ်းကြသေးသလားဆိုတာ သိချင်လို့ပါ"

ဝမ်းလုံ မျက်မှောင်ကုတ်သွားသည်။

"ဘယ်က မှင်စာလေးလဲ ... ကျုပ် မသိပါလား"

"ဒါဖြင့် ... သူတို့ ရောက်မလာကြသေးဘူးပေါ့"

"ဘယ်သူမှလာမမေးဘူး၊ လက်ဗလာသမားတော်နဲ့ ပတ်သက်ပြီး လာမေးတာ ခင်ဗျားတစ်ယောက်ပဲ ရှိသေးတယ်"

အမျိုးသမီးက အနည်းငယ်စဉ်းစားလိုက်ပြီး ...

"လက်ဗလာသမားတော်ကရော ဘယ်မှာလဲ"

ဟု မေးလိုက်သည်။ ဝမ်းလုံက ...

"သူက သူဌေးကြီးသိန်းဖုံးရဲ့အိမ်မှာ ရောက်နေတယ်"

ယခုတစ်ကြိမ် မျက်နှာပျက်သွားရသူမှာ အမျိုးသမီး ဖြစ်လေသည်။ ထိုအမျိုးသမီးမှာ ယင်ကျင်းတို့နောက်သို့ တကောက်ကောက်လိုက်နေသည့် ရှောင်ရဲဖြစ်ပါသည်။



ရှောင်ရဲသည် မှင်စာလေးနှင့် ယင်ကျင်းတို့ ဝမ်းလုံထံသို့ မရောက်မီ ကြို၍တင်ရောက်ရှိလာခြင်း ဖြစ်သည်။

ယင်ကျင်းတို့က အရင်စောပြီး ထွက်သွားခဲ့ကြသော်လည်း မှင်စာလေးမှာ အတွင်းဒဏ်ရာရထားသဖြင့် လမ်းခရီး၌ မကြာခဏ ရပ်နားနေရခြင်းကြောင့် ခရီးမတွင်ဘဲ ကြန့်ကြာနေရခြင်း ဖြစ်လေသည်။

ရှောင်ရဲသည် သူဌေးကြီး သိန်းဖုံး၏အမည်ကို ကြားဖူးထား၏။

သူမ,သာ မဟုတ်ဘဲ သိုင်းလောကသားတိုင်း ကြားဖူးထားကြသည်။ အထူးသဖြင့် အနက်ရောင်သိုင်းသမားများက ပိုပြီးသိကြလေသည်။

သူဌေးကြီးသိန်းဖုံးသည် အနက်ရောင်သိုင်းသမားဆိုလျှင် ပြင်းပြင်းထန်ထန် နှိပ်ကွပ်လေ့ရှိသည့် အဖြူရောင်သိုင်း ထိပ်သီးကြီး တစ်ယောက် ဖြစ်ပါတော့သည်။

အနက်ရောင်သိုင်းသမားများမှာ သူဌေးကြီးသိန်းဖုံးနှင့် မဆုံမိရလေအောင် ရှောင်လေ့ရှိသည်မှာ သိုင်းလောက၏အစဉ်အလာ တစ်ခုပမာ ဖြစ်ခဲ့သည်။

တစ်ချိန်က ... သိုင်းလောက၌ ဝိညာဉ်နုတ်ဘွားဘွားနှင့် ပလွေရှင်တို့ သောင်းကျန်းမင်းမူခဲ့ကြစဉ်က အဖြူရောင်သိုင်းသမား များဘက်မှ ရှောင်လင်၊ ဝူတန်း၊ ဂူဗီ၊ ငိုမီ အစရှိသော သိုင်းထိပ်သီး

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းကြီးများက ဦးဆောင်ပါဝင်ပြီး ရင်ဆိုင်ခဲ့ကြသည်။

အဖြူနှင့်အနက် သိုင်းလောကသားများ၏ ထိပ်တိုက်ရင်ဆိုင်ပွဲတွင် သူဌေးသိန်းဖိုးသည် အညတရသိုင်းသမားလေးတစ်ယောက်ဘဝမှ တိုက်ပွဲများတွင် နာမည်ကျော်ကြားလာပြီး ဂိုဏ်းချုပ်ကြီးများ၏ လေးစားချီးကျူးခြင်းကို ခံခဲ့ရသူဖြစ်လေသည်။

ဝိညာဉ်နုတ်ဘွားဘွားကိုယ်တိုင်က သူဌေးကြီး သိန်းဖိုးအား ဝေးဝေးရှောင်ရန် မှာကြားခဲ့သည်ကို ရှောင်ရဲမမေ့ချေ။

သူမသည် အသက်ခြွေလက်ဝါးသိုင်းပညာကို တတ်မြောက်ထားသည်ဖြစ်သော်လည်း သူဌေးကြီးသိန်းဖိုးနှင့် ရင်ဆိုင်ဖို့မှု စိတ်ထဲမဆုံးဖြတ်ရဲဘဲရှိနေ၏။ ဝမ်းလုံကို စိုက်ကြည့်လိုက်ပြီး ...

"သူက သူဌေးကြီးသိန်းဖိုးဆီကို ဘာသွားလုပ်တာလဲ"

ဟု မေးလိုက်သည်။ ဝမ်းလုံ ပခုံးတွန့်လိုက်သည်။

"ဒါတော့ ကျုပ် ဘယ်သိမလဲဗျာ၊ ကျုပ်ထင်တာကတော့ ဂျင်စင်းနီကိုဝယ်ဖို့ သူဌေးကြီးသိန်းဖိုးဆီက ငွေချေးခဲ့တာဖြစ်မယ်၊ လက်ဗလာသမားတော်ရဲ့လက်ထဲမှာ ဘယ်တုန်းကများ ခြူးတစ်ပြား ရှိခဲ့ဖူးလို့လဲ"

မှန်ပေသည်။ လက်ဗလာသမားတော်သည် နာမည်နှင့်လိုက်အောင် လက်ချည်းဗလာသမားဖြစ်ရာ နာမည်ရင်းပုယို့ရှူးကို သိသူရှားပေတော့သည်။

အိမ်ပိုင်ယာပိုင်မရှိပါ။ အဖိုးတန်ပစ္စည်းတစ်ခုခု ပိုင်ဆိုင်ထား



ခြင်း မရှိပါ။ အဝတ်တစ်ထည် ကိုယ်တစ်ခုသမား ဖြစ်သည်။

ကုန်ကုန်ပြောရလျှင် ဖြိုင်ဘက်ကင်းသမားတော်တစ်ယောက် ဖြစ်သည့်တိုင် ဆေးကုသရာတွင် အသုံးပြုသည့်ပစ္စည်းကိရိယာ တစ်ခုမှ်ရှိမနေပါချေ။

ကြံ့ရာအိပ်၊ ကြုံရာစား၊ သိုင်းလောကတစ်နံတစ်လျား သွားကာ ခြေသလုံးအိမ်တိုင် နေထိုင်ခဲ့သူဖြစ်လေသည်။

ဂျင်စင်းနီအား ငွေတစ်သိန်းပေးကာ ဝယ်ယူနိုင်သည်မှာ သူဌေးကြီးသိန်းဖိုးက ငွေထုတ်ချေးခဲ့၍ဖြစ်ကြောင်း ထင်ရှားနေပါသည်။

လက်ဗလာသမားတော်ကဲ့သို့ လူစားမျိုးအား ထုတ်ချေးလိုက်သောငွေမှာ ပြန်ရစရာလမ်း မရှိပါချေ။

သို့သော် လက်ဗလာသမားတော် (ဝါ) ပုယို့ရှူးသည် မည်သူ့ထံတွင်မှ အကြွေးရှိသည်ဟု မကြားခဲ့ဖူးပေ။ သူဌေးကြီး သိန်းဖိုး၏ ငွေကိုလည်း တစ်နည်းမဟုတ်တစ်နည်းဖြင့် ပြန်ဆပ်မည်သာဖြစ်သည်။

ငွေပြန်မဆပ်နိုင်လျှင် ငွေတစ်သိန်းနှင့် ညီမျှသော အလုပ်တစ်ခုခု ပြုလုပ်ပေးမည်မှာ သေချာလှသည်။

ရှောင်ရဲသည် အတန်ကြာ တွေးတောစဉ်းစားလိုက်ပြီးမှ ...

"မင်းရှူးသွားရင် ကြိုက်သလိုလုပ်နိုင်တယ်လို့ ပြောခဲ့တယ်နော်"

ဟု ဝမ်းလုံအား မေးလိုက်သည်။ ဝမ်းလုံ ပင့်သက်ရှိုက်ကာ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ဗျာ"

ရှောင်ရဲက ...

"ကောင်းပြီ ... မင်းကို ခိုင်းစရာတစ်ခုရှိတယ်"

သူမသည် ဝမ်းလုံအနီးသို့ ချဉ်းကပ်သွားလိုက်လေသည်။

✳ ✳ ✳



## ထောင်ချောက်

စည်ကားလှသော ထိုက်ယန်မြို့သို့ ယင်ကျင်းနှင့်မှင်စာလေးတို့ ရောက်ရှိလာကြလေသည်။

သူတို့သည် ကြာကြာမစုံစမ်းလိုက်ရဘဲ ငွေချိတ်လော်င်းကစားဂေဟာအား တွေ့လိုက်ရသလို စောရဝမ်းလုံနှင့်လည်း တွေ့လိုက်ရလေသည်။

ယင်ကျင်းတို့သည် နံနက်စောစောအချိန်၌ ရောက်ရှိလာကြခြင်း ဖြစ်လေသည်။

လောင်းကစားဝိုင်းများသည် ညဘက်မှဖွင့်လှစ်သည်ဖြစ်၍ နံနက်ပိုင်း၌ လူသူကင်းမဲ့ကာ တိတ်ဆိတ်ခြောက်သွေ့နေ၏။

ထိုအချိန်တွင် ဝမ်းလုံအား လိုက်မရှာရဘဲ တွေ့ရသည်မှာ တမင်ထိုင်စောင့်နေသည်ဟုပင် ထင်ရလေတော့သည်။

ဝမ်းလုံက ...

"ကျုပ်ကိုတွေ့ချင်တာ ဘာကိစ္စလဲ ပြောပါဗျာ"

ဟု ပျူပျူငှာငှာ မေးလေသည်။ မှင်စာလေးက ...

"ကျုပ်တို့က လက်ဗလာသမားတော်ရဲ့သတင်းကို စုံစမ်း

www.burmeseclassic.com

www.burmeseclassic.com



ချင်လို့လာခဲ့ကြတာပါ၊ သူ့ကို နောက်ဆုံးတွေ့ခဲ့ရသူဟာ မင်းပဲမဟုတ်လား"

ဝမ်းလုံက ...

"လက်စသတ်တော့ သမားတော်ကြီး ပုယို့စူးကို တွေ့ချင်ကြတာကိုး၊ သူရှိနေတဲ့နေရာကို ကျုပ်သိပါတယ်၊ ကျုပ်က လောင်းကစားဝိုင်းမှာ အရှုံးများနေတာမို့ ငွေပြတ်နေတယ်၊ ငွေတစ်ထောင်လောက်ပေးရင် ကျုပ်လိုက်ပို့ပေးပါ့မယ်"

ယုတ္တိရှိရလေအောင် တမင်ငွေတောင်းလိုက်ခြင်း ဖြစ်လေသည်။

မှင်စာလေးနှင့်ယင်ကျင်းတို့ ဝမ်းသာသွားကြလေသည်။

လက်ဗလာသမားတော် (ဝါ) ပုယို့စူးနှင့် တွေ့ရပါက သူတို့၏ဝေဒနာများအား ဆေးကုသနိုင်လိမ့်မည် မဟုတ်ပါလား။

ယခုအချိန်တွင် မိမိထက် မှင်စာလေးကို ဆေးကုသပေးဖို့က ပိုပြီးအရေးကြီးသည်ဟု ယင်ကျင်း ခံယူထားလေသည်။

ထို့ကြောင့်လည်း ...

"နောင်ကြီးတောင်းတဲ့ငွေကို ပေးပါ့မယ်၊ သမားတော်ကြီးဆီကိုသာ လိုက်ပို့ပါ"

ဟု ပြောလိုက်သည်။ ဝမ်းလုံက ...

"ကောင်းပြီ ... ကျုပ်နောက် လိုက်ခဲ့ကြပါ"

ရှေ့မှလမ်းပြခေါ်ဆောင်သွားလေသည်။



မှင်စာလေးနှင့် ယင်ကျင်းတို့လည်း လိုက်ပါသွားကြလေတော့သည်။

✱

မြို့စွန်တွင် ခြံဝင်းတစ်ခုရှိနေသည်။

ထိုခြံဝင်းအတွင်း၌ ရှေးဟောင်းအဆောက်အအုံကြီးတစ်ခုရှိလေသည်။ ဝမ်းလုံက ယင်ကျင်းတို့အား ထိုအဆောက်အအုံဆီသို့ ခေါ်ဆောင်သွားခြင်း ဖြစ်လေသည်။

သူတို့ အဆောက်အအုံအတွင်း လှမ်းဝင်လိုက်မိလျှင် အမျိုးသမီးကြီးတစ်ယောက်က အသင့်စောင့်ကြိုနေသည်ကိုတွေ့ရ၏။ ရှောင်ရဲ ဖြစ်သည်။

ရှောင်ရဲသည် ဝမ်းလုံနှင့်စည်းဝါးရိုက်ကာ ယင်ကျင်းတို့အား ဖမ်းဆီးရန် ထောင်ချောက်ဆင်ထားခြင်း ဖြစ်ပေသည်။

ဝမ်းလုံသည် ရှောင်ရဲ၏အသက်ခြွေလက်ဝါးအစွမ်းကို မြင်တွေ့သွားသောအခါ ရှောင်ရဲခိုင်းသမျှ တစ်သဝေမတိမ်း လုပ်ကိုင်ပေးလေတော့သည်။ ဝမ်းလုံက ...

"မမ ... ဟောဒီမှာ ညှို့သည်တွေ ပါလာတယ်၊ သမားတော်ကြီးကို တွေ့ချင်လို့တဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဟု လှမ်းပြောလိုက်သည်။ ရှောင်ရဲက ...

"သြော် ... သမားတော်ကို တွေ့ချင်လို့ကိုး၊ လာကြပါ ... ဒီမှာ ခဏထိုင်ကြပါဦး၊ သမားတော်ကြီးက လူနာတစ်ယောက်ကို ဆေးကုပေးနေလို့ပါ၊ မကြာခင် ထွက်လာပါလိမ့်မယ်"

နေရာထိုင်ခင်းပေးကာ ဧည့်ခံလိုက်လေသည်။ ယင်ကျင်းနှင့်မှင်စာလေးတို့က ထိုင်ခုံများ၌ ခွဲထိုင်လိုက်ကြသည်။ ဝမ်းလုံက ရေနွေးကြမ်းချပေးသည်။ ထိုရေနွေးကြမ်းမှာ မေ့ဆေးခတ်ထားသော ရေနွေးကြမ်းဖြစ်သည်။ ရှောင်ရဲက ...

"ကဲ ... သောက်လိုက်ကြပါဦးရှင်"

ဟု ဧည့်ဝတ်ပြုလေသည်။ မိမိတို့အပေါ် ပျူပျူငှာငှာ ဆက်ဆံလေသောကြောင့် ယင်ကျင်းတို့ အားတုံ့အားနာဖြစ်သွားကြလေသည်။

"ကျေးဇူးပါပဲ"

ရေနွေးကြမ်းကို သောက်ချလိုက်ကြလေသည်။ ရှောင်ရဲနှင့် ဝမ်းလုံတို့က အခြေအနေကို မသိမသာ စောင့်ကြည့်နေကြလေသည်။ မကြာပါချေ။

'ဝုန်း'

မှင်စာလေးမှာ ကြမ်းပြင်ပေါ် ပြုတ်ကျသွားလေသည်။ ယင်ကျင်း ရင်ထိတ်သွားသည်။

"ဦး ဘယ်လိုဖြစ်တာလဲ"



ကပျာကယာ ဖေးမလိုက်ရာ မှင်စာလေး သတိလစ်နေသည်ကို တွေ့လိုက်ရလေသည်။

'ဟင်း .. ဟင်း .. ဟင်း'

ရှောင်ရဲက ရယ်မောလိုက်သည်။

"မင်း ခေါ်မနေနဲ့ ရတော့မှာမဟုတ်ဘူး၊ သူဟာ ရေနွေးကြမ်းထဲမှာ ခတ်ထားတဲ့မေ့ဆေးကြောင့် သတိလစ်နေပြီလေ"

"ဟင်"

ရှောင်ရဲ နားမလည်နိုင်အောင် ဖြစ်သွားပြီး ...

"ခင် ... ခင်ဗျား ဘာကြောင့် ဒီလိုလုပ်ရတာလဲ"

ဟု မေးလိုက်လေသည်။ ရှောင်ရဲက ...

"ဘာကြောင့်လဲဆိုတော့ မင်းကိုလိုချင်လို့ပေါ့"

"ဗျာ"

"မင်းက ငါ့စကားကို နားထောင်ရင် မှင်စာလေးကို ချမ်းသာပေးလိုက်မယ်"

ယင်ကျင်း မကျေမနပ်ဖြစ်သွားလေသည်။

"လက်စသတ်တော့ ခင်ဗျားက ကျုပ်တို့ကို သိနေတာကိုး"

"မင်းက ယင်ကျင်းမဟုတ်လား"

ယင်ကျင်းက ...

"ခင်ဗျားရော ဘယ်သူလဲ"

ဟု ပြန်မေးလိုက်လေသည်။ ရှောင်ရဲက ရင်ကော့လိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



"ငါဟာ ဝါးနန်းတော်က အသက်ခြွေလက် ရှောင်ရဲဆိုတာ လူတိုင်းသိကြတယ်၊ မင်းတို့ကို ဘာကြောင့်လိုချင်ရသလဲဆိုတော့ မိစ္ဆာမယ်ကွေ့ဖုံးကို သိမယ်ထင်တယ်"

"ဗျာ"

"အေး ... မိစ္ဆာမယ်ကွေ့ဖုံးဟာ ငါ့ရဲ့ညီမပဲ"

ယင်ကျင်းမှာ ချက်ချင်း ထွက်ပြေးလိုစိတ်များ ဖြစ်ပေါ်လာလေတော့သည်။ ထိုစဉ် ...

"အစ်မကြီး ... သူဟာ မေ့ဆေးစပ်ထားတဲ့ ရေနွေးကြမ်းကို သောက်ထားတာတောင် ခုထိ ဘာမှမဖြစ်သေးဘူး"

ဝမ်းလုံက ပြောလာလေသည်။ ရှောင်ရဲ မျက်မှောင်ကုတ်သွားသည်။ ယင်ကျင်းသည် မေ့ဆေးရေနွေးကြမ်းကို သောက်ထားသော်လည်း ဘာမှမဖြစ်သည်မှာ ထူးခြားနေပါတော့သည်။

"မင်းက မေ့ဆေးကိုမကြောက်ဘူး ... ဟုတ်လား၊ ကွေ့ဖုံး ပြောတော့ မင်းဟာ ရှမ်းကျုံးရဲ့အဆိပ်တောင်မမှုဘူးဆိုတော့ မေ့ဆေးကို ဘယ်မှုပါ့မလဲ၊ မင်းဟာ အာယုဒိဗ္ဗသစ်သီးကို စားသုံးထားရတာကိုး"

ယင်ကျင်း မျက်နှာပျက်သွားလေသည်။ သူ၏အကြောင်းများကို ရှောင်ရဲကသိနေပြီး ရှောင်ရဲက သူ့အား အဘယ်ကြောင့် အလိုရှိနေသည်ကို စဉ်းစားမရပါချေ။ ရှောင်ရဲက ...

"မင်းရဲ့ခန္ဓာကိုယ်ထဲက အာယုဒိဗ္ဗသစ်သီးစွမ်းအားကို ငါ



က ရအောင်ယူဖို့ ဆုံးဖြတ်ပြီးပြီ"

ယင်ကျင်းက ရှောင်ရဲကို ရင်ဆိုင်နိုင်မှ အန္တရာယ်မှ လွတ်မြောက်နိုင်မည်ဟု နားလည်လာလေသည်။ ရှောင်ရဲက ...

"မင်း ... အေးအေးဆေးဆေး အညွှံ့ခံရင် ကောင်းမယ်"

ယင်ကျင်းက ...

"ဝမ်းနည်းပါတယ်ဗျာ ... ကျုပ်တို့သွားပါရစေတော့"

စကားဆုံးလျှင် မှင်စာလေးဘက်သို့ လှည့်လိုက်လေသည်။ ရှောင်ရဲ ခံပြင်းသွားသည်။ သူမအား မည်သူကမျှ အာခံဝံ့ကြသည် မဟုတ်ပါ။ ယင်ကျင်းက သူမအား လုံးဝအမှုမထားဘဲ နေခဲ့သည်ဖြစ်၍ ...

"သေပေတော့"

ဟု ကြုံးဝါးကာ အသက်ခြွေလက်ဝါးသိုင်းကွက်ကို တိတ်တဆိတ် အသုံးပြုလိုက်လေသည်။ ယင်ကျင်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။ ရှောင်ရဲအား လှည့်ကြည့်လိုက်၏။ ထိုစဉ် ...

'အား'

ယင်ကျင်း ထွက်သွား၍မရနိုင်ရန် လမ်းပိတ်ထားသော ဝမ်းလုံ၏အော်သံ ထွက်ပေါ်လာလေသည်။ အသက်ခြွေလက်ဝါးရိုက်ချက်သည် ယင်ကျင်း၏ခန္ဓာကိုယ်ကိုဖြတ်ကျော်ကာ ဝမ်းလုံအား ထိခိုက်သွားခြင်း ဖြစ်လေသည်။

ရှောင်ရဲ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။ ယင်

www.burmeseclassic.com

www.burmeseclassic.com



ကျင်းက နားမလည်နိုင်အောင် ဖြစ်နေ၏။ မည်သို့ဆိုစေ ... အမြန်ဆုံး ထွက်သွားမှဖြစ်မည်ဟု တွေးပြီး မှင်စာလေးကို ထူကာ အဆောက်အအုံတွင်းမှ ထွက်သွားလေသည်။ ရှောင်ရဲက ...

"မင်း ပြေးလို့ရမလား"

ဟု ကြုံးဝါးကာ တရကြမ်း လိုက်လံတိုက်ခိုက်လေသည်။ ယင်ကျင်းသည် မှင်စာလေး ဒုက္ခရောက်မည်ကို ပူပန်ကာ ကြမ်းပြင်ပေါ်၌ အသာချထားလိုက်ပြီး ရှောင်ရဲနှင့် ရင်ဆိုင်လိုက်လေသည်။

ရှောင်ရဲက လက်ဝါးဖြင့် ရိုက်ချလိုက်ရာ ယင်ကျင်းကလည်း လက်ဝါးနှစ်ဖက်ဖြင့် ပြန်လည်ခုခံလိုက်သည်။ နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိသည်နှင့် ...

'ဝုန်း'

ကျယ်လောင်သောအသံထွက်ပေါ်လာပြီး ရှောင်ရဲ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရသည်။ သူမသည် ယင်ကျင်း၏အင်အားမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေကြောင်း လက်တွေ့သိရှိသွားလေသည်။

သူမ၏အသက်ခြေလက်ဝါးသိုင်းသည် ယင်ကျင်းနှင့်တွေ့လျှင် အသုံးမကျ အရာမဝင်ဖြစ်သွားရကာ ကြောက်ရွံ့ထိတ်လန့်သွားလေသည်။

"မင်း ... မင်း"

စကားထစ်ထစ်ငေါ့ငေါ့ဖြစ်ကာ ဆက်မပြောနိုင်ချေ။ ယင်



ကျင်းက ...

"ကျုပ်တို့ကို မနှောင့်ယှက်ပါနဲ့ဗျာ"

သူက ရှောင်ရဲအပေါ် မည်သို့မျှ သဘောမထားပါ။ ရှောင်ရဲ၏အကြောင်းကိုလည်း သေသေချာချာမသိပါ။ မှင်စာလေးကိုခေါ်ကာ ထွက်သွားဖို့သာ စိတ်ပြင်းပြလေတော့သည်။

ရှောင်ရဲက နောက်ဆုတ်သွားလျှင် ယင်ကျင်းသည် မှင်စာလေးကို ပွေ့ချီကာ အိမ်ထဲမှ ပြေးထွက်သွားလေတော့သည်။

✱

ယင်ကျင်း စိတ်မကောင်းဖြစ်နေ၏။

မှင်စာလေးကား လုံးဝ သတိလစ်မေ့မြောနေသည်။ အတွင်းဒဏ်ရာများ ရခဲ့သည်။ အဆိပ်မိခဲ့သည်။ ယခုတစ်ခါ မေ့ဆေးမိသွားပြန်ပြီဖြစ်သည်။ မှင်စာလေး၏အခြေအနေကား အတော်ပင် ဆိုးဝါးနေပါတော့သည်။

"ဦးရယ် ... ကျွန်တော် ဘယ်လိုလုပ်ရမလဲ၊ လက်ဗလာသမားတော်အကြောင်း ပြောပြနိုင်မယ့် စောရဝမ်းလုံကလည်း သေသွားပြီ"

ဟု ညည်းတွားလိုက်လေသည်။ ထိုစဉ် ...

www.burmeseclassic.com

www.burmeseclassic.com



'ဟူး'

လေတိုးသံများ ထွက်ပေါ်လာလေသည်။

ယင်ကျင်း ရင်ထိတ်သွားပြီး လှမ်းကြည့်လိုက်သောအခါ ရှောင်ရဲရောက်လာသည် ကို တွေ့လိုက်ရလေသည်။

"ဟင် ... ခင် ... ခင်ဗျား"

ရှောင်ရဲကား ယင်ကျင်းအား မည်သည့်နည်းနှင့်မျှ လက်လွှတ်မခံနိုင်ပါ။ အာယုဒိဗ္ဗသစ်သီးစွမ်းရည်ကြောင့် သူမ၏အသက်ခြေလက်ဝါးသိုင်းကိုပင် ခံနိုင်ရည်ရှိနေသည် မဟုတ်ပါလား။

သူမသည် ယင်ကျင်းအား ထိပ်တိုက်ရင်ဆိုင်နိုင်စွမ်းမရှိမှန်း သိလျှင် မှင်စာလေးအား ဖမ်းဆီးကာ အကျပ်ကိုင်ရန် ဆုံးဖြတ်လိုက်လေသည်။ တိတ်ဇာဆိတ်လိုက်လာပြီး ယင်ကျင်း ကြောင်အမ်းအမ်းဖြစ်နေစဉ်မှာပင် မှင်စာလေးအား လုယူလိုက်၏။

"ဒါ ဘာလုပ်တာလဲ"

ယင်ကျင်း အော်ငေါက်လိုက်သော်လည်း နောက်ကျသွားပြီဖြစ်သည်။ မှင်စာလေးသည် ရှောင်ရဲ၏လက်ထဲသို့ ပါသွားလေတော့သည်။

'ဟင်း .. ဟင်း .. ဟင်း'

ရှောင်ရဲက မခိုးမခန့် ရယ်မောလိုက်လေသည်။ မှင်စာလေး၏ငယ်ထိပ်ပေါ်သို့ လက်ဝါးဖြင့် မိုးထားလိုက်ပြီး ...

"မင်းက ငါ့စကားနားမထောင်ရင် မှင်စာလေးကို သတ်ပစ်လိုက်မယ်"



ဟု ခြိမ်းခြောက်လိုက်လေသည်။

"ခင် ... ခင်ဗျား"

"မင်း ... ဒူးထောက်လိုက်စမ်း"

ယင်ကျင်း ခံပြင်းသွားပြီး တိုက်ခိုက်ရန်ပင် ဟန်ပြင်လိုက်မိ၏။ ရှောင်ရဲက ...

"မှင်စာလေး သေသွားစေချင်တယ်ပေါ့လေ ... ကောင်းပြီ"

သူမက မှင်စာလေးအား သတ်ပစ်တော့မည့် အသွင်ဖြင့် ခြိမ်းခြောက်လိုက်လေသည်။

"မလုပ်နဲ့"

ယင်ကျင်း အထိတ်တလန့် အော်လိုက်လေသည်။ ရှောင်ရဲက ...

"မှင်စာလေး မသေစေချင်ရင် ငါခိုင်းသလိုလုပ်စမ်း"

ယင်ကျင်း ဘာမှမတတ်နိုင်တော့ဘဲ ဒူးထောက်ချလိုက်ရလေသည်။

'ဟား .. ဟား .. ဟား'

ရှောင်ရဲက ဟားတိုက်ရယ်မောလိုက်၏။ သူမသည် ယင်ကျင်းအား နိုင်ကွက်ကိုင်ကာ ချုပ်ထိန်းနိုင်လိုက်ပြီဖြစ်သည်။

ယင်ကျင်း၏ခန္ဓာကိုယ်ထဲမှ သွေးများ ဖောက်ထုတ်ကာ အာယုဒိဗ္ဗသစ်သီး၏စွမ်းအားများကို ပြန်လည်ဆေးဖော်ရယူမည်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ကြံစည်ထားၡ၏။ ယခု … ယင်ကျင်းအား ဖမ်းဆီးနိုင်လိုက်ပြီဖြစ်၍ သူမ၏အကြံ တစ်ဝက်အောင်မြင်သွားပြီ ဖြစ်လေသည်။

ယင်ကျင်း၏သွေးကို ဆေး ချက်ရန်ကား သူမ မကျွမ်းကျင်ပါ။ ကျွမ်းကျင်သူတစ်ယောက်အား အသုံးချရဦးမည်ဖြစ်သည်။

ရှောင်ရဲက မမှုပါ။

သူမတွင် အစီအစဉ်များ ရှိထားပြီးပြီ ဖြစ်လေသည်။

✱ ✱ ✱



## လက်တုံ့ပြန်သူနှင့်ဗိတ်ခေါ်သူ

သိုင်းဆရာကျမ်းချို …။

ဆရာကြီးကျမ်းချိုသည် အသက်ခုနစ်ဆယ်ရှိပြီဖြစ်သည့်တိုင် ကျန်းမာသန်စွမ်းဆဲ ဖြစ်လေသည်။ သိုင်းလောကအကျိုး၊ အများအကျိုးကို နှစ်ပေါင်းများစွာ သယ်ပိုးဆောင်ရွက်ခဲ့ပြီး ယခုအချိန်တွင် သိုင်းလောကမှ အနားယူကာ တပည့်နှစ်ယောက်နှင့်အတူ အေးအေးချမ်းချမ်း နေထိုင်လျက်ရှိလေသည်။

ဆရာကြီးကျမ်းချိုသည် လွန်ခဲ့သောနှစ်ပေါင်းသုံးဆယ်ခန့်က သိုင်းလောက၌ဖြစ်ပွားခဲ့သော အဖြူရောင်နှင့် အနက်ရောင်ဆန့်ကျင်ဘက်သိုင်းသမားတို့၏တိုက်ပွဲကြီးတွင် တစ်တပ်တစ်အားပါဝင်ခဲ့ပြီး နာမည်ကျော်ခဲ့သူလည်း ဖြစ်လေသည်။

ဆရာကြီးကျမ်းချိုသည် အရှေ့ကျွန်းမှ စစ်ကူလာသော အနက်ရောင် သိုင်းသမားများအား ဗိတ်ဆို့ဟန့်တားရာ၌ တာဝန်ယူခဲ့ရသည်။

ဆရာကြီး၏ဆောင်ရွက်မှုကြောင့် အရှေ့ကျွန်းမှ အနက်ရောင်သိုင်းသမားများ ပြည်မသိုင်းလောကသို့ ထိုးဖောက်ဝင်ရောက်

www.burmeseclassic.com

www.burmeseclassic.com



လာနိုင်ခြင်းမရှိဘဲ မရှုမလှအရေးနိမ့်ကာ ဆုတ်ခွာသွားခဲ့ကြရလေသည်။

အကယ်၍သာ အရှေ့ကျွန်းမှ အနက်ရောင်သိုင်းသမားများ ထိုးဖောက်ဝင်ရောက်လာကြမည်ဆိုပါက အခြေအနေမှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားလိမ့်မည် ဖြစ်လေသည်။

အဖြူရောင်သိုင်းသမားများ အောင်ပွဲခံနိုင်ခဲ့ခြင်းမှာ ဆရာကြီး၏ဆောင်ရွက်မှုသည်လည်း အဓိကအခန်းမှ ပါဝင်နေကြောင်း အားလုံးက ချီးကျူးခဲ့ကြလေသည်။

ဆရာကြီးကျမ်းချိုသည် အဖြူရောင်သိုင်းသမားများအတွက် သူရဲကောင်းကြီးတစ်ယောက်ဖြစ်ခဲ့ပြီး အနက်ရောင်သိုင်းသမားများအတွက်ကား မဟာရန်သူတော်ကြီး ဖြစ်ခဲ့တော့သည်။

✳

ည ...။

ကောင်းကင်ပေါ်တွင် လဝန်းထိန်ထိန်သာနေသည်။ လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး သာယာလှပနေ၏။

ကျမ်းချိုသည် ထမင်းစားခန်း၌ တပည့်နှစ်ယောက်နှင့်အတူ ညစာစားသောက်နေစဉ် ရုတ်တရက် အဝေးမှ ချိုလွင်သာယာသော



ပလွေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ကျမ်းချို အံ့သြသွားလေ သည်။

"အတော့်ကို သာယာတဲ့ပလွေသံပဲ၊ ဝါးလီနဲ့ဝါးစု ... မင်းတို့ နားထောင်ကြည့်ကြစမ်း"

ဟု ပြောလိုက်လေသည်။

တပည့်နှစ်ယောက်ဖြစ်သော ဝါးလီနှင့်ဝါးစုတို့က နားစွင့်လိုက်ကြ၏။

ပလွေသံမှာ အဝေးမှထွက်ပေါ် လာခြင်းဖြစ်သည်။ သို့သော် ... များမကြာမီအချိန်အတွင်း တစ်စထက်တစ်စ နီးကပ်လာသည်ဟု ထင်ရ၏။ ပလွေသံသည် ငြိမ့်ညောင်းသာယာသည့် တေးသွားအလိုက်မှ ခက်ထန်ကြမ်းတမ်းသော တေးသွားအလိုက်သို့ ကူးပြောင်းသွားလေသည်။

ကျမ်းချို၊ ဝါးလီနှင့် ဝါးစုတို့သည် ပလွေသံကို နားထောင်ရင်း တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြ၏။ ပလွေသံသည် ကြားရသူအပေါင်း၏ အတွင်းစိတ်ထဲ ခက်ထန်ကြမ်းတမ်းလာအောင် ဆွဲဆောင်ညှို့ငင်နေ၏။ ဒေါသများ ဖြစ်လာသည်။ ရင်ထဲ ပူလောင်လာသည်။ မနာလို မုန်းတီးမှုများ ဖြစ်ပေါ်လာသည်။

ဝါးလီနှင့်ဝါးစုတို့၏မျက်နှာမှာ တစ်စထက်တစ်စ ခက်ထန်ကြမ်းကြုတ်လာလေသည်။ ကျမ်းချိုက ...

"မင်းတို့ သတိထားကြစမ်း"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဝေါက်လိုက်သော်လည်း နောက်ကျသွားပြီ ဖြစ်လေသည်။

'ခွမ်း … ခွမ်း … ခွမ်း'

ဝါးလီနှင့်ဝါးစုတို့သည် နံရံ၌ချိတ်ထားသော ဓားရှည်များကို ပြေးဆွဲလိုက်ကြလေသည်။ ထို့နောက် …

'ယား'

ကျမ်းချိုထံသို့ ပြေးဝင်တိုက်ခိုက်လိုက်ကြ၏။ ကျမ်းချိုက

"သတိထားစမ်း … ဒါဟာ ပလွေသံနဲ့စိတ်ညို့နေတာ"

သတိပေးရင်း ဝါးစုတို့တိုက်ခိုက်မှုကို ရှောင်တိမ်းလိုက်ရ၏။ ပလွေသံ၏ညို့ယူမှုကို သူက သတိထားနေသည့်ကြားမှ ဝါးစုတို့၏ တိုက်ခိုက်မှုကို ခံလိုက်ရသောအခါ စိတ်အာရုံပျံ့လွင့်သွားသည်။ ဤတွင် ပလွေသံက သူ့အား လွှမ်းမိုးသွားတော့သည်။

ကျမ်းချိုသည် ထိပ်သီးသိုင်းသမားကြီးတစ်ယောက် ဖြစ်ပါသည်။ အတွေ့အကြုံရင့်ကျက်သူတစ်ယောက်လည်း ဖြစ်သည်။ သို့တိုင် … သိုင်းလောကမှ အနားယူထားခဲ့ပြီးဖြစ်သလို အသက်အရွယ်လည်း ကြီးရင့်လာပြီဖြစ်ရာ အမှုမဲ့အမှတ်မဲ့ ဖြစ်သွားရလေတော့သည်။

ပလွေသံ၏လွှမ်းမိုး ခြင်း ခံလိုက်ရသည့်နောက် တပည့်ဖြစ်သူများကို ရန်သူဟု မြင်သွားလေသည်။ တပည့်များသည်လည်း ဆရာကို ရန်သူဟု မြင်သွားကြသည်။ သို့ဖြင့် ပြင်းထန်သောတိုက်ပွဲ ဖြစ်ပေါ်လာလေတော့သည်။



မကြာပါချေ။

'ဝုန်း'

"အား"

"အမယ်လေး"

စူးရှကျယ်လောင်သော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။ ကျမ်းချိုရော တပည့်နှစ်ယောက်ပါ ကြမ်းပြင်ပေါ် လဲကျသွားတော့သည်။

✱

ပလွေသံ …။

စိတ်နှလုံးကို ညို့ယူဖမ်းစားနိုင်သော ပလွေသံ ဖြစ်သည်။ ပလွေသံသည် ဝမ်းသာပျော်ရွှင်မှုများ ဖြစ်ပေါ်လာရာမှ ဝမ်းနည်းကြေကွဲမှုများ ဖြစ်ပေါ်လာလေသည်။ ရက်စက်ကြမ်းကြုတ်ခြင်း၊ မုန်းတီးခြင်း၊ မနာလိုမရှုဆိတ်ခြင်း စသော မကောင်းစိတ်များကို ပို၍ဖြစ်ပေါ်လာအောင် အားပေးနိုင်စွမ်း ရှိလေသည်။

ထို့ကြောင့် လည်း … ကျမ်းချိုနှင့်တပည့်နှစ်ယောက်မှာ ရူးသွပ်သွားကြသူများအလား အချင်းချင်း ပြန်လည်တိုက်ခိုက်ကြပြီး သုံးယောက်စလုံး သေဆုံးသွားကြခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟု ဝေါက်လိုက်သော်လည်း နောက်ကျသွားပြီ ဖြစ်လေသည်။

'ခွမ်း .. ခွမ်း .. ခွမ်း'

ဝါးလီနှင့်ဝါးစုတို့သည် နံရံ၌ချိတ်ထားသော ဓားရှည်များကို ပြေးဆွဲလိုက်ကြလေသည်။ ထို့နောက် ...

'ယား'

ကျမ်းချိုထံသို့ ပြေးဝင်တိုက်ခိုက်လိုက်ကြ၏။ ကျမ်းချိုက

"သတိထားစမ်း ... ဒါဟာ ပလွေသံနဲ့စိတ်ညို့နေတာ"

သတိပေးရင်း ဝါးစုတို့တိုက်ခိုက်မှုကို ရှောင်တိမ်းလိုက်ရ၏။ ပလွေသံ၏ညို့ယူမှုကို သူက သတိထားနေသည့်ကြားမှ ဝါးစုတို့၏ တိုက်ခိုက်မှုကို ခံလိုက်ရသောအခါ စိတ်အာရုံပျံ့လွင့်သွားသည်။ ဤတွင် ပလွေသံက သူ့အား လွှမ်းမိုးသွားတော့သည်။

ကျမ်းချိုသည် ထိပ်သီးသိုင်းသမားကြီးတစ်ယောက် ဖြစ်ပါသည်။ အတွေ့အကြုံရင့်ကျက်သူတစ်ယောက်လည်း ဖြစ်သည်။ သို့တိုင် ... သိုင်းလောကမှ အနားယူထားခဲ့ပြီးဖြစ်သလို အသက်အရွယ်လည်း ကြီးရင့်လာပြီဖြစ်ရာ အမှုမဲ့အမှတ်မဲ့ ဖြစ်သွားရလေတော့သည်။

ပလွေသံ၏လွှမ်းမိုး ခြင်း ခံလိုက်ရသည့်နောက် တပည့်ဖြစ်သူများကို ရန်သူဟု မြင်သွားလေသည်။ တပည့်များသည်လည်း ဆရာကို ရန်သူဟု မြင်သွားကြသည်။ သို့ဖြင့် ပြင်းထန်သောတိုက်ပွဲ ဖြစ်ပေါ်လာလေတော့သည်။



မကြာပါချေ။

'ဝုန်း'

"အား"

"အမယ်လေး"

စူးရှကျယ်လောင်သော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။ ကျမ်းချိုရော တပည့်နှစ်ယောက်ပါ ကြမ်းပြင်ပေါ် လဲကျသွားတော့သည်။

✱

ပလွေသံ ...။

စိတ်နှလုံးကို ညို့ယူဖမ်းစားနိုင်သော ပလွေသံ ဖြစ်သည်။ ပလွေသံသည် ဝမ်းသာပျော်ရွှင်မှုများ ဖြစ်ပေါ်လာရာမှ ဝမ်းနည်းကြေကွဲမှုများ ဖြစ်ပေါ်လာလေသည်။ ရက်စက်ကြမ်းကြုတ်ခြင်း၊ မုန်းတီးခြင်း၊ မနာလိုမရှုဆိတ်ခြင်း စသော မကောင်းစိတ်များကို ပို၍ဖြစ်ပေါ်လာအောင် အားပေးနိုင်စွမ်း ရှိလေသည်။

ထို့ကြောင့် လည်း ... ကျမ်းချိုနှင့်တပည့်နှစ်ယောက်မှာ ရှုံ သွပ်သွားကြသူများအလား အချင်းချင်း ပြန်လည်တိုက်ခိုက်ကြပြီး သုံးယောက်စလုံး သေဆုံးသွားကြခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းချိုတို့အား ပလွေသံဖြင့် လုပ်ကြံလိုက်သူမှာ မည်သူဖြစ်ပါသနည်း။

✱

ပလွေရှင် ...။

ပလွေရှင်သည် လရောင်ဖြာကျနေသော ကျောက်တုံးတစ်တုံးပေါ်၌ထိုင်ကာ ပလွေမှုတ်နေခြင်း ဖြစ်လေသည်။

ပလွေရှင်သည် အသက်ခြောက်ဆယ်ကျော်ပြီ ဖြစ်သည်။ သို့သော် ... အသက်လေးဆယ်ခန့်သာ ရှိမည်ဟု ထင်ရလေသည်။

ထိုပလွေရှင်မှာ တစ်ချိန်က ဝိဉာဉ်နုတ်မယ်တော်နှင့် လက်တွဲကာ သိုင်းလောကအား ဖျက်ဆီးရန်ကြံစည်ခဲ့သော အရှေ့ကျွန်းမှ ပလွေရှင်ဖြစ်သည်။

ပလွေရှင်သည် ယခုတစ်ဖန် သိုင်းလောကသို့ ပြန်လည်ခြေချလာပြီဖြစ်လေသည်။ သိုင်းလောကတွင် ကြမ္မာဆိုးများ ကျရောက်လာတော့မည်ဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

ပလွေရှင်သည် တစ်ချိန်က အရှေ့ကျွန်းမှ အနက်ရောင်သိုင်းသမားများ ပြည်မသို့ ခြေချမလာနိုင်ရလေအောင် ဟန့်တားခဲ့သော ကျွမ်းချိုအား အပြီးထားခဲ့လေသည်။ သိုင်းလောကသို့ ပြန်လည်ခြေချ



လာသည်နှင့် အလစ်အငိုက်ဖမ်းကာ ကျွမ်းချိုအား ရှင်းလင်းပစ်လိုက်ခြင်း ဖြစ်ပါတော့သည်။

ပလွေရှင်သည် ကျောက်တုံးပေါ်၌ ထိုင်နေဆဲ။ ပလွေမှုတ်နေဆဲ။ ပလွေသံက သာယာငြိမ့်ညောင်းသော တေးသွား အဖြစ်ပြောင်းလဲသွားလေသည်။

ထိုစဉ် ... လူရိပ်တစ်ခုသည် လေနှင့်အတူလွင့်မျောလာသည့်ပမာ ပလွေရှင်ရှိနေသည့် ကျောက်တုံးကြီးရှေ့သို့ ရောက်ရှိလာလေတော့သည်။

✱

ပလွေသံပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

ပလွေရှင်သည် ကျောက်တုံးပေါ်မှ ခုန်ဆင်းလိုက်၏။ ထိုအခါ ကျောက်တုံးရှေ့သို့ ရောက်ရှိလာသူနှင့် မျက်နှာချင်းဆိုင်ပြီးသား ဖြစ်သွားလေတော့သည်။

ကျောက်တုံးရှေ့သို့ ရောက်လာသူမှာ ရှောင်ရဲဖြစ်ပါသည်။

ရှောင်ရဲသည် လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်အရိုအသေပြုလိုက်လေသည်။

"အရှေ့ကျွန်းသခင် ပလွေရှင်ကို ဝိဉာဉ်နုတ်ဘွားဘွားရဲ့

www.burmeseclassic.com

www.burmeseclassic.com



တပည့် ရှောင်ရဲ ဂါရဝပြုပါတယ်ရှင်"

ဟု ပြောလိုက်လေသည်။ ပလွေရှင်က ပြုံးလိုက်သေလည်။

"ကျုပ်ကို ဝိညာဉ်နုတ်ဘွားဘွားရဲ့တပည့်တွေက အလေးအနက်ရှိကြသေးတာ ဝမ်းသာစရာပဲ၊ ကျုပ်ရဲ့ဖိတ်စာကို ရတယ် မဟုတ်လား"

"ဟုတ်ကဲ့ ... ရပါတယ်ရှင်"

"ကျုပ်ဖိတ်ခေါ်လိုက်တာ ငါးလပိုင်း ငါးရက်နေ့ မဟုတ်လား၊ ဘာကြောင့် ကျုပ်ဆီကို ရောက်လာရတာလဲ"

ရှောင်ရဲက ...

"ပလွေရှင်ဆီမှာ အကူအညီတောင်းချင်လို့ပါ"

"ကျုပ်ဆီက အကူအညီလိုချင်တယ် ... ဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

ပလွေရှင်က ...

"ကျုပ်က သိုင်းလောကအရေးကိစ္စကိုပဲ စိတ်ဝင်စားတယ်၊ ကိုယ်ရေးကိုယ်တာကိစ္စတွေကို စိတ်မဝင်စားဘူးဆိုတာ မင်းသိအောင် ပြောပြထားရဦးမယ်"

ရှောင်ရဲ ခေါင်းညိတ်လိုက်သည်။

"ကျွန်မ အကူအညီတောင်းမယ့်ကိစ္စဟာ သိုင်းလောကနဲ့ ပတ်သက်နေပါတယ်ရှင်"

ပလွေရှင် ခေါင်းညိတ်လိုက်သည်။



"ဒါဆိုရင်တော့ ပြောပါ"

ရှောင်ရဲက ...

"ပလွေရှင်ဟာ တစ်ချိန်က မအောင်မြင်ခဲ့တဲ့ကိစ္စကို ဒုတိယအကြိမ် အကောင်အထည်ဖော်ဖို့ ကြိုးစားနေတယ်လို့ ကျွန်မ နားလည်ထားပါတယ်"

ပလွေရှင်က ဘာမှမပြောချေ။ ရှောင်ရဲက ဆက်ပြောလိုက်သည်။

"ခုတစ်ကြိမ်မှာ အနက်ရောင်သိုင်းလောကသားတွေကို အရင်ဆုံး စုစည်းခဲ့တာကိုကြည့်ရင် ပလွေရှင်ရဲ့သဘောအတိုင်းဖြစ်အောင် အနက်ရောင်သိုင်းလောကကို စည်းရုံးသိမ်းသွင်းပြီးမှ အကောင်အထည်ဖော်ဆောင်ရွက်ဖို့ ကြံစည်ထားတယ်လို့ ကျွန်မ မြင်ပါတယ်"

ပလွေရှင် မဲ့ပြုံးပြုံးလိုက်သည်။

"တစ်ချိန်က သင်ခန်းစာရခဲ့ပြီးပြီ၊ အနက်ရောင် သိုင်းလောကသားတွေဟာ အင်မတန် ခေါင်းမာကြတယ်၊ ကိုယ့်သဘောနဲ့ ကိုယ်ပဲ အဖြူရောင်သိုင်းသမားတွေကို စည်းလုံးညီညွတ်မှုမရှိလို့ အရေးအကြောင်းကြုံတဲ့အခါ ဖရိုဖရဲဖြစ်ခဲ့ရတယ်၊ ခုချိန်မှာတော့ ကျုပ်က ဒီလိုအဖြစ်မျိုးကို ဘယ်နည်းနဲ့မှ လက်ခံမှာမဟုတ်ပါဘူး၊ အဖြူရောင်သိုင်းလောကကို ဖျက်ဆီးပစ်ခံမှာ မဟုတ်ပါဘူး၊ အဖြူရောင်သိုင်းလောကကို ဖျက်ဆီးပစ်ချင်ရင် အနက်ရောင်သိုင်းလောကသားတွေ

www.burmeseclassic.com

www.burmeseclassic.com



စည်းလုံးညီညွတ်မှုရှိရမယ်၊ အားလုံးကိုဦးဆောင်နိုင်မယ့် ခေါင်းဆောင်ကောင်းတစ်ယောက်လည်း ရှိရမယ်၊ မင်း ဒါတွေကိုရော နားလည်သဘောပေါက်ရဲ့လား"

ရှောင်ရဲ ခေါင်းညိတ်လိုက်သည်။

"ကျွန်မ သဘောပေါက်ပါတယ်ရှင်"

ပလွေရှင်က ...

"ကောင်းပြီ ... မင်းရဲ့သိုင်းလောကနဲ့ ပတ်သက်နေတယ်ဆိုတဲ့ကိစ္စကို ပြောပါ"

ရှောင်ရဲက တည်ကြည်သောမျက်နှာထားဖြင့် ...

"တစ်ချိန်က ကျွန်မဆရာနဲ့ ပလွေရှင်တို့ရဲ့ လုပ်ရပ်တွေ မအောင်မြင်ခဲ့တာဟာ သူဌေးကြီးသိန်းဖုံးကြောင့် ဖြစ်ပါတယ်၊ အဖြူနဲ့အနက် သိုင်းသမားတွေ ရင်ဆိုင်ခဲ့ကြပြီး အင်အားချိန်ခွင်လျှာ ညီမျှနေတုန်း သူဌေးကြီးသိန်းဖုံး ပေါ်လာပြီး အဖြူရောင်သိုင်းသမားတွေဘက်က ရပ်တည်ခဲ့တာကြောင့် စိတ်မကောင်းစရာ ဖြစ်ခဲ့ရတယ်လို့ ဆရာက ပြောပြခဲ့ပါတယ်"

ဟု ပြောလေသည်။ ပလွေရှင် မျက်မှောင်ကြုတ်သွားသည်။

"ဒီအကြောင်းတွေကို ကျုပ်သိပြီးသားပဲ၊ မင်းလာပြီး ပြောပြနေတာ အံ့သြဖို့ကောင်းနေပြီ"

ရှောင်ရဲက ...

"အကြောင်းရှိလို့ပါရှင်၊ အဖြစ်အပျက်တွေက အတော့်ကို



တိုက်ဆိုင်နေလို့ပါ"

"ဘယ်လိုများလဲ ... ပြောစမ်းပါဦး"

"တစ်ချိန်က သူဌေးသိန်းဖုံးလိုပဲ ခုချိန်မှာ နှောင့်ယှက်မယ့် လူတစ်ယောက်ရှိနေလို့ပါ"

"ဘာ"

ပလွေရှင်၏အသံ ကျယ်လောင်စွာထွက်ပေါ်လာလေ သည်။ ရှောင်ရဲက ...

"အဲဒီလူဟာ ယင်ကျင်းလို့ ခေါ်ပါတယ်"

သူမသည် ယင်ကျင်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို ရှင်းလင်း ပြောပြလိုက်လေတော့သည်။

✳

ပလွေရှင်၏မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပနေသည်။ ရှောင်ရဲကို မယုံကြည်နိုင်စွာကြည့်ရင်း ...

"ဒီလိုအဖြစ်မျိုး လောကပေါ်မှာ တကယ်ပဲ ရှိသတဲ့လား"

ဟု ရေရွတ်လိုက်လေသည်။ ရှောင်ရဲက ...

"ကျွန်မ လက်တွေ့ သက်သေပြနိုင်ပါတယ်ရှင်"

ဟု ရဲရဲဝံ့ဝံ့ပြောလိုက်လေသည်။ ပလွေရှင် သက်ပြင်းချ

www.burmeseclassic.com

www.burmeseclassic.com



လိုက်လေသည်။

"ကောင်းပြီလေ ... ယင်ကျင်းဟာ ဒုတိယသိန်းဖုံးဖြစ်လာမှာကိုတော့ ကျုပ် လက်မခံနိုင်ဘူး၊ လိုအပ်ရင် ရှင်းပစ်ရမှာပဲ"

ရှောင်ရဲက ...

"သူ့ကို ရှင်းပစ်ဖို့ သိပ်ကိုလိုအပ်တာပေါ့ရှင်၊ ဒါပေမဲ့ ကျွန်မရဲ့အသက်ခြွေလက်ဝါးကိုတောင် မမှုဘူးဆိုတော့ သိပ်လွယ်မယ်မထင်ဘူး"

"ကျုပ်က လက်တွေ့စမ်းသပ်ကြည့်ချင်သေးတယ်"

ထိုစဉ် ...

'ဟူး .. ဟူး .. ဟူး'

အဝတ်အစားလေတိုးသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရှောင်ရဲတို့ လှမ်းကြည့်လိုက်သောအခါ လူသုံးယောက်ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေသည်။ ငွေပလွေ ခါးချိတ်ထားသူတစ်ယောက်၊ ရွှေပလွေ ခါးချိတ်ထားသူတစ်ယောက်နှင့်ကြေးပလွေ ခါးချိတ်ထားသူတစ်ယောက်တို့ ရောက်ရှိလာကြခြင်းဖြစ်လေသည်။ ပလွေရှင်၏ကိုယ်ရံတော်သုံးယောက် ဖြစ်လေသည်။

ပလွေရှင်မှာ ထိပ်သီးသိုင်းရာဇာတစ်ယောက် ဖြစ်နေပါပြီ။ သူ၏ကိုယ်ရံတော်သုံးယောက်သည်လည်း အဆင့်မြင့်သိုင်းသမားများဖြစ်ပါသည်။



ယခု ... ငွေပလွေနှင့် ရွှေပလွေတို့က ကြေးပလွေအား တွဲ၍ခေါ်လာသည်ကို တွေ့လိုက်ရသောအခါ တစ်စုံတစ်ခုဖြစ်လာပြီဟု ပလွေရှင် နားလည်လိုက်လေတော့သည်။

"ဘာဖြစ်လာတာလဲဟေ့"

ဟုလည်း လှမ်းမေးလိုက်သည်။ ငွေပလွေ၊ ရွှေပလွေနှင့်ကြေးပလွေတို့ သုံးယောက်သည် မြေပေါ်တွင် ဒူးထောက်ချလိုက်ကြလေသည်။ ကြေးပလွေက ရှေ့သို့ လှမ်းထွက်လိုက်ပြီး ...

"သခင်ကြီးခင်ဗျာ ... ကျွန်တော်ဟာ တာဝန်ကျေအောင်မထမ်းဆောင်နိုင်တဲ့အတွက် အပြစ်ပေးပါခင်ဗျာ"

ဟု ပြောလေသည်။ ပလွေရှင်က ...

"မင်းက နတ်ဆိုးတင်းလီဆီကိုသွားပြီး ဖိတ်စာပို့တာ မဟုတ်လား"

"ဟုတ်ပါတယ်သခင်"

"ကောင်းပြီ ... ဘယ်လိုဖြစ်သလဲဆိုတာ ပြောပါ"

ကြေးပလွေသည် သူကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ရှင်းပြလိုက်လေသည်။ ပလွေရှင်က ငြိမ်သက်စွာ နားထောင်နေပြီးမှ သက်ပြင်းချလိုက်လေသည်။ ရှောင်ရဲကိုလည်း လှမ်းကြည့်လိုက်လေသည်။ ရှောင်ရဲက ...

"ယင်ကျင်းဟာ အတော့်ကို ကြောက်စရာကောင်းပါတယ်ရှင်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လေသည်။

ပလွေရှင် ခေတ္တငြိမ်နေသည်။ ယင်ကျင်းနှင့်ပတ်သက်ပြီး တွေးတောစဉ်းစားနေခြင်း ဖြစ်သည်။

ယင်ကျင်းသည် ရှမ်းကျုံး၏ အဆိပ်မိခဲ့သော်လည်း ယခုတိုင် အသက်ရှင်နေသည်။ ရှောင်ရဲ၏ အသက်ခြွေလက်ဝါးထိခဲ့သော်လည်း ဘာမှမဖြစ်ခဲ့ပါ။ အာယုဒိဗ္ဗသစ်သီးကို စားသုံးခဲ့ရသေးသည်။ ခန္ဓာကိုယ်မှလည်း ညဘက်တွင် စိမ်းဖန့်ဖန့်အလင်းရောင်များ ထွက်ပေါ်နေတတ်သည်။

သိုင်းလောက၌ ယင်ကျင်းကဲ့သို့ ထူးဆန်းသူမရှိနိုင်တော့ပါ။ ပလွေရှင် သက်ပြင်းချလိုက်ပြန်သည်။ သူက ယင်ကျင်း၏အစွမ်းအစကို လက်တွေ့စမ်းသပ်ကြည့်လိုသည်။ သို့သော် ယင်ကျင်းနှင့်ယှဉ်ပြိုင်ပြီး အနိုင်ရမည်ဟု ကျိန်းသေမပြောနိုင်ဟု တွေးမိလေသည်။

ပလွေရှင်သည် သိုင်းလောကတစ်ခုလုံးအား ဖျက်ဆီးပစ်ရန် သိုင်းလောကသို့ ဒုတိယအကြိမ် ပြန်လာခဲ့ခြင်းဖြစ်သည်။ ပလွေသိုင်းကို နှစ်ပေါင်းများစွာ လေ့ကျင့်ခဲ့ပြီး ထပ်မံပြင်ဆင်မှုများ ပြုလုပ်ထားသဖြင့် ပြိုင်ဘက်ကင်းသည်ဟု နားလည်ကာ မိမိကိုယ်ကို ယုံကြည်စိတ်ချမှု အပြည့်ရှိလေသည်။

သိုင်းလောကရှိ ဂိုဏ်းအသီးသီး၊ ထိပ်သီးပုဂ္ဂိုလ်အသီးသီး၏ အစွမ်းထက်လှသော သိုင်းပညာရပ်များအား ယေဘုယျလေ့လာပြီး မည်သို့ချေဖျက်အနိုင်ယူရမည်ဟု နည်းလမ်းရှာကြံထားပြီး ဖြစ်သည်။



ထို့ကြောင့်လည်း မကြောက်မရွံ့ရဲဝံ့စွာဖြင့် သိုင်းလောကသို့ ဆင်းလာခဲ့ခြင်း ဖြစ်လေသည်။

ယင်ကျင်းသည်ကား သူ့အတွက် အသစ်အဆန်းတစ်ခုဖြစ်နေသည်။ သူရင်ဆိုင်ရမည့်သူများနှင့်ပတ်သက်၍ ထောင့်စေ့အောင် လေ့လာထားခဲ့သော်လည်း ယင်ကျင်းနှင့်ပတ်သက်ပြီး ကြိုတင်ပြင်ဆင်မှု လုံးဝရှိမထားပါ။

သိုင်းလောကအား မိမိ၏ခြေဖဝါးအောက်သို့ ရောက်ကိုရောက်ရမည်ဟု သန္နိဋ္ဌာန်ချထားပြီးဖြစ်၍ ယခင်ကလို အလောတကြီး မပြုလုပ်မိစေရန်နှင့် အမှားမပြုလုပ်မိစေရန် သတိထားဆင်ခြင်ရမည်ဟုလည်း နားလည်ထားသည်။

စိတ်လိုက်မာန်ပါလုပ်လိုက်ခြင်းကြောင့် မိမိတစ်သက်လုံး ကြံစည်ကြိုးစားခဲ့သမျှ ရည်ရွယ်ချက်ပန်းတိုင်အားလုံး သဲထဲရေသွန်ဖြစ်သွားရမည်ကို မလိုလားပါ။

ယင်ကျင်းသည် လူငယ်တစ်ယောက်ဖြစ်၍ သိုင်းလောက၌ နာမည်မရှိသေး၍ အညတရတစ်ယောက်ဖြစ်သည်ဟု အထင်မသေးမိရန် အရေးကြီးသည်ဟုလည်း သဘောပေါက်မိသည်။

စိတ်ကို အတည်ငြိမ်ဆုံးဖြစ်အောင် ထိန်းချုပ်လိုက်ပြီး ရှောင်ရဲအား လှမ်းပြောလိုက်လေသည်။

"ရှောင်ရဲ ... မင်းပြောတာနဲ့ ကြေးပလွေပြောတာ တစ်ထပ်တည်းဖြစ်နေလို့ မင်းရဲ့စကားကို ငါ လက်ခံလိုက်မယ်၊ ယင်ကျင်းနဲ့

www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်ပြီး မင်းရဲ့သဘောထားကို ငါ ပွင့်ပွင့်လင်းလင်း သိချင်တယ်”

ရှောင်ရဲ ဦးညွှတ်လိုက်သည်။

“ယင်ကျင်းဟာ အညတရတစ်ယောက် ဖြစ်နေသေးတာ ခုလို အချိန်ပိုင်းလေးမှာပါ၊ မကြာခင် သူ့အကြောင်းကို သိုင်းလောက တစ်ခုလုံး သိသွားကြလိမ့်မယ်၊ အဲဒီအချိန်ကျရင် သူဟာ ပြိုင်ဘက်ကင်းသူရဲကောင်းတစ်ယောက် ဖြစ်လာမယ်၊ လူတိုင်းက သူ့ကို ကြည်ညိုလေးစားကြမယ်၊ အားကိုးကြမယ်၊ အဖြူရောင်သိုင်းလောက အတွက် မီးရှူးတန်ဆောင်ဖြစ်လာပြီး အနက်ရောင်သိုင်းလောက သားတွေရဲ့ သေမင်းဖြစ်လာပါလိမ့်မယ်”

ပလွေရှင်က ပြုံးလိုက်လေသည်။

“မင်းက ယင်ကျင်းကို အတော့်ကို အထင်ကြီးနေပါလား”

ရှောင်ရဲက ...

“အထင်ကြီးတာမဟုတ်ပါဘူး၊ သူ့ကို ရင်ဆိုင်ဖို့ မလွယ်ဘူး ဆိုတာ လက်တွေ့သိခဲ့ရလို့ပါ”

“ကောင်းပြီ ... ဆက်ပြောပါဦး”

ရှောင်ရဲက တည်ကြည်သောမျက်နှာထားဖြင့် ပြောလေသည်။

“ယင်ကျင်းအကြောင်းကို သိုင်းလောကတစ်ခုလုံး သိမသွားခင် သူ့ရဲ့အစွမ်းအစကို ဖော်မထုတ်နိုင်ခင် သုတ်သင်ရှင်းလင်း



ပစ်ဖို့ လိုပါတယ်၊ ဒါမှလည်း ငါးလပိုင်း ငါးရက်နေ့ရဲ့ ထိုက်စန်းတောင် တွေ့ဆုံပွဲဟာ အဓိပ္ပာယ်ရှိပါလိမ့်မယ်”

သူမ၏စကားအဆုံးတွင် ...

‘ဟား .. ဟား .. ဟား’

ပလွေရှင်က ဟားတိုက်ရယ်မောလိုက်လေသည်။

“လက်စသတ်တော့ ယင်ကျင်းကို ရင်ဆိုင်ဖို့ ငါ့ကို လာပြောနေတာကိုး”

ရှောင်ရဲက ...

“ပလွေသခင်ဟာ အနက်ရောင်သိုင်းလောကရဲ့အဓိပတိ ဖြစ်တယ်ဆိုတာကို ကျွန်မတို့ လက်ခံထားကြပါတယ်၊ ယင်ကျင်းဟာ တစ်ချိန်မှာ သူ့ဌေးကြီးသိန်းဖုံးထက် ပိုဆိုးမယ့်လူတစ်ယောက်ဖြစ်နေလို့ ကြိုတင်ပြီး လာအကြောင်းကြားတာပါရှင်”

ပလွေရှင်က ...

“ဝိညာဉ်နတ်ဘွားဘွားဟာ အတော့်ကို မာနကြီးတယ်၊ တစ်ချိန်က သိုင်းလောကကို ဖျက်ဆီးဖို့ ကျုပ်တစ်ယောက်တည်းလည်း မတတ်နိုင်ခဲ့ဘူး၊ မင်းရဲ့ဆရာလည်း မတတ်နိုင်ခဲ့ဘူး၊ ဒါကြောင့် ကျုပ်တို့လက်တွဲခဲ့ကြပေမယ့် သူဟာ ကျုပ်ကို သူနဲ့တန်းတူညီတူလို့ သဘောထားခဲ့တာ မဟုတ်ဘူး၊ မင်းကျတော့ ငါ့ကို ရိုသေလှချည်လား၊ ဝိညာဉ်နတ်ဘွားဘွားရဲ့ တပည့်မဟုတ်သလိုပါလား”

ဟု ပြောလေသည်။ ရှောင်ရဲက ...

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မဟာ ဆရာ့လောက် အစွမ်းအစမရှိသလို ပလွေသခင်လောက်လည်း အစွမ်းအစမရှိပါဘူးရှင်"

ပလွေရှင်က ...

"မင်းမှာ တခြားအကြံရှိဦးမယ်ဆိုတာ ငါသိတယ်၊ ပွင့်ပွင့်လင်းလင်း ပြောပါလို့ မင်းကို ငါပြောပြီးပါပြီ"

ရှောင်ရဲ ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီရှင်"

ယခုမှ ပလွေရှင်နှင့် လာရောက်တွေ့ဆုံရသည့် အဓိက အကြောင်းရင်းကို ပြောပြလိုက်လေသည်။

"ယင်ကျင်းကိုဖျက်ဆီးပစ်ဖို့ သိုင်းပညာအရ တတ်နိုင်မှာ မဟုတ်ဘူးလို့ ကျွန်မ ယုံကြည်ပါတယ်၊ အာယုဒိဗ္ဗသစ်သီးရဲ့အစွမ်းကို သိုင်းလောကသားတိုင်း သိကြပါတယ်"

"အဲဒီတော့ ..."

"သူ့ကို ဆေးပညာအရပဲ ဖျက်ဆီးပစ်နိုင်မယ်လို့ ကျွန်မ ထင်ပါတယ်"

ပလွေရှင်က ...

"မင်းပြောတာ ကျုပ် သိပ်ပြီး နားမရှင်းဘူး"

ရှောင်ရဲက ...

"ကျွန်မ ရှင်းပြပါ့မယ်၊ သိုင်းလောကမှာ ပလွေရှင်ဟာ အစွမ်းဆုံးဖြစ်သလို ဆေးလောကမှာ လက်ဗလာသမားတော် ပုယို့ရှုးဟာ



အစွမ်းဆုံးဖြစ်ပါတယ်"

ပလွေရှင် ပြုံးလိုက်လေသည်။ ရှောင်ရဲက ဆက်ပြောလိုက်သည်။

"ယင်ကျင်းရဲ့အစွမ်းအစတွေကို ဖျက်ဆီးပစ်ဖို့ ပုယို့ရှုးကို ခိုင်းလိုက်မယ်ဆိုရင် မမျှော်လင့်တဲ့အဖြစ်တွေနဲ့ ကြုံတွေ့နိုင်စရာ အကြောင်း မရှိတော့ပါဘူးရှင်"

ပလွေရှင်က တွေးတောစဉ်းစားလိုက်လေသည်။ ရှောင်ရဲက အခြေအနေစောင့်ကြည့်နေ၏။ ယင်ကျင်းနှင့်ပတ်သက်ပြီး ပလွေရှင် နားလည်သဘောပေါက်သည်အထိ သူမ ရှင်းပြနိုင်ခဲ့ပြီဟု ယုံကြည်မိလေသည်။ အတော်ကလေး ကြာတော့မှ ပလွေရှင်က...

"မင်းပြောစရာ ဒါအကုန်ပဲလား"

ဟု မေးလာလေသည်။ ရှောင်ရဲက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ရှင်"

ရုတ်တရက် ပလွေရှင်၏မျက်နှာ ခက်ထန်သွားလေသည်။ သူ၏လေသံလည်း မာကျောသွားလေသည်။

"ကောင်းပြီ ... မင်းပြောစရာကုန်ပြီဆိုရင် သွားပေတော့"

"ရှင်"

ရှောင်ရဲ ကြောင်အမ်းအမ်းဖြစ်သွားလေသည်။ ယင်ကျင်းနှင့်ပတ်သက်၍ တစ်စုံတစ်ခု ဆုံးဖြတ်လိမ့်မည်ဟု မျှော်လင့်ထားရာမှ သူမအား မောင်းထုတ်ခြင်း ခံလိုက်ရသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



"မင်းသွားနိုင်ပြီ"

ပလွေရှင်က ထပ်ပြောလေသည်။ ရှောင်ရဲက ...

"ကျွန် ... ကျွန်မ"

သူမစကား ထစ်ထစ်ငေါ့ငေါ့ဖြစ်နေသည်။ ပလွေရှင်က ...

"ဘာလဲ ... ယင်ကျင်းနဲ့ပတ်သက်ပြီး ငါ့ရဲ့သဘောထားကို မင်း သိချင်နေသေးလို့လား"

"ဟုတ် ... ဟုတ်ပါတယ်"

"ငါ ဘယ်လိုမှ သဘောမထားဘူး"

"ရှင်"

ရှောင်ရဲ မယုံနိုင်အောင် ဖြစ်သွားလေသည်။ ပလွေရှင်က

"မင်းကို ငါက ပွင့်ပွင့်လင်းလင်း ပြောခိုင်းတယ်၊ မင်းက စကားချန်ထားတယ်၊ ဒါဟာ ငါ့ကိုစော်ကားတဲ့သဘောပဲ၊ မင်းနဲ့ ဘာမှဆက်ပြောစရာအကြောင်း မရှိတော့ဘူး၊ မင်းကို ငါက နှင်လွှတ်လိုက်တာပဲ၊ ငါ့ကို ကျေးဇူးတင်ပါ၊ ကဲ ... သွားတော့"

ခပ်ပြတ်ပြတ် မောင်းထုတ်လိုက်သည်။ ဘာမှမပြောလိုတော့ဟန်ဖြင့် ချာခနဲလှည့်ကာ ကျောခိုင်းထားလိုက်လေသည်။

ရှောင်ရဲ မျက်နှာပျက်သွားလေသည်။ ပလွေရှင်သည် အလွန်ပါးနပ်သူတစ်ယောက် ဖြစ်နေသည် မဟုတ်ပါလား။

ရှောင်ရဲ ဒူးထောက်ချ လိုက်လေသည်။

"ကျွန်မ ရင်ထဲရှိတာကို မပြောဝံ့လို့ မပြောဖြစ်ခဲ့တာကို



တောင်းပန်ပါတယ်ရှင်"

ဟု ပြောလိုက်၏။ ပလွေရှင်က လှည့်မကြည့်ဘဲ ...

"ကျုပ်ကိုထိမ်ချန်ပြီး ဆက်ဆံတာကိုမကြိုက်ဘူး၊ ကဲ ... ပြောစရာရှိတာ ပြောစမ်း"

ရှောင်ရဲက ...

"ကျွန်မသဘောက ယင်ကျင်းကိုဖမ်းဆီးပြီး သူ့ရဲ့ခန္ဓာကိုယ်ထဲက အာယုဒိဗ္ဗသစ်သီးအစွမ်းရှိတဲ့ သွေးတွေကို ထုတ်ယူပြီး လက်ဗလာသမားတော် ပုယို့စူးကို ဆေးစီရင်ခိုင်းမယ်ဆိုရင် ..."

သူမ စကားဆုံးအောင် မပြောလိုက်ရပါချေ။ ပလွေရှင်၏ အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။ ချက်ချင်းပင် ရှောင်ရဲဘက်သို့ လှည့်လာသည်။ သူ၏မျက်လုံးများ ပြုံးကျယ်နေ၏။

"မင်း ဘယ်လိုပြောလိုက်တာလဲ"

ရှောင်ရဲက ထပ်ပြောလိုက်လေသည်။ ပလွေရှင်သည် စိတ်ဝင်စားစွာ နားထောင်နေပြီး ရှောင်ရဲ၏စကားဆုံးသွားတော့မှ ...

"အင်း ... ကျုပ်တစ်သက်မှာ ဒီလောက်ထူးဆန်းတဲ့ကိစ္စမျိုး မကြားဖူးခဲ့ဘူး၊ မင်းအကြံ ကောင်းသားပဲ"

ဟု ပြောလေသည်။ ရှောင်ရဲ ဝမ်းသာသွားသည်။

"ပလွေသခင်က ကျွန်မရဲ့အကြံကို သဘောတူမှာလားရှင်"

ပလွေရှင်က ပြုံးလိုက်သည်။

"ကောင်းပြီ ... ကျုပ် ဘာလုပ်ပေးရမလဲ၊ အကျိုးအမြတ်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



ထွန်းလာရင်ရော မင်း ဘယ်လိုစိတ်ကူးထားသလဲ"

"အကျိုးအမြတ်ကတော့ တစ်ယောက်တစ်ဝက်ပါ၊ ပလွေသခင်လုပ်ပေးရမှာက သူဌေးကြီးသိန်းဖုံးရဲ့အိမ်မှာ ရောက်နေတဲ့ ပုယို့ရှုးကို ခေါ်ယူပေးဖို့ပါပဲ"

"ကျုပ်က သိန်းဖုံးကို ရင်ဆိုင်ပေးရမယ်ပေါ့"

ရှောင်ရဲက ...

"ယင်ကျင်းကို ကျွန်မ တာဝန်ယူပါ့မယ်"

ပလွေရှင် ရယ်မောလိုက်လေသည်။

"မင်းဟာ ဝိညာဉ်နတ်ဘွားဘွားရဲ့ တပည့်ပီသပါပေတယ်၊ ကောင်းပြီလေ ... ဒီလောက်စိတ်ဝင်စားစရာကောင်းတဲ့ကိစ္စကို ကျုပ်က လက်မခံဘဲနေလို့ ဘယ်ဖြစ်ပါ့မလဲ"

ထိုစကားကြားလျှင် ရှောင်ရဲ ကျေနပ်သွားသည်။

ပလွေရှင်က လက်ခံလိုက်သဖြင့် သူမ၏အကြံ အောင်မြင်မည်ဟု ယုံကြည်ထားလေသည်။ သူမသည် စကားချန်ပြောသည်ဟု ပလွေရှင်ရိပ်မိ ကာ ဖွင့်ပြောခိုင်းသည်။

အမှန်တကယ်လည်း သူမ စကားချန်ထားသေး၏။

ထိုစကားကိုမူ သူမ ဘယ်သောအခါမှ ပြောလိမ့်မည် မဟုတ်ပါချေ။

✱ ✱ ✱



# ဂျင်စင်းနီ

သာယာလှပသော တောလမ်းလေးအတိုင်း လူနှစ်ယောက် ပခုံးချင်းယှဉ်ကာ သွားနေကြ၏။

နံနက်ခင်းအချိန်တွင် လေညှင်းခံကာ လမ်းလျှောက်ထွက်လာခဲ့ကြသော သူဌေးကြီးသိန်းဖုံးနှင့် လက်ဗလာသမားတော် ပုယို့ရှုးတို့ ဖြစ်ကြလေသည်။

နှစ်ယောက်သား တောလမ်းကလေးကို ဖြတ်သန်းလာခဲ့ကြပြီး ကျောက်တုံးကျောက်ခဲပေါများသော တောင်ပူစာလေးတစ်ခုအနီးသို့ ရောက်လျှင် ခြေလှမ်းရပ်လိုက်ကြလေသည်။

နှစ်ယောက်သား ကျောက်တုံးများပေါ်၌ ထိုင်ချလိုက်ကြသည်။

သူတို့သည် နံနက်ခင်းတိုင်း လမ်းလျှောက်ထွက်ကြပြီး သိုင်းလောကအကြောင်းနှင့် အခြားအကြောင်းအရာများကို ပြောဆိုဆွေးနွေးလေ့ရှိကြသည် မဟုတ်ပါလား။

ယနေ့လည်း ...

သိန်းဖုံးက စကားစလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သိုင်းလောကအတွက် စိတ်မကောင်းစရာ သတင်းတစ်ပုဒ် ထွက်ပေါ်လာပြန်ပြီ"

ပုယို့စူးက ...

"ငါးလပိုင်း ငါးရက်နေ့ ထိုက်စန်းတောင်ကိစ္စလား"

"ခင်ဗျားလည်း သိနေတာကိုး"

"ဟုတ်တယ် ... ကျုပ်သိထားတာကြာပြီ၊ သူဌေးကြီးလည်း သိနေမယ်လို့ ထင်တယ်၊ ဒါပေမဲ့ ကျုပ်လာနေတဲ့အချိန်မှာ ဘာမှဖွင့်မပြောလို့ ကျုပ်လည်း မပြောဘဲနေခဲ့တာ"

"ဒီနေ့တော့ ..."

"ဒီနေ့တော့ ကျုပ်က ဆုံးဖြတ်ချက်တစ်ခုကိုချလိုက်လို့ မနေနိုင်ဘဲ ပြောမိတာပါ၊ နောက်နေ့တွေပြောဖို့ အချိန်မရတော့ဘူးလေ"

သိန်းဖုံးက ...

"ခင်ဗျား သွားတော့မယ် ... ဟုတ်လား"

"ဟုတ်တယ် ... ကျုပ်က ဂျင်စင်းနီကိုလိုချင်နေတာ၊ ကြားထဲက ငွေထုတ်ပြီး စိုက်ဝယ်ပေးတဲ့အတွက်ရော၊ ဂျင်စင်းနီကို အသုံးချပြီး သုခချမ်းသာဆေး ဖော်စပ်နိုင်အောင် နေရာထိုင်ခင်းအကာစ ဝေယျာဝစ္စအားလုံး လိုလေသေးမရှိစီစဉ်ပေးတဲ့အတွက်ရော ကျေးဇူးတင်ပါတယ်ဗျာ"

သိန်းဖုံး ရယ်မောလိုက်သည်။

"ကိစ္စမရှိပါဘူးဗျာ"



ပုယို့စူးက ...

"ကျုပ်က ဆေးဖော်စပ်ဖို့လောက်ပဲ အာရုံထားတာပါ၊ ဖော်စပ်ပြီးတဲ့ဆေးကို ကျုပ်ကိုယ်တိုင်အတွက် အသုံးချဖို့ ဘယ်တုန်းကမှ စိတ်မကူးဖူးဘူး၊ လိုအပ်နေသူ တစ်ယောက်ယောက်အတွက် ပေးလိုက်ရရင် သူတစ်ပါးအတွက် အသုံးတည့်ရင် ကျေနပ်ခဲ့တာချည်းပါပဲ"

သိန်းဖုံးက ...

"ခင်ဗျားရဲ့သဘောထားကို ကျုပ်နားလည်ပါတယ်၊ ကျုပ်က ခင်ဗျားကို ကူညီခဲ့တာဟာ ခင်ဗျားရဲ့ဆန္ဒကို ဖြည့်ဆည်းပေးခဲ့တာပါ၊ မိတ်ဆွေအချင်းချင်း ကျုပ်တတ်နိုင်တဲ့ဘက်က ကူညီခဲ့တာပါ၊ သုခချမ်းသာဆေးကို ကျုပ်အလိုမရှိပါဘူး"

ပုယို့စူးက ...

"ခင်ဗျားရဲ့သဘောထားကိုလည်း ကျုပ် နားလည်ပါတယ်၊ ကျုပ်တို့နှစ်ယောက်ပေါင်းပြီး တစ်စုံတစ်ယောက်ကို ကူညီနိုင်လိမ့်မယ် ထင်ပါတယ်"

သိန်းဖုံးက ...

"ဒါဟာ ကျေနပ်စရာအကောင်းဆုံးပေါ့ဗျာ"

သူတို့သည် ကိုယ်ကျိုးမဖက်ကြသူများ ဖြစ်လေသည်။ သူတစ်ပါးအတွက် အသက်ရှင်နေကြသူများ ဖြစ်ပါတော့သည်။

ပုယို့စူးက ...

www.burmeseclassic.com

www.burmeseclassic.com



"ငါးလပိုင်း ငါးရက်နေ့အချိန်ဟာ တစ်စထက်တစ်စ နီးကပ်လာပြီး အနက်ရောင်သိုင်းသမားတွေဟာ ထိုက်စန်းတောင်မှာ စုဝေးဖို့ ပြင်ဆင်နေကြပြီ"

စကားလမ်းကြောင်း ပြောင်းလိုက်သည်။ သိန်းဖုံးက ...

"အဖြူရောင်သိုင်းသမားတွေကလည်း လက်ပိုက်ကြည့်မနေကြပါဘူး၊ ထိုက်စန်းတောင်မှာ အနက်ရောင်သိုင်းသမားတွေ စုရုံးပြီး သိုင်းလောကကို မကောင်းကြံဖို့ ဆုံးဖြတ်မယ်ဆိုတာ ချက်ချင်း ချေမှုန်းပစ်ဖို့ တာစူနေပါပြီ"

ပုယို့ရှူးက ...

"သံသရာတစ်ပတ် လည်ပတ်လာတာပဲပေ့ါ၊ ဒီကိစ္စကို ပလွေရှင်က မီးမွေးခဲ့တာပဲ"

"သိုင်းလောကကို ခြိမ်းခြောက်နေတာ သူပဲရှိတော့တာ"

"ခင်ဗျားက သိုင်းလောကထဲ ဆင်းသွားဦးမှာလား"

သိန်းဖုံး ခေါင်းညိတ်လိုက်သည်။

"ကျုပ်သွားဖို့ လိုလာပါလိမ့်မယ်"

"ခင်ဗျား ကံကောင်းပါစေဗျာ"

ပုယို့ရှူးက ဆုတောင်းပေးလိုက်လေသည်။ သူကိုယ်တိုင်ကမူ ထိုက်စန်းတောင် သူသွားမည်မပြောချေ။

ပုယို့ရှူးသည် ဆေးပညာနှင့်ပတ်သက်လျှင် တစ်ဖက်ကမ်းခပ်တော်သူ ဖြစ်လေသည်။



သိုင်းပညာနှင့်ပတ်သက်လျှင်ကား နကန်းတစ်လုံး နားမလည်သူ ဖြစ်နေပါတော့သည်။

သိန်းဖုံးက ...

"ကျုပ်တို့ မခွဲခွာခင် ခင်ဗျားကို အရက်တစ်ခွက်လောက်တော့ တိုက်ချင်သေးတယ်"

"ကောင်းတာပေ့ါဗျာ"

ပုယို့ရှူးက သဘောတူလိုက်လေသည်။

နှစ်ယောက်သား ထိုင်ရာမှ ထ,လိုက်ကြလေသည်။ ထို့နောက် သူဌေးကြီးသိန်းဖုံး၏စံအိမ်ရှိရာသို့ ပြန်လျှောက်လာခဲ့ကြလေသည်။

မကြာပါချေ ...။

သိန်းဖုံး၏ ခမ်းနားထည်ဝါလှသော အဆောက်အအုံကြီးရှေ့သို့ ပြန်လည်ရောက်ရှိသွားကြလေသည်။

သူတို့ အရက်မသောက်နိုင်ကြတော့ပါ။

အဆောက်အအုံရှေ့၌ လဲကျသေဆုံးနေကြသူများအား တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

"ဘယ်လိုဖြစ်တာပါလိမ့်"

သိန်းဖုံးက လျှင်မြန်စွာ ပြေးသွားလေသည်။ ပုယို့ရှူးလည်း လိုက်သွားသည်။

လှေကားထစ်များပေါ်၌လည်းကောင်း၊ ဧည့်ခန်းမအတွင်း၌

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ စကြံ့လမ်းများပေါ်၌လည်းကောင်း လဲကျသေဆုံးနေကြသူများကို တွေ့ရ၏။

ထိုလူများမှာ သိန်းဖုံး၏တပည့်များနှင့် အလုပ်သမားများ ဖြစ်ကြလေသည်။

သူဌေးကြီး သိန်းဖုံး၏အိမ်ဂေဟာ၌ မှီတင်းနေထိုင်သူများကား တစ်ယောက်မကျန် အသတ်ခံလိုက်ရပြီဖြစ်သည်။

မည်သူ၏လက်ချက်ဖြစ်ပါသနည်း။

သိန်းဖုံးက စစ်ဆေးကြည့်လိုက်သောအခါ သေဆုံးနေကြသူများ၏နှာခေါင်းနှစ်ပေါက်၊ နားနှစ်ဖက်မှ သွေးများ ယိုစီးကျနေသည်ကို တွေ့ရလေသည်။ အခြားဒဏ်ရာဒဏ်ချက် မရှိပါ။

ထိုကဲ့သို့သော သေဆုံးမှုမျိုးကို သိန်းဖုံး တွေ့ခဲ့ဖူးပါသည်။ မည်သူ့လက်ချက်ဖြစ်ကြောင်းလည်း ချက်ချင်း ရိပ်မိလိုက်၏။

"ပလွေရှင်"

ဟု လွှတ်ခနဲ ရေရွတ်လိုက်လေသည်။

အရှေ့ကျွန်းသခင် ပလွေရှင်၏ပလွေအသံလှိုင်းသည် အာရုံကြောများကို ဖျက်ဆီးပစ်လိုက်ပြီး အသက်နုတ်ယူနိုင်သည့်အစွမ်းသတ္တိ ရှိသည်မဟုတ်ပါလား။

ထိုစဉ် ...

အပြင်ဘက်မှ သာယာငြိမ့်ညောင်းသော ပလွေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။



'တောက်'

သိန်းဖုံး ခံပြင်းစွာ တက်ခေါက်လိုက်ပြီး အဆောက်အအုံအပြင်ဘက်သို့ ပြန်လည်ပြေးထွက်သွားလိုက်လေတော့သည်။

✱

ပလွေရှင် ...။

အဆောက်အအုံအပြင်ဘက် မြေကွက်လပ်တွင် ပလွေရှင် ရှိနေ၏။

သိန်းဖုံး သက်ပြင်းချလိုက်သည်။ ပုယို့စူးကို ကြည့်လိုက်သောအခါ ပုယို့စူးသည် ခပ်လှမ်းလှမ်းသို့ နောက်ဆုတ်သွားလေသည်။

သူက သိုင်းပညာမတတ်သဖြင့် တိုက်ပွဲဝင်နိုင်မည် မဟုတ်သလို သိန်းဖုံးအား ကူညီနိုင်မည်မဟုတ်ပါ။

သိန်းဖုံးကလည်း ပုယို့စူး၏အကူအညီ ရဖို့ထက် အနှောင့်အယှက်မဖြစ်ဖို့ကို လိုလားလေသည်။

ပလွေရှင်၏စကားသံ ထွက်ပေါ်လာသည်။

"ကျုပ်တို့ ပြန်တွေ့ကြပြီနော်"

သိန်းဖုံးက ...

"ဒီတစ်ခါတော့ ခင်ဗျား ရှောင်ထွက်သွားလို့ မရနိုင်တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ ... မင်းအလှည့်ပဲဆိုတာ မှတ်ထားပါ"

ပလွေရှင်သည် တစ်ချက်အော်ငေါက်လိုက်ပြီး ပလွေကို ဓား ယမ်းကာ စတင်တိုက်ခိုက်လိုက်လေသည်။

သူ၏ပလွေသံသည် အခြားသူများအား ဒုက္ခပေးနိုင်မည်ဖြစ် သော်လည်း သိန်းဖုံးကဲ့သို့ စိတ်ဓာတ်ကြံ့ခိုင်ပြီး အတွင်းအားကောင်းသူ တစ်ယောက်အား ဒုက္ခပေးနိုင်မည်မဟုတ်ဟု နားလည်ထား၏။

သိန်းဖုံးအား ပလွေသံဖြင့် တိုက်ခိုက်ခြင်းဖြင့် သူလည်း အ တွင်းအားယုတ်လျော့သွားမည်ကို မလိုလားပါ။

ထို့ကြောင့် ပလွေသိုင်းဖြင့် တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

သိန်းဖုံးကလည်း လက်ဝါးနှစ်ဖက်ဖြင့် ပြန်လည်တိုက်ခိုက် လိုက်လေသည်။ ပြင်းထန်သော တိုက်ပွဲတစ်ခု ပေါ်ပေါက်လာလေ တော့သည်။

✳

ငွေပလွေ၊ ရွှေပလွေနှင့် ရှောင်ရဲတို့သည် မြေကွက်လပ်တစ် ဖက်ရှိ သစ်ပင်များကြားမှ တိုက်ပွဲကို စောင့်ကြည့်နေကြ၏။

ကြေးပလွေကား ယင်ကျင်း၏လက်ချက်ကြောင့် ဒဏ်ရာရခဲ့ သည့်အပြင် ပလွေရှင်က ချမ်းသာမပေးဘဲ သေဒဏ်အပြစ်ပေးလိုက်ပြီ



ဖြစ်၍ လိုက်ပါလာနိုင်ခြင်း မရှိတော့ချေ။

သိန်းဖုံးနှင့်ပလွေရှင်တို့ ပြင်းထန်စွာ တိုက်ခိုက်နေကြသည် ကိုကြည့်ရင်း ရှောင်ရဲက ...

"ဒါဟာ သိုင်းပညာယှဉ်ပြိုင်နေတာ မဟုတ်ဘူး၊ သိန်းဖုံးကို သုတ်သင်ပစ်နိုင်မှ ဖြစ်လိမ့်မယ်၊ မင်းတို့နှစ်ယောက်က ပလွေရှင်ကို သွားပြီး ကူညီလိုက်ပါ၊ ကျုပ်က လက်ဗလာသမားတော် ထွက်ပြေး လို့မရအောင် တာဝန်ယူမယ်"

ဟုပြောကာ ပြေးထွက်သွားလေသည်။

ရွှေပလွေနှင့်ငွေပလွေတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။ ရှောင်ရဲ၏စကား မှန်သည်ဟုလည်း ယူဆလိုက်ကြ ၏။

"ဆရာသခင်နဲ့အတူ တို့လည်း ဝိုင်းပြီး တိုက်ခိုက်ကြတာ ပေါ့"

"ကောင်းပြီ"

နှစ်ယောက်သား ရွှေပလွေ၊ ငွေပလွေများ ဆွဲကိုင်ပြီး တိုက် ပွဲအတွင်းသို့ ပြေးဝင်သွားကြလေတော့သည်။

✳

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲကား ကြောက်ခမန်းလိလိ ပြင်းထန်နေပါသည်။

သိန်းဖုံးနှင့်ပလွေရှင်တို့ အကြိတ်အနယ်တိုက်ခိုက်နေကြ၏။

တဖြည်းဖြည်းနှင့်ပလွေရှင်က အသာစီးရလာသော်လည်း အနိုင်ရဖို့မှု မလွယ်လှချေ။

သုံးရက် သုံးညယှဉ်ပြိုင်မှသာလျှင် သိန်းဖုံးကို အနိုင်ရမည်ဟု နားလည်ထား၏။ ထိုစဉ် ...

'ယား'

ရွှေပလွေ၊ ငွေပလွေက တိုက်ပွဲအတွင်းသို့ ခုန်ဝင်လာကြလေသည်။

သူတို့သည် ထိပ်တန်းသိုင်းသမားများဖြစ်ကြသလို သူတို့၏တိုက်ခိုက်မှုမှာ ထိရောက်ပြင်းထန်လှ၏။

ရွှေပလွေ၊ ငွေပလွေတို့ ပါဝင်လာကြသဖြင့် သိန်းဖုံး အခက်ကြုံသွားလေသည်။ အပြင်းအထန်ခုခံနေသည့်ကြားမှ လျှပ်တစ်ပြက်ထိုးသွင်းလိုက်သော ပလွေရှင်၏ပလွေကို မရှောင်နိုင်တော့ဘဲ ...

"အား"

ရူးရှစ္စာအော်ဟစ်ကာ မြေပေါ်လဲကျသွားလေတော့သည်။

✱



သိန်းဖုံးမှာ မြေပေါ်တွင် စန့်စန့်ကြီးလဲကျကာ အသက်ပျောက်နေပြီဖြစ်လေသည်။

'ဟား .. ဟား .. ဟား'

ပလွေရှင်က သဘောကျစွာ ရယ်မောလိုက်သည်။

"သိန်းဖုံး ... မင်း ဘာတတ်နိုင်သေးသလဲ"

ဟုလည်း ကြုံးဝါးလိုက်လေသည်။

ရွှေပလွေနှင့်ငွေပလွေ တို့သည် ပလွေရှင်အား ကူညီနိုင်ခဲ့ကြသဖြင့် ကျေနပ်နေကြလေသည်။

ပလွေရှင်သည် သဘောကျစွာ ရယ်မောလိုက်ပြီးလျှင် ...

"ရွှေပလွေနဲ့ငွေပလွေ ... မင်းတို့နှစ်ယောက် ဝင်ပြီးကူညီလိုက်လို့ ငါက သိန်းဖုံးကို လွယ်လွယ်နဲ့ သုတ်သင်နိုင်ခဲ့တာပဲ၊ မင်းတို့ တော်ကြပါပေတယ်",

ဟု ရွှေပလွေတို့အား ချီးကျူးလိုက်လေသည်။ ရွှေပလွေတို့၏မျက်နှာ ပြုံးရွှင်သွားကြ၏။

သို့သော် ... ပလွေရှင် ဆက်ပြောလိုက်သည့်စကားကို ကြားလိုက်ရသောအခါ မျက်နှာပေါ်မှ အပြုံးရိပ်များ ပျောက်ကွယ်သွားကာ ထိတ်လန့်သွားကြလေသည်။

ပလွေရှင်က...

"ဒါပေမဲ့ ... ငါ တစ်ယောက်တည်းနဲ့ သိန်းဖုံးကို အနိုင်မယူနိုင်ဘူး၊ တပည့်နှစ်ယောက်ရဲ့ အကူအညီကို ရယူရတယ်လို့များအ

www.burmeseclassic.com

www.burmeseclassic.com



များက သိသွားကြရင် ထိုက်စန်းတောင်ကို ဘယ်သူကမှ လာကြတော့မှာ မဟုတ်ဘူး”

ရွှေပလွေနှင့်ငွေပလွေတို့ ချက်ချင်း ဒူးထောက်လိုက်ကြလေသ ည်။ ပလွေရှင်က ...

“မင်းတို့ကို ဝင်ကူညီဖို့ ငါက အမိန့်ပေးခဲ့လို့လား၊ ငါ့ကို ဂရုမစိုက်ဘဲ ထင်ရာလုပ်တဲ့အတွက် မင်းတို့မှာ အပြစ်ရှိနေပြီ၊ ဒီတော့”

စကားဆုံးလျှင် လက်ထဲမှ ပလွေကို ဝှေ့ယမ်းလိုက်လေသည်။

‘ခွပ် .. ခွပ်’

အသံခပ်အုပ်အုပ် ထွက်ပေါ်လာသည်။

ရွှေပလွေနှင့် ငွေပလွေတို့သည် ရှောင်တိမ်းဖို့ အချိန်မရလိုက်ကြပါချေ။ အပြစ်မရှိ အပြစ်ရှာခြင်းခံရကာ အသတ်ခံလိုက်ကြရလေတော့သည်။

✱

ပလွေရှင် ပြုံးလိုက်သည်။

ရွှေပလွေ၊ ငွေပလွေတို့သည် သူ့အတွက် အားကိုးအားထားပြုခဲ့ရသော်လည်း အာယုဒိဗ္ဗသစ်သီးစွမ်းအားကို ရရှိလိုက်လျှင် မည်



သူ့ကိုမှ အားထားစရာမလိုတော့ပါ။

ထို့ကြောင့် အမှုမထားဘဲ ရှင်းပစ်လိုက်ခြင်း ဖြစ်လေသည်။

ပလွေရှင်သည် ရှောင်ရဲကို ရှာဖွေလိုက်၏။ ရှောင်ရဲ မရှိတော့ပါ။ လက်ဗလာသမားတော် ပုယို့ရှုးသည်လည်း မရှိတော့ပါ။

ပလွေရှင်၏အပြုံးရိပ်များ ပျောက်ကွယ်သွားပြီး မျက်နှာကြီးတစ်ခုလုံး မည်းမှောင်သွား လေတော့သည်။

✱ ✱ ✱

www.burmeseclassic.com

www.burmeseclassic.com



## အာယုသုခဆေး

တောအုပ်ထဲ၌ သစ်လုံးများဖြင့် ဆောက်လုပ်ထားသော အိမ်ကလေးတစ်လုံးရှိသည်။ ထင်းခုတ်သမား တစ်ယောက်၏အိမ် ဖြစ်သည်။

ရှောင်ရဲက ထိုသစ်လုံးအိမ်ကလေးကို သဘောကျသွားသောအခါ ထင်းခုတ်သမားသည် အသက်ပျောက်ကာ ထင်းပုံအောက်သို့ ရောက်ရှိသွားလေတော့သည်။

ယခု ... သစ်လုံးအိမ်ကလေးသည် ရှောင်ရဲပိုင်ဆိုင်သော အိမ်ကလေး ဖြစ်သွားချေပြီ။

ရှောင်ရဲသည် ပလွေရှင်အား ယင်ကျင်းအကြောင်းကို အလုံးစုံ ပြောပြခဲ့သည်။

လက်ဗလာသမားတော် ပုယို့စူးအား သူမက လက်ရဖမ်းပြီး ပလွေရှင်အား ထားရစ်၍ ထွက်ပြေးရှောင်တိမ်းမည့် သူ၏အကြံကိုမူ ပြောမပြခဲ့ချေ။

သူမ ကြံစည်ထားသည့်အတိုင်း အကောင်အထည်ဖော်လာနိုင်ခဲ့ပြီ ဖြစ်လေသည်။



ထင်းခုတ်သမားတစ်ယောက်တည်းသာ နေထိုင်သော သစ်လုံးအိမ်လေး၌ ယခုတော့ လူစည်ကားနေပြီဖြစ်သည်။

ရှောင်ရဲ၊ မှင်စာလေး၊ ယင်ကျင်းတို့အပြင် လက်ဗလာသမားတော် ပုယို့စူးလည်း ရောက်ရှိလာပြီဖြစ်လေသည်။

ရှောင်ရဲက ပုယို့စူးအား ကောင်းမွန်စွာ ဧည့်ခံလေသည်။ ပြီးလျှင် ...

"ရှင်ဟာ ထူးဆန်းတဲ့သမားတော်ဆိုတော့ ထူးဆန်းတဲ့ ရောဂါတစ်ခုအကြောင်းကို ကျွန်မ ပြောပြချင်တယ်"

ဟု စကားစလိုက်လေသည်။

ပုယို့စူးသည် သူ့အား အဘယ်ကြောင့် ဖမ်းဆီးလာခဲ့သည်ကို မမေးပါ။ အချိန်တန်လျှင် သိရမည်ဟု နားလည်ထားလေသည်။ ရှောင်ရဲ၏စကားကြားလျှင် သူက အဖမ်းခံနေရသည့်အဖြစ်ကိုပင် မေ့သွားပြီး ...

"ထူးဆန်းတဲ့ရောဂါ ဟုတ်လား၊ ဘယ်လိုရောဂါမျိုးလဲ ပြောစမ်းပါဦးဗျ"

ဟု မေးလိုက်၏။ ရှောင်ရဲက ...

"ဟုတ်ပါတယ်ရှင်၊ ရောဂါကတော့ လူတစ်ယောက်ရဲ့ခန္ဓာကိုယ်ထဲမှာ ကြောက်စရာကောင်းတဲ့ အင်အားကြီးတွေဖြစ်ပေါ်နေတယ်"

"ဪ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုအဆိပ်မျိုးမှ မမှုဘူး၊ ဘယ်လောက်ပဲ တိုက်ခိုက်သည်ဖြစ်စေ မမှုဘူး၊ ညဘက်ရောက်ရင် တစ်ကိုယ်လုံး စိမ်းဖန့်ဖန့်အလင်းရောင်တွေ ထွက်လာတတ်တယ်"

"ဟင်"

ပုယို့စူး မယုံနိုင်အောင် ဖြစ်သွားလေသည်။

"ဒီလိုဝေဒနာရှင်မျိုးကို ကျုပ် တစ်ခါမှ မတွေ့ဖူးသေးဘူး"

ဟု ပြောလိုက်မိလေသည်။

ရှောင်ရဲက ယင်ကျင်းအ ကြောင်းကို ပြောပြလိုက်လေသည်။ ပုယို့စူးသည် စိတ်ဝင်စားမှုကို မထိန်းချုပ်နိုင်တော့ဘဲ ...

"အဲဒီလူငယ်လေး ဘယ်မှာလဲ"

ဟု မေးလိုက်လေသည်။ ရှောင်ရဲက ...

"ရှိတယ်"

"ကျုပ်တွေ့ချင်တယ်"

"စိတ်ချ ... တွေ့ရမယ်၊ ဒါပေမဲ့ ကျွန်မခိုင်းတာ ရှင်လုပ်ပေးရမယ်"

ပုယို့စူးက ...

"ကျုပ် ဘာလုပ်ပေးရမလဲ"

ရှောင်ရဲက သူမ၏အကြံကို ပြောပြလိုက်လျှင် ပုယို့စူးပါးစပ် အဟောင်းသား ဖြစ်သွားလေတော့သည်။

✻



ယင်ကျင်းမှာ မှင်စာလေး၏အသက်ကို ငဲ့ကွက်ထောက်ထားကာ ရှောင်ရဲအား အညံ့ခံခဲ့ရသဖြင့် ရှောင်ရဲ၏အကျဉ်းသား ဖြစ်သွားလေသည်။

ရှောင်ရဲသည် ယင်ကျင်းနှင့် မှင်စာလေးတို့အား လူချင်းခွဲကာ ချုပ်နှောင်ထားလိုက်လေသည်။ ပုယို့စူးအား ဖမ်းဆီးနိုင်ခဲ့သောအခါ ယင်ကျင်းနှင့်တွေ့ဆုံပေးလိုက်လေသည်။

သူတို့တွေ့ဆုံရချိန်မှာ ညဘက်ရောက်နေပြီဖြစ်၍ ယင်ကျင်း၏ထူးခြားမှုကို လက်တွေ့ကျကျ တွေ့မြင်ရတော့သည်။

ရှောင်ရဲက ပုယို့စူးအား အခန်းတစ်ခုသို့ ခေါ်သွားသည်။ တံခါးဖွင့်လိုက်သောအခါ အခန်းတွင်း၌ မှောင်မည်းနေသည်။ သို့သော် ... သေသေချာချာကြည့်လိုက်သော အခါ မီးထွန်းမထားသော်လည်း စိမ်းဖန့်ဖန့်အလင်းရောင်များ ထွက် ပေါ်နေသည်ကို တွေ့ရလေသည်။

ထိုစိမ်းဖန့်ဖန့်အရောင်များသည် ယင်ကျင်း၏ခန္ဓာကိုယ်မှ ထွက်ပေါ်နေခြင်းဖြစ်လေသည်။

ယင်ကျင်းသည် စိမ်းဖန့်ဖန့်အလင်းရောင်ကြား၌ သွေးဆုတ်နေသောမျက်နှာဖြင့် ရှိနေ၏။ ရုတ်တရက် တွေ့မြင်လိုက်ရသဖြင့် ဝါရင့်သမားတော်ဖြစ်သော ပုယို့စူးသည်ပင်လျှင် ကြောက်ရွံ့ထိတ်လန့်သွားလေသည်။ ခြေလှမ်း တုံ့ခနဲရပ်သွားပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားပြောတာ သူလား"

ဟု ရှောင်ရဲအား မေးလိုက်၏။ ရှောင်ရဲက ...

"ဟုတ်တယ်၊ ကဲ ... ကျွန်မခိုင်းတဲ့အတိုင်း လုပ်ပေတော့"

ပုယိုရှူးက ...

"ခင်ဗျားပြောတဲ့ကိစ္စက ဖြီးစလွယ်လုပ်လို့ရတဲ့ကိစ္စမျိုး မဟုတ်ဘူးဆိုတာ သတိထားပါဗျာ၊ ကျုပ်လည်း ကြုံတွေ့ဖူးတာ မဟုတ်ဘူး၊ လုပ်နေကျအလုပ်လည်း မဟုတ်ဘူး၊ မှားယွင်းသွားရင် မကောင်းဘူး၊ သေသေချာချာစစ်ဆေးပြီးမှဖြစ်နိုင် မဖြစ်နိုင် ပြောလို့ရမယ်"

ရှောင်ရဲ မကျေမနပ်ဖြစ်သွားပြီး ...

"ကျွန်မ,ခိုင်းသလို လုပ်မပေးရင် ရှင် အသက်ရှင်လျက် ဒီအိမ်ထဲက ထွက်သွားလို့ရမယ်မထင်နဲ့"

ဟု ခြိမ်းခြောက်လိုက်လေသည်။ ပုယိုရှူးက ...

"ကျုပ်က လုပ်မပေးဘူးလို့ ပြောတာလား၊ စစ်ဆေးကြည့်ခွင့် တောင်းတာလား၊ ခင်ဗျားက အတင်းခြိမ်းခြောက်နေမယ်ဆိုရင် အကျိုးမဲ့ဖြစ်သွားလိမ့်မယ်"

ဟု မကြောက်မရွံ့ပြောတော့မှ ရှောင်ရဲက အလျှော့ပေးလိုက်လေတော့သည်။

"ကောင်းပြီ ... ရှင့်သဘောပဲ"

ပုယိုရှူးမှာ ကြောက်တတ်သူတစ်ယောက် မဟုတ်ပါ။ သူ့



အား အကျပ်ကိုင်ပြီး ခိုင်းစေသည်ကို မနှစ်မြို့ပါ။

ယင်ကျင်း၏ ထူးဆန်းသောဖြစ်ရပ်ကို အကြောင်းရင်းရှာဖွေလိုခြင်းကြောင့်သာလျှင် အထိုက်အလျောက် ဆက်ဆံနေခြင်းဖြစ်သည်။

သို့မဟုတ်လျှင် ရှောင်ရဲက မည်သို့ပင် ခြိမ်းခြောက်စေကာမူ တုတ်တုတ်မျှ လှုပ်မည်မဟုတ်ပါချေ။

ပုယိုရှူးသည် ရှောင်ရဲအား ခပ်တည်တည်ကြည့်လိုက်ပြီး ...

"ကျုပ်က လူနာကို စမ်းသပ်စစ်ဆေးတဲ့အခါ ကျုပ်အနားမှာ ဘယ်သူမှရှိနေတာကို မကြိုက်ဘူး၊ ဒါကြောင့် ခင်ဗျား အပြင်ကပဲ စောင့်နေပါ"

ဟု ပြောလိုက်၏။ ရှောင်ရဲ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ သို့သော် သူမ အလျှော့ပေးလိုက်ပြန်လေသည်။

"ကောင်းပြီ ... ရီတီးယားတားလုပ်ရင် သေဖို့သာပြင်"

ဟုငေါက်ကာ အခန်းအပြင်ဘက်သို့ထွက်သွားပြီး တံခါးကို ဝုန်းခနဲမြည်အောင် ဆောင့်ပိတ်ထားလိုက်လေတော့သည်။

✱

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ရဲသည် လက်နှစ်ဖက် နောက်ပစ်ကာ ခေါက်တုံ့ခေါက် ပြန်လျှောက်နေရာမှ ခြေလှမ်းရပ်ကာ ယင်ကျင်းအား ဖမ်းဆီးထားသည့်အခန်းဆီသို့ ကြည့်လိုက်၏။

အခန်းတွင်း၌ တိတ်ဆိတ်ငြိမ်သက်နေသည်။

ယင်ကျင်းနှင့် ပုယို့ရှူးတို့အသံကို မကြားရပါ။ ရှောင်ရဲ ဂနာမငြိမ်ဖြစ်လာသည်။

"သူတို့ ထွက်ပြေးသွားပြီလား၊ အို ... မဖြစ်နိုင်ပါဘူး၊ အခန်းက လုံခြုံမှုရှိနေတာပဲ၊ မှင်စာလေးကလည်း ငါ့လက်ထဲမှာ ရှိနေတာဆိုတော့ ယင်ကျင်း မပြေးရဲပါဘူး"

သူမ တွေးနေစဉ်မှာပင် ...

'ဒေါက် .. ဒေါက်'

တံခါးခေါက်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ရှောင်ရဲ ခပ်သွက်သွက်လှမ်းသွားပြီး တံခါးဖွင့်ပေးလိုက်၏။

ပုယို့ရှူးက လှမ်းထွက်လာပြီး ...

"ကျုပ် စစ်ဆေးပြီးပြီ ... မင်းပြောတဲ့အတိုင်း လုပ်လို့ရနိုင်တယ်"

ဟု ပြောလာလေသည်။ ရှောင်ရဲ ဝမ်းသာသွားသည်။

"ဒါဖြင့် ခုချက်ချင်းလုပ်ပေတော့"

"စိတ်ချ ... ကျုပ်အတွက် ဆေးပညာတစ်ရပ်ကို စမ်းသပ်ရတဲ့သဘော ဖြစ်နေလို့ သဘောတူလိုက်တာ၊ ယင်ကျင်းတောင်းဆို



တာ တစ်ခုကိုတော့ မင်း လိုက်လျောလိုက်မှ ဖြစ်မယ်"

ရှောင်ရဲ မျက်မှောင်ကုတ်သွားပြီး ...

"သူက ဘာကို တောင်းဆိုလို့လဲ"

"မှင်စာလေးကို အရင်ဆုံး ဆေးကုပေးရမယ်လို့ ပြောတယ်"

ရှောင်ရဲက ...

"သူ့ရဲ့သွေးနဲ့ ဆေးဖော်မယ်ဆိုတာရော သူ သိသွားပြီလား"

ပုယို့ရှူး ခေါင်းခါယမ်းလိုက်သည်။

"မသိပါဘူး ... ကျုပ်မပြောဘူး၊ သူ့ကိုလည်း ဆေးကုပေးမယ်လို့ ပြောထားတယ်၊ ဒါမှ သူ့ရဲ့သွေးကို ဖောက်ယူလို့ရမှာ"

ရှောင်ရဲက ပုယို့ရှူးအား စိုက်ကြည့်လိုက်သည်။ ပုယို့ရှူးသည် တည်ကြည်သောမျက်နှာထားဖြင့် ရှိနေ၏။ ဆေးပညာမှလွဲပြီး တခြားဘာကိုမှ စိတ်မဝင်စားသည့်သဘော ဖြစ်လေသည်။

ပုယို့ရှူးသည် ရွှေမမက်၊ ငွေမမက်။ ဆေးကုနေရလျှင် သို့မဟုတ် ဆေးဖော်စပ်နေရလျှင် ကျေနပ်နေသည်ဟု သတင်းကြီးရလေသည်။ ရှောင်ရဲ ပြုံးလိုက်သည်။

"ရှင့်ရဲ့ဘဝမှာ သွေးကိုဖောက်ထုတ်ပြီး ဆေးဖော်တာမျိုး တစ်ကြိမ်တစ်ခါမှ မလုပ်ခဲ့ဖူးဘူး မဟုတ်လား၊ ခုတော့ ရှင့်အတွက် ပညာတစ်မျိုးတိုးလာပြီ၊ ကျွန်မကိုတောင် ကျေးဇူးတင်ရဦးမယ်"

ဟု ပြောလေသည်။ ပုယို့ရှူးက ...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ဗျာ၊ ဒါကြောင့်လည်း ကျုပ် သဘောတူလိုက်တာပေါ့၊ ကဲ ... အချိန်ဖြုန်းနေလို့မဖြစ်ဘူး၊ မှင်စာလေးကို ခေါ်လိုက်ပါ"

ရှောင်ရဲ မျက်နှာပျက်သွားပြီး ...

"မှင်စာလေး ဒဏ်ရာတွေရထားတယ်၊ အဆိပ်လည်း မိထားတယ်၊ ကျွန်မက သူ့ကို မေ့ဆေးနဲ့ဖမ်းလိုက်တဲ့အပြင် ထွက်မပြေးနိုင်အောင် သွေးကြောတွေကို ဖျက်ဆီးထားလိုက်တာ၊ လူစဉ်မမီတော့ဘူး၊ သေမလိုဖြစ်နေပြီ၊ ဒါကိုသာ ယင်ကျင်းသိသွားရင် မလွယ်ဘူး"

ဟု အသံတိုးတိုးဖြင့် ပြောလေသည်။ ပုယို့စူးက ...

"ကိစ္စမရှိဘူး၊ မှင်စာလေးဟာ အမိကမကျဘူးလေ၊ ယင်ကျင်းရဲ့ရှေ့မှာ ကျုပ်က ဟန်ဆောင်ပြီး ဆေးကုပေးလိုက်မယ်၊ ဒါဆိုရင် သူယုံကြည်သွားမှာပဲ၊ ပြီးတော့မှ သူ့ကိုလည်း ဆေးကုပေးမယ်ဆိုပြီး လုပ်စရာရှိတာ ဆက်လုပ်ကြတာပေါ့"

ရှောင်ရဲ ဝမ်းသာသွားလေသည်။

"ကျွန်မကို ကူညီတဲ့အတွက် ရှင် အကျိုးမယုတ်စေရပါဘူး၊ ကျွန်မဟာ သိုင်းလောကကို လွှမ်းမိုးနိုင်ပြီဆိုရင် ရှင်လည်း ကြိုက်ရာလုပ်နိုင်ပြီလို့ မှတ်ပါ"

သူမသည် မှင်စာလေးအား ချုပ်နှောင်ထားရာမှသွား၍ ခေါ်လာ၏။ နဂိုကပင် လူစဉ်မမီသော မှင်စာလေးမှာ ရှောင်ရဲ၏လက်ချက်ကြောင့် မျော့မျော့သာ ရှိတော့သည်။ မတ်တတ်ပင် မရပ်နိုင်ဘဲ ပျော့ခွေနေသဖြင့် ပွေ့ချီလာရ၏။



တစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူလောင်ကာ အပြင်းဖျားနေပြီး သတိမရတစ်ချက် ရတစ်ချက်ဖြစ်နေသည်။ သူ၏သွေးကြောများသာမက အရိုးများပင် အချိုးဖွဲ့ခံထားရကြောင်း ပေါ်လွင်နေ၏။

ပုယို့စူးသည် မှင်စာလေးကို တစ်ချက်ကြည့်လိုက်ပြီး ...

"ကျုပ်က အခန်းထဲကို အရင်ပြန်ဝင်သွားမယ်၊ ပြီးမှ ခင်ဗျား လိုက်ခဲ့ပါ"

ဟု ပြောကာ အခန်းဝွင်းသို့ ဝင်သွား၏။ ရှောင်ရဲက မှင်စာလေးအား ပွေ့ချီထားရင်း ပုယို့စူး လှမ်းခေါ်မည့်အချိန်ကို စောင့်ဆိုင်းနေလိုက်လေတော့သည်။

✳

ပုယို့စူးက အခန်းတံခါးပိတ်ထားလိုက်သည်။ ယင်ကျင်အနီးသို့ ချဉ်းကပ်သွားပြီး ...

"မှင်စာလေး အခြေအနေမကောင်းဘူး၊ သူ့ကို အချိန်မီ ဆေးကုမပေးနိုင်ရင် သေသွားလိမ့်မယ်၊ သုံးရက်တောင် ခံတော့မှာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဟု အသံတိုးတိုးဖြင့် ပြောလိုက်လေသည်။

ပုယို့စူးသည် ယင်ကျင်း၏ ထူးဆန်းသောအခြေအနေကြောင့် စိတ်ဝင်သွားလေသည်။ အခန်းတွင်း၌ နှစ်ယောက်ထဲရှိနိုက် အကျိုးအကြောင်း စုံစမ်းခဲ့၏။

ယင်ကျင်းကလည်း ပုယို့စူးမှာ လက်ဗလာသမားတော်ဖြစ်ကြောင်း သိရလျှင် သူနှင့်မှင်စာလေးတို့၏ ကြုံတွေ့ခဲ့ရသော အခြေအနေအရပ်ရပ်ကို ပြောပြလိုက်လေသည်။

ဤတွင် ... မကောင်းမှု ရွံမုန်းသော ပုယို့စူးက ယင်ကျင်းတို့အား ကူညီရန် ဆုံးဖြတ်လိုက်လေသည်။

ထိုအကြောင်းကို ရှောင်ရဲ မရိပ်မိလိုက်ချေ။

ယင်ကျင်းသည် ပုယို့စူး ပြန်လည်ရောက်ရှိလာသည်ကို တွေ့ရလျှင် ...

"အခြေအနေ ဘယ်လိုရှိသလဲဟင်"

ဟု အလောတကြီး မေးလိုက်လေသည်။ ပုယို့စူးက ...

"ရှူး ... တိုးတိုး၊ ငါက ရှောင်ရဲကို နားသွင်းထားပြီးပြီ၊ သူက ငါ့ကိုယုံကြည်သွားတာ မင်းတို့ကံကောင်းတာပဲ"

ယင်ကျင်း ဝမ်းသာသွားလေသည်။

"ဒါဖြင့် မှင်စာလေးကို ဆေးကုပေးနိုင်တော့မှာပေါ့နော်"

ပုယို့စူး သက်ပြင်းချလိုက်လေသည်။

"ယင်ကျင်း ... မင်းကို ငါပြောမယ်၊ သေသေချာချာ နား



ထောင်ပါ"

ယင်ကျင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ... ပြောပါခင်ဗျာ"

ပုယို့စူးက ...

"မင်းရဲ့ခန္ဓာကိုယ်မှာ သာမန်အခြေအနေမဟုတ်တဲ့ ပြောင်းလဲမှုတွေ ဖြစ်ပေါ်နေတာဟာ အင်မတန် အစွမ်းထက်တဲ့ အာယုဒိဗ္ဗသစ်သီးကို စားသုံးခဲ့တာရယ်, ရှမ်းကျုံးရဲ့ ဖြေဆေးမရှိတဲ့ အဆိပ်အပ်ထိမှန်ခဲ့တာရယ်၊ ဒါတွေ ပေါင်းဆုံမိလို့ပဲ"

ယင်ကျင်း ပင့်သက်ရှိုက်လိုက်လေသည်။

သူက ခွန်အား အဆမတန်သန်စွမ်းနေသည်မှာ သဘာဝကျစရာမဟုတ်ဘဲ ရောဂါတစ်ခုစွဲကပ်နေခြင်းဖြစ်သည်ဟု ခံစားနေရလေသည်။ ပုယို့စူးက ဆက်ပြောလိုက်သည်။

"အာယုဒိဗ္ဗသစ်သီးဟာ ဘယ်လောက်ပဲ အစွမ်းထက်ပါစေ ... သစ်ပင်သစ်သီးတွေရဲ့ 'မူလရက္ခဓာတ်' ဟာ ပျောက်ကွယ်သွားမှာမဟုတ်ပါဘူး၊ ပြင်းထန်တဲ့အဆိပ်ကြောင့် မူလရက္ခဓာတ်ရဲ့သဘောဟာ ပြောင်းလဲသွားခဲ့တာပဲ၊ ဥပမာပြောရရင် စိမ်းလန်းနေတဲ့ သစ်ပင်တစ်ပင်ကို ရေနွေးနဲ့ လောင်းကြည့်ပါလား၊ ဘယ်လိုဖြစ်မလဲ၊ ချက်ချင်းညှိုးနွမ်းသွားမှာပဲ မဟုတ်လား"

ယင်ကျင်း ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ပါတယ် ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ပုယို့ရှူးက ...

"ရှမ်းကျုံးရဲ့အဆိပ်နဲ့ အာယုဒိဗ္ဗသစ်သီးရဲ့ မူလရက္ခဓာတ် ပေါင်းဆုံမိတဲ့အခါမှာ အာယုဒိဗ္ဗသစ်သီးရဲ့ မူလဓာတ်တချို့ဟာ ပျက်စီးသွားလိမ့်မယ်၊ ပျက်စီးသွားတဲ့ ဓာတ်တွေဟာ သွေးကြောတွေ အတိုင်း သွေးနဲ့အတူ ခန္ဓာကိုယ်ထဲ လှည့်ပတ်သွားပြီး အရေပြားက မွေးညင်းပေါက်တွေဆီကို ရောက်သွားမယ်"

သူက ဤနေရာတွင် စကားဖြတ်ကာ မေးလိုက်လေသည်။

"ယင်ကျင်း ... မင်းဟာ မှိုတစ်မျိုးကို တွေ့ဖူးသလား၊ တချို့ သစ်ပင်တွေ၊သစ်ကိုင်းတွေမှာ ရှိတတ်တယ်၊ မျက်စိနဲ့ခွဲခြမ်းစိတ်ဖြာဖို့ခက်တဲ့ မှိုကလေးတွေပေါင်း၊ မှိုပွင့်ပေါင်း ရာထောင်ချီပြီး ပေါင်းလိုက်မယ်ဆိုရင်တောင် နှမ်းတစ်စေ့လောက်အရွယ်ရှိလာဖို့ မလွယ်ဘူး၊ အဲဒီမှိုကို မတော်တဆလက်နဲ့ သွားကိုင်မိရင် သစ်ပင်မှာ ပြာလဲ့လဲ့ ဒါမှမဟုတ် စိမ်းဖန့်ဖန့် အလင်းရောင် ထွက်ပေါ်လာတတ်တယ်၊ ကိုင်မိတဲ့ လက်ကိုပြန်ကြည့်ဦး ... အလင်းရောင်လေးတွေ ထွက်နေတာ တွေ့ရမယ်၊ မီးစုန်းဓာတ်ပါတဲ့ မှိုတစ်မျိုးပေါ့"

ယင်ကျင်းမှာ ပုယို့ရှူးပြောသည့် မှိုမျိုးကို တွေ့ဖူးသလိုလို ရှိသည်ဟု ထင်မိလေသည်။ ပုယို့ရှူးက ...

"အဲဒီမှိုတွေဟာ နေ့ဘက်မှာ မထူးခြားပေမယ့် ညဘက် ရောက်ရင် အလင်းရောင်ထွက်တာတွေ့ရမယ်၊ မင်းရဲ့အဖြစ်က ဒီလိုပဲ"



ယင်ကျင်းက ...

"ကျွန်တော်က ..."

ပုယို့ရှူး ပြုံးလိုက်သည်။

"လူ့ခန္ဓာကိုယ် အရေပြားပေါ်မှာ ပေါက်တတ်တဲ့ ညှင်းတို့ တင်းတိပ်တို့ကို မင်း မြင်ဖူးတယ်မဟုတ်လား၊ အဲဒါဟာ အရေပြား မှိုစွဲရောဂါလို့ ငါလေ့လာခဲ့ဖူးတဲ့ ဆေးကျမ်းတွေမှာ ဖော်ပြထားတယ်၊ ပျက်စီးနေလို့ မင်းရဲ့ခန္ဓာကိုယ်ထဲက လက်မခံဘဲ စွန့်ထုတ်လိုက်တဲ့ အဆိပ်နဲ့ ပေါင်းစပ်နေတဲ့ အာယုဒိဗ္ဗသစ်သီးရဲ့ မူလရုပ်ဓာတ်ပျက်တွေဟာ မွေးညင်းပေါက်တွေက ထွက်လာပြီး အရေပြားမှာ မှိုစွဲသလိုဖြစ်သွားတာကြောင့် ညဘက်ရောက်ရင် မင်းရဲ့ခန္ဓာကိုယ်က စိမ်းဖန့်ဖန့်အလင်းရောင်တွေ ထွက်ပေါ်လာတာပဲ"

ယင်ကျင်း သက်ပြင်းချလိုက်သည်။ အဖြစ်မှန်ကို ယခုမှ နားလည်သွားလေတော့သည်။ ပုယို့ရှူးက ...

"မင်း ကံကောင်းသွားတယ်၊ ရောဂါဝေဒနာအပေါင်းကို နှိမ်နင်းတဲ့ 'ဂျင်စင်းနီ' ကို ကျုပ်က ရရှိခဲ့လို့ ဆေးဖော်စပ်နိုင်ခဲ့တယ်၊ အဲဒီဆေးကို သောက်လိုက်ရင် မင်းရဲ့ဝေဒနာတွေ အားလုံးပျောက်သွားပြီး လူကောင်းပကတိ ပြန်ဖြစ်သွားလိမ့်မယ်"

ယင်ကျင်းက လက်နှစ်ဖက်ဆုပ်ကာ ဦးညွတ်လိုက်သည်။

"ဦးရဲ့ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူးခင်ဗျာ"

ဟု လှိုက်လှိုက်လှဲလှဲ ပြောလိုက်လေသည်။ ပုယို့ရှူးက ...

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုတော့ရှိတယ် ... ကျုပ်ရဲ့ဆေးကို သောက်ပြီးတာနဲ့ အလင်းရောင်ထွက်ပေါ်နေတာမျိုး ပျောက်သွားမယ့်အပြင် မင်းရဲ့ ခန္ဓာကိုယ်ထဲမှာ ကိန်းအောင်းနေတဲ့ အင်အားတွေလည်း ပျောက်ကွယ်သွားလိမ့်မယ်၊ မင်းဟာ သာမန်လူတစ်ယောက်ဘဝကို ပြန်ရောက်သွားလိမ့်မယ်၊ ဒီအချက်ကို မင်းစဉ်းစားဖို့ လိုလိမ့်မယ်"

ယင်ကျင်း ငိုင်သွားလေသည်။ သူက ထူးဆန်းသောဘဝဖြင့် ဆက်လက်နေထိုင်သွားမည်လော။ သို့မဟုတ် သာမန်မြင်းလှည်းသမားလေးဘဝသို့ ပြန်သွားမည်လော။ ပုယို့ရှူးက ...

"မင်း ဆေးမကုဘဲနေလည်း ထူးဆန်းတဲ့ခန္ဓာကိုယ်ပိုင်ရှင်ဖြစ်နေတာကလွဲပြီး ဘာမှထိခိုက်စရာမရှိဘူး၊ အသက်အန္တရာယ်လည်း မရှိဘူး၊ တခြား ဘာရောဂါဝေဒနာမှ ရစရာလည်း မရှိဘူး၊ ရောဂါဝေဒနာတွေကို မမှုတဲ့လူတစ်ယောက်တောင် ဖြစ်နေဦးမယ်၊ ဆေးသောက်ပြီးရင်တော့ သာမန်လူတစ်ယောက်ပဲပေါ့"

ယင်ကျင်း သက်ပြင်းချလိုက်လေသည်။

"ကျွန်တော်ဟာ အဖြူရောင်သိုင်းသမားဘဝကို နှစ်သက်ပါတယ်၊ ဒါပေမဲ့ သာမန်လူတစ်ယောက်ဘဝနဲ့ နေသွားတာက အကောင်းဆုံး ဖြစ်ပါလိမ့်မယ်ခင်ဗျာ"

ဟု သူ၏သဘောထားကို ပြောပြလိုက်လေသည်။ ပုယို့ရှူးက ...

"ဒါဖြင့် မင်းက သုခချမ်းသာဆေးကို သောက်မယ်ပေါ့



ဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ"

ထိုစဉ် ...

"မှင်စာလေးကို ခေါ်လာရတော့မလား"

အပြင်ဘက်မှ ရှောင်ရဲ၏အသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ပုယို့ရှူး လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

"ဝင်ခဲ့ပါ"

ဟု ပြောလိုက်လေသည်။ သူ၏စကားအဆုံးတွင် ကျွဲခနဲ မြည်ကာ တံခါးပွင့်သွားပြီး ရှောင်ရဲက လှမ်းဝင်လာလေတော့သည်။

✳

မှင်စာလေး၏အခြေအနေမှာ အတော်ဆိုးရွားနေ၏။ သုံးရက်မျှသာ အသက်ရှင်နိုင်တော့မည်ဟူသော ပုယို့ရှူး၏စကားကို ပြန်လည်ကြားယောင်မိသည်။ ထို့ကြောင့် ...

"ဦးရယ် ... ဘာဘမှင်စာလေးကို အရင်ဆေးကုပေးပါ"

ဟု ယင်ကျင်းက ပုယို့ရှူးအား တောင်းပန်လိုက်လေသည်။ ပုယို့ရှူးက ...

"ငါ့ရဲ့ဘဝတစ်သက်တာမှာ ဂျင်စင်းနီကို တစ်ကြိမ်ပဲရခဲ့

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သုခချမ်းသာဆေးလုံးလည်း တစ်လုံးပဲ ဖော်စပ်နိုင်ခဲ့တယ်၊ ဂဆေးတစ်လုံးဆိုတော့ တစ်ကြိမ် တစ်ယောက်စာပဲပေါ့"

ဟု ပြောလေသည်။

သူ၏စကားကို ရှောင်ရဲက ကောင်းစွာနားရှင်းမည် မဟုတ်ပါ။ ယင်ကျင်းက ကောင်းကောင်းကြီး သဘောပေါက်လိုက်လေသည်။

မှင်စာလေးအား ကုသပေးရလျှင် သူ့အား ကုသပေးနိုင်တော့မည် မဟုတ်ကြောင်း ရှင်းပြလိုက်ခြင်း ဖြစ်သည်။ ဆေးတစ်လုံးတည်းသာ ရှိသည်မဟုတ်ပါလား။

ယင်ကျင်း ငိုင်သွားလေတော့ သည်။ ထိုစဉ် ...

"သမားတော်ကြီး ... မှင်စာလေးကို ဆေးကုပေးလိုက်ပါ"

ရှောင်ရဲက ပြောလာလေသည်။ သူမသည် ယင်ကျင်းအား ပြုံးပြရင်း ...

"ငါ့စကားကို နားထောင်မယ် မဟုတ်လား၊ မှင်စာလေးကို ဆေးကုပေးမယ်လေ"

ဟု လှမ်းပြောလေသည်။ ယင်ကျင်းက ပုယို့စူးအား ကြည့်လိုက်၏။ ပုယို့စူးသည် သူ၏အဆုံးအဖြတ်အား စောင့်မျှော်နေကြောင်း တွေ့ရလေသည်။

ယင်ကျင်း တည်ကြည်သောမျက်နှာထားဖြင့် ...

"ဘာဘာမှင်စာလေးကို ဆေးကုပေးလိုက်ပါ ခင်ဗျာ"



ဟု ပြောလိုက်လေသည်။

ပုယို့စူးက သုခချမ်းသာဆေးလုံးအား မှင်စာလေးကို တိုက်ကျွေးလိုက်လေတော့သည်။

✳

ယင်ကျင်းသည် ထူးခြားသော စွမ်းအင်ပိုင်ရှင်အဖြစ် တစ်သက်လုံး ရပ်တည်သွားရတော့မည်ဖြစ်သည်။ သာမန်လူတစ်ယောက်ဘဝကို ဘယ်သောအခါမှ ပြန်လည်ရရှိနိုင်တော့မည် မဟုတ်ပါချေ။

ယင်ကျင်း စိတ်လှုပ်ရှားနေပါတော့သည်။ သူ၏ဘဝလမ်းကို သူကိုယ်တိုင် ရွေးချယ်လိုက်သည်မဟုတ်ပါလား။ သူ့အသက်ကို တစ်ကြိမ်ကယ်ခဲ့ဖူးပြီး သူ့အား သွန်သင်ဆုံးမ လမ်းပြခဲ့သော မှင်စာလေး၏ကျေးဇူးကို ပြန်ဆပ်လိုက်ခြင်း ဖြစ်ပါသည်။

ယင်ကျင်း၏အကြောင်းကို ပုယို့စူးနှင့် မှင်စာလေးတို့မှလွဲပြီး မည်သူမျှ သိနိုင်တော့မည် မဟုတ်ပါချေ။ ရှောင်ရဲက ...

"မှင်စာလေးကိုတော့ ဆေးတိုက်ပြီးပြီ၊ ယင်ကျင်းတို့ကို ဆေးတိုက်လိုက်ပါဦးရှင်"

ဟု ပုယို့စူးအား ပြောလိုက်လေသည်။ ပုယို့စူးက ...

"သူ့ကို ဆေးကုဖို့ သိပ်မလွယ်ဘူး၊ သွေးဖောက်ပြီးစိစ်

www.burmeseclassic.com

www.burmeseclassic.com



ဆေးကြည့်ရဦးမယ်၊ ဒါကြောင့် ပုလင်းတစ်လုံးနဲ့ ဓားတစ်ချောင်း သွားယူခဲ့ပါ"

ဟု ပြောလိုက်သည်။ ယင်ကျင်းအား သွေးဖောက်ထုတ်တော့မည် ဆိုသည့်သဘောဖြင့် ရှောင်ရဲအား မျက်လုံးတစ်ဖက် မှိတ်ပြလိုက်လေသည်။ ရှောင်ရဲ သဘောကျသွားသည်။

"ရမယ် ... ရမယ်"

သူမသည် အခန်းအပြင်ဘက်သို့ ပြေးထွက်သွား၏။ ထိုအခါ

"ကျူပ်မှားသွားတယ်လို့ မင်းထင်သလား"

ပုယို့ရှူးက ယင်ကျင်းကို မေးလိုက်သည်။ ယင်ကျင်းက ဘာမှမပြောဘဲ နေလိုက်လေသည်။ ပုယို့ရှူးက ...

"မင်းကို ဆေးတိုက်လိုက်ရင် အရင်ဆုံး မှင်စာလေး သေသွားမယ်၊ သူ့ကို ဆေးကုပေးနိုင်ခွင့်မရှိတော့ဘူး၊ နောက်တော့ မင်းဟာ သာမန်လူတစ်ယောက် ဖြစ်သွားမယ်၊ ကဲ ... ရှောင်ရဲကို ဘယ်လိုသဘောထားမလဲ၊ သူကတော့ လိုတာမရနိုင်တော့ဘူးဆိုတာနဲ့ မင်းရောငါပါ နှစ်ယောက်စလုံးကို သတ်ပစ်လိုက်မှာပဲ၊ နောက်ဆုံး အဖြေက ငါတို့သုံးယောက်စလုံး သေသွားမယ်၊ ငါ ကြိုးစားပြီး ဖော်စပ်ထားရတဲ့ သုခချမ်းသာဆေးကို ဆုံးရှုံးလိုက်ရမယ်၊

ယင်ကျင်း ... မင်းအတွက် ငါစိတ်မကောင်းပါဘူး၊ အခု အခြေအနေအတိုင်း မင်း ဆက်ပြီးရှိနေမယ်ဆိုရင် ရှောင်ရဲကိုရော၊ သိုင်းလောကကိုဖျက်ဆီးမယ့် ပလွေရှင်ကိုရော ရင်ဆိုင်ဆုံးမနိုင်လိမ့်



မယ်၊ အများကောင်းကျိုး၊ သိုင်းလောကကောင်းကျိုး သယ်ပိုးဆောင်ရွက်နိုင်လိမ့်မယ်၊

မင်းဟာ မင်းရဲ့ သာမန်လူတစ်ယောက်ဘဝကို ဆုံးရှုံးလိုက်ရပေမယ့် ဒုက္ခရောက်ရမယ့် လူပေါင်းများစွာကို ကယ်တင်နိုင်လိမ့်မယ်၊ ဒါတွေကို နားလည်သဘောပေါက်မယ်လို့ ငါမျှော်လင့်ပါတယ်၊ ငါ့က မှင်စာလေးကို သုခချမ်းသာဆေး တိုက်လိုက်တဲ့အတွက် ခွင့်လွှတ်နိုင်မယ်လို့ပဲ မျှော်လင့်ပါတယ်"

ဟု ရှင်းပြလေသည်။ ယင်ကျင်းသည် သာမန်လူတစ်ယောက်ဘဝကို ဆုံးရှုံးလိုက်ရပြီဟူ၍ ဖော်မပြနိုင်အောင် ခံစားနေရ၏။ ပုယို့ရှူး၏စကားကြားရသောအခါ အခြေအနေမှန်ကို သိမြင်လာလေသည်။

"လူတစ်ယောက်ရဲ့အသက်ရှင်သန်မှုဟာ သာမန်အခြေအနေမျိုးနဲ့ ပြီးဆုံးသွားရမယ့်အစား တန်ဖိုးရှိတဲ့ဘဝ၊ တန်ဖိုးရှိတဲ့ အသက်ရှင်ခြင်းမျိုးနဲ့ ပြီးဆုံးသင့်တယ်ဆိုတာ ကျွန်တော် သဘောပေါက်ပါပြီခင်ဗျာ"

ဟု တည်ကြည်သောမျက်နှာထားဖြင့် ပြောလိုက်လေသည်။ ပုယို့ရှူးသည် ယင်ကျင်းအား ချီးကျူးလေးစားသောအကြည့်ဖြင့် ကြည့်လိုက်မိလေတော့သည်။ ထိုအချိန်မှာပင် ...

"ပုလင်းနဲ့ဓား ရပြီ"

ရှောင်ရဲက အပြေးတစ်ပိုင်း ဝင်ရောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ပုယို့စူးက ယင်ကျင်းကို မျက်ရိပ်ပြလိုက်သည်။ ယင်ကျင်းက ရှောင်ရဲအား ဆုံးမရန် ဟန်ပြင်လိုက်လေသည်။ ထိုစဉ်မှာပင် ...

"မိန်းမယုတ် ... သတိသာထား"

မှင်စာလေးသည် ရုတ်တရက်ခုန်ထလာပြီး ရှောင်ရဲအား ခြေထောက်ဖြင့် ကန်ကျောက်လိုက်လေသည်။ လေထဲပျံဝဲကာ ကန်ကျောက်လိုက်သည့် မှင်စာလေး၏ ခြေနှစ်ချောင်းသည် ရှောင်ရဲ၏ ဦးခေါင်းကို တည့်တည့်မတ်မတ်ထိမှန်သွား၏။

'ဝုန်း'

"အမယ်လေး"

ရှောင်ရဲငယ်သံပါအောင် အော်ဟစ်ကာ အဝေးသို့ လွင့်စဉ်သွားလေသည်။ သူမ၏ခန္ဓာကိုယ် ကြမ်းပြင်ပေါ် ကျသွားပြီး သုံးလေးပတ်လိမ့်သွား၏။ မှင်စာလေး၏ခြေထောက်ကန်ချက်မှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပါတော့သည်။

ရှောင်ရဲသည် ဦးခေါင်းတစ်ခုလုံး ကွဲအက်ကြေမွသွားသွားကာ မည်သို့ဖြစ်ပျက်လိုက်သည်ကိုပင် မသိနိုင်လိုက်ဘဲ အမိုက်ဇာတ်သိမ်းသွားလေတော့သည်။

✱



သုခချမ်းသာဆေးလုံး ...။

ပုယို့စူး၏ သုခချမ်းသာဆေးလုံးသည် နာမည်နှင့်လိုက်အောင် ချမ်းသာသုခပေးစွမ်းနိုင်ခဲ့ပြီ ဖြစ်လေသည်။

မှင်စာလေး၏ရောဂါဝေဒနာများမှာ ယူပစ်သလို ပျောက်ကင်းသွားပြီး လူကောင်းပကတိဖြစ်လာသည်။

ရှောင်ရဲအား ဆုံးမလိုက်ပြီးနောက် ယင်ကျင်းတို့အတွက် အနှောင်အဖွဲ့မရှိတော့ချေ။ ယင်ကျင်းသည် ခန္ဓာကိုယ်တွင်း၌ ပြင်းထန်သောခွန်အားလှိုင်းများ ရှိသည်ကိုလည်းကောင်း၊ စိမ်းဖန့်ဖန့်အရောင်ထွက်ပေါ်လာတတ်သည်ကိုလည်းကောင်း လျစ်လျူရှုထားလိုက်၏။

မည်သို့သောဘဝမျိုးဖြင့် အသက်ရှင်နေထိုင်သွားရမည်ကို သူ ကောင်းစွာသဘောပေါက်ထားပြီး ဖြစ်လေသည်။

ယင်ကျင်း၊ မှင်စာလေးနှင့် ပုယို့စူးတို့သည် ပျော်ရွှင်စွာဖြင့် သစ်လုံးအိမ်ကလေးထဲမှ ထွက်လာခဲ့ကြလေသည်။

သုံးယောက်သား သစ်လုံးအိမ်ကလေးအပြင်ဘက်သို့ ရောက်လာချိန်မှာပင် အဝေးမှ သာယာငြိမ့်ညောင်းသော ပလွေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

✱

www.burmeseclassic.com

www.burmeseclassic.com



ပလွေသံ ...။

ပလွေသံသည် သာယာငြိမ့်ညောင်းစွာ ထွက်ပေါ်လာလေသည်။ အဝေးမှထွက်ပေါ်လာပြီး တဖြည်းဖြည်းနီးကပ်လာလေသည်။

ယင်ကျင်း၊ မှင်စာလေးနှင့်ပုယို့စူးတို့တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။ ပုယို့စူးက ...

"ပလွေရှင်နဲ့ရှောင်ရဲဟာ ကျူပ်ကိုလိုချင်လို့ သိန်းဖုံးဆီကိုလာပြီး တိုက်ခိုက်ကြတယ်၊ သိန်းဖုံးနဲ့ပလွေရှင် တိုက်ခိုက်နေတုန်း ရှောင်ရဲက ကျူပ်ကိုဖမ်းပြီး ထွက်ပြေးလာတော့ ပလွေရှင်က လိုက်လာတာဖြစ်မှာပေါ့၊ သူလိုက်လာရင် မလွယ်ဘူး ယင်ကျင်း၊ မင်းက လွဲပြီး သိုင်းလောကမှာ သူ့ကိုရင်ဆိုင်မယ့်လူ မရှိတော့ဘူး"

ဟု ပြောလေသည်။ မှင်စာလေးက ...

"ဟုတ်တယ် ယင်ကျင်း ... ပလွေရှင်ကို ဆုံးမလိုက်ရင် ထိုက်စန်းတောင် စည်းဝေးပွဲဆိုတာ ဖြစ်လာမှာမဟုတ်ဘူး၊ အနက်ရောင်သိုင်းလောကသားတွေလည်း စုဝေးမိကြမှာ မဟုတ်ဘူး၊ ဒါဆိုရင် ဖြစ်ပေါ်လာမယ့်သိုင်းလောကရဲ့အန္တရာယ်ကို အလိုလိုကာကွယ်ပြီးသား ဖြစ်သွားလိမ့်မယ်"

ပုယို့စူးက ...

"ဒါမှန်တယ်၊ ထိုက်စန်းတောင်မှာ အနက်ရောင်သိုင်းသမားတွေ စုဝေးမိရင် သိုင်းလောကအတွက် အန္တရာယ်ရှိတယ်၊ မကောင်းတဲ့လူတွေဟာ စုစည်းမိပြီဆိုရင် မကောင်းတာလုပ်ဖို့ပဲ ပြောဆိုကြ



စည်ကြမှာပဲ၊ အဖြူရောင်သိုင်းသမားတွေဟာလည်း အချင်းချင်း စုဝေးပြီး ထိုက်စန်းတောင်ကို မျက်ခြည်မပြတ် ကြည့်နေကြတယ်၊ တိုက်ပွဲကြီးတစ်ခုဖြစ်ဖို့ တာစူနေတာပေါ့၊ တိုက်ပွဲကြီးဖြစ်လာရင် နှစ်ဖက်စလုံးထိခိုက်သေကျေကြမယ်၊ သိုင်းလောက သွေးချောင်းစီးမယ်၊ ယင်ကျင်း ... ဒီဖြစ်ရပ်ကို မင်း တားဆီးရလိမ့်မယ်"

ယင်ကျင်း၏ရင်ထဲ လှုပ်လှုပ်ရှားရှား ဖြစ်လာလေသည်။

အနက်ရောင်သိုင်းသမားများ၏ဆိုးရွားမှုကို သူ လက်တွေ့သိထားပြီး ဖြစ်ပါသည်။

သွေးချောင်းစီးတိုက်ပွဲကိုတော့ တားဆီးနိုင်ဖို့မှာ ပလွေရှင်နှင့်ရင်ဆိုင်ခြင်းသာဖြစ်ကြောင်း သဘောပေါက်လာသဖြင့် ...

"ကောင်းပါပြီ ... ပလွေရှင်ကို ကျွန်တော် ရင်ဆိုင်ပါ့မယ်"

ဟု ကတိပေးလိုက်လေသည်။ ပုယို့စူးက ...

"ပလွေရှင်ရဲ့ သိုင်းပညာဟာ ကြောက်စရာကောင်းတဲ့အပြင် သူ့ရဲ့ပလွေသံလှိုင်းကို သိုင်းထိပ်သီးတွေတောင် မခံနိုင်ကြဘူး၊ ငါတို့လည်း ခံနိုင်ရည်ရှိမှာမဟုတ်ဘူး၊ မင်းက သူ့ကို ရင်ဆိုင်နိုင်ပေမယ့် ငါတို့ကတော့ သူ့ရဲ့ပလွေလှိုင်းကြောင့် ဒုက္ခရောက်နိုင်တာဆိုတော့ ရှောင်နေလိုက်မှဖြစ်မယ် ... မင်း ဘယ်လိုသဘောရသလဲ"

ဟု မေးလေသည်။ ယင်ကျင်း သဘောတူလိုက်လေသည်။

"ဟုတ်တယ် ... ဦးနဲ့ ဘဘမှင်စာလေးတို့ ရှောင်နေလိုက်ကြတာ အကောင်းဆုံးပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ... ပလွေသံသည် တစ်စထက်တစ်စ နီးကပ်လာပြီဖြစ်၍ ပလွေရှင်ရောက်လာတော့မည်ဖြစ်ကြောင်း ထင်ရှားလေသည်။

ယင်ကျင်းက ...

"ဦးတို့ ရှောင်နေလိုက်ကြပါ၊ ကျွန်တော် သူနဲ့ သွားတွေ့လိုက်မယ်"

စကားဆုံးလျှင် ရှေ့သို့ ရိပ်ခနဲ ပြေးထွက်သွားလေသည်။

ယခု ...

ယင်ကျင်းသည် သူ၏ပညာအား အများအကျိုးဆောင်ရွက်သည့် သိုင်းသမားတစ်ယောက်အဖြစ် ရပ်တည်သွားရန် ဆုံးဖြတ်ထားပြီး ဖြစ်လေတော့သည်။

✱ ✱ ✱



## စွမ်းအားရှင်တို့ ယှဉ်ပြိုင်ပွဲ

ယင်ကျင်းသည် ရိပ်ခနဲပြေးထွက်လာရာ တောအုပ်၏ဝဲဘက်မြေကွက်လပ်တစ်ခုသို့ရောက်လျှင် ပလွေမှုတ်ကာ ညင်သာသော ခြေလှမ်းများဖြင့် လှမ်းလာနေသူတစ်ယောက်အား တွေ့မြင်လိုက်ရလေသည်။

ထိုလူသည် အလွန့်အသဘောမနောကောင်းသူတစ်ယောက် အသွင် ရှိလေသည်။ ကြည်ညိုလေးစားစရာကောင်းသူဟုလည်း ထင်ရ၏။

သို့သော် ထိုလူမှာ သိုင်းလောကအား ဖျက်ဆီးဖို့ ကြိုးစားနေသော ရာဇဝင်လူဆိုးကြီးဖြစ်သည်။

အရှေ့ကျွန်းသခင် ပလွေရှင်ဖြစ်လေသည်။

ပလွေရှင်သည်လည်း ယင်ကျင်းအား တွေ့မြင်ရလျှင် ခြေလှမ်းရပ်လိုက်လေသည်။ ပလွေကိုဘေးချပြီး ယင်ကျင်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်လေသည်။

ယင်ကျင်းကလည်း သူ့အား စိုက်ကြည့်နေ၏။ ပလွေရှင်၏မျက်နှာ တဖြည်းဖြည်း ပြုံးယောင်သန်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ယင်ကျင်း ... ဟုတ်လား"

ဟုလည်း မေးလာလေသည်။ ယင်ကျင်းက ...

"ဟုတ်ပါတယ် ... ကျွန်တော့်ကိုမြင်တာနဲ့ ယင်ကျင်းဆိုတာကို သိနေတဲ့အတွက်လည်း အံ့သြမိပါတယ်"

ဟု ပြောလိုက်သည်။ ပလွေရှင်က ...

"ကျုပ်က ရှောင်ရဲနဲ့တွေ့ခဲ့တယ်၊ မင်းအကြောင်းကို သူ့ဆီက သိခဲ့ရတယ်၊ ရှောင်ရဲဟာ မင်းကိုအသုံးချပြီး ဆေးဖော်စပ်ဖို့ ကျုပ်ကို အဖော်ဆွယ်သေးတယ်၊ ကျုပ်လည်း ဒီကိစ္စကို အတော်ပဲ စိတ်ဝင်စားမိတယ်"

ယင်ကျင်းက ...

"ရှောင်ရဲ သေသွားပါပြီဗျာ"

ပလွေရှင် ခေါင်းညိတ်လိုက်သည်။

"သူက ပုယို့စူးကို ဖမ်းခေါ်သွားနိုင်ပြီဆိုတော့ ပိုင်ပြီလို့ တွက်ခဲ့မှာပေါ့၊ မင်းရဲ့အစွမ်းအစကို လျစ်လျူရှုလို့ ခံလိုက်ရတာ မဟုတ်လား"

ယင်ကျင်းက ...

"ဟုတ်ပါတယ်ဗျာ၊ သူ့ရဲ့အမှားဟာ ပြန်ပြင်လို့မရတော့ပါဘူး"

ပလွေရှင် သက်ပြင်းချလိုက်သည်။

"သူပြောတုန်းက ကျုပ် မယုံခဲ့ဘူး၊ ခုတော့ မယုံနိုင်စရာ



အကြောင်း မရှိတော့ပါဘူးလေ"

ယင်ကျင်းက ...

"ကျွန်တော်ဟာ ခုလိုဘဝမျိုးကို ရောက်ခဲ့ရတာကို အရင်ကတော့ ဝမ်းနည်းမိပါတယ်၊ အခု ဝမ်းမနည်းတော့တဲ့အပြင် ဝမ်းသာမိပါတယ်၊ ဘာကြောင့်လဲဆိုတော့ သိုင်းလောကရဲ့အန္တရာယ်ကို ကာကွယ်နိုင်မှာမို့ပါ"

သူ၏စကားအဆုံးတွင် ...

'ဟား .. ဟား .. ဟား'

ပလွေရှင်က ဟားတိုက်ရယ်မောလိုက်လေသည်။

ယင်ကျင်းသည် သိုင်းလောကသား မဟုတ်သော်လည်း မိမိကိုယ်ကိုယ် သိုင်းသမားတစ်ယောက်အဖြစ် သဘောထားလိုက်ပြီဖြစ်လေသည်။

သိုင်းလောကထိပ်သီးလူဆိုးရာဇာကြီးနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သော်လည်း ကြောက်ရွံ့ထိတ်လန့်မှု လုံးဝမရှိသည့်အပြင် ရဲဝံ့နေ၏။

ပလွေရှင်က ...

"ယင်ကျင်း ... မင်းဟာ သူရဲကောင်းလုပ်ချင်နေတာ ကိုး၊ ကဲ ကဲ ... ငါ့ရဲ့ပလွေသံလေးကို နားဆင်ကြည့်လိုက်ပါဦး"

စကားဆုံးလျှင် လမ်းဘေးရှိ ကျောက်တုံးတစ်တုံးပေါ်၌ အကျအနထိုင်ချလိုက်ပြီး ပလွေကိုနှုတ်ခမ်း၌တေ့ကာ တေးသီချင်းတစ်ပုဒ်ကို စတင်တီးမှုတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ငြိမ့်ညောင်းသာယာသော ပလွေသံများ ထွက်ပေါ်လာလေတော့သည်။

✳

ငြိမ့်ညောင်းသာယာသော ပလွေသံများ ထွက်ပေါ်လာလေသည်။

ယင်ကျင်းက မလှုပ်မယှက်ရပ်နေသည်။ ပလွေရှင်၏ပလွေသံစွမ်းအားဖြင့် တိုက်ခိုက်မှုကိုခုခံရန် ဟန်ပြင်ထား၏။

ထိပ်တိုက်ရင်ဆိုင်ရခြင်းမျိုး မဟုတ်ဘဲ ပလွေအသံလှိုင်းဖြင့် တိုက်ခိုက်လာခြင်းအား မည်သို့ရင်ဆိုင်ရမည်ကို ရုတ်တရက် သူ မသိနိုင်ခြင်းက အမှန်ပင်။

သူက သိုင်းပညာကို မှင်စာလေးထံမှ သင်ကြားခဲ့ရသော်လည်း စနစ်တကျ အချိန်ယူပြီး လေ့ကျင့်ခဲ့ရသည်မဟုတ်ပါ။ တစိုက်မတ်မတ် လေ့ကျင့်ခဲ့ရသည် မဟုတ်ပါ။ ထို့ကြောင့် သူ၏အခြေအနေသည် ပရမ်းပတာဖြစ်နေသည်ဟုပင် ဆိုနိုင်ပါသည်။

မည်သို့ပင်ဖြစ်စေ ... ယင်ကျင်းသည် အသက်ကိုပင် ပဓာနမထားဘဲ ရင်ဆိုင် သွားရန် ဆုံးဖြတ်ထားလေသည်။

ပလွေသံသည် ချိုလွင်သာယာစွာ ထွက်ပေါ် လာနေရာမှ



မသိမသာ သံစဉ်ပြောင်းလာလေသည်။ ပလွေသံ မြန်လာသည်။

ပျော်ရွှင်နေရာမှ မမျှော်လင့်ဘဲ ကြမ္မာဆိုးကြုံရသဖြင့် ဝမ်းနည်းကြေကွဲရသည့် ခံစားချက်များကို ဖော်ကျူးထားသောသံစဉ်ဖြစ်လေသည်။

ပလွေသံကြားရသဖြင့် ပျော်ရွှင်ကြည်နူးစိတ် ဖြစ်ခဲ့ကြသူများသည် ပလွေ၏သံစဉ်ပြောင်းလဲသွားသောအခါ၌လည်း ဝမ်းနည်းကြေကွဲစိတ်များ ဖြစ်ပေါ်လာမည်ဖြစ်သည်။

ပလွေသံ၏သံစဉ်သည် တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲသွားသည်။ ဝမ်းနည်းကြေကွဲရာမှ ဒေါသနှင့် အမုန်းတရားကို ဖြစ်ပေါ်စေသော ခံစားချက်များ၊ နာကြည်းမှုများ၊ ရန်လိုခြင်းများနှင့် သေခြင်းတရား စသောခံစားချက်များ ဖြစ်ပေါ်လာအောင် ညှို့ယူဖမ်းစားသွားခဲ့လေသည်။

ထိုမျှမက ... လေပြင်းမုန်တိုင်းတိုက်ခတ်သည့်အလား လောကကြီးတစ်ခုလုံး မှောင်အတိကျကာ ကမ္ဘာကြီး၏နောက်ဆုံးနေ့ရက်ရောက်နေသည့်အလား မိုးကြိုးပစ်ခြင်း၊ ပင်လယ်ပြင်၏လှိုင်းတံပိုးထန်ခြင်း၊ တောင်ပြိုခြင်း၊ မြေလျှောင်လှုပ်ခြင်း စသည့်စသည့်ထိတ်လန့်ချောက်ချားစရာကောင်းအောင် ဖန်ဆင်းနိုင်ခဲ့လေသည်။

ပလွေရှင်၏ ပလွေသံလှိုင်းနှင့် ညှို့ယူမှုစွမ်းအားကို သိုင်းလောကသား အတော်များများ ခံနိုင်ရည်မရှိခဲ့ကြချေ။ အချို့ ... သွပ်သွားကြသည်။ အချို့က ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သွားကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အချို့က အချင်းချင်းတိုက်ခိုက်ကာ သေပွဲဝင်ခဲ့ရလေသည်။

မိစ္ဆာစွမ်းအား ဖန်တီးနိုင်စွမ်းရှိသော ပလွေသံအား သိုင်းလောကသားများ ဖိမ့်ဖိမ့်တုန်အောင် ကြောက်ခဲ့ရလေသည်။

ရှောင်လင်၊ ဝူတန်း၊ ဂူဗီ၊ ငိုမီ၊ ဝါမေဂိုဏ်းများမှ ဂိုဏ်းချုပ်ကြီးများနှင့် သိန်းဖုံးတို့ကဲ့သို့ ထိပ်သီးပညာရှင်များပင်လျှင် မိမိတို့၏စိတ်ကို ပလွေသံလွှမ်းမိုးခြင်း မခံရလေအောင် အတွင်းအားဖြင့်မနည်း ထိန်းချုပ်တွန်းလှန်ခဲ့ရသည့်သာဓကများ ရှိခဲ့ဖူးလေသည်။

ယင်ကျင်းသည် စွမ်းအားရှင် အရှေ့ကျွန်း သခင်ပလွေရှင်၏ပလွေသံလှိုင်းကို ခံနိုင်ရည်ရှိပါမည်လော။ ရုတ်တရက် ...

'ဟူး'

ကမ္ဘာမြေကြီး ထက်ခြမ်းကွဲသွားအောင် မိုးကြိုးပစ်ချလိုက်သည့်အလား ကျယ်လောင်စွာ မြည်ဟည်းသံထွက်ပေါ်လာပြီး ပလွေသံ ရုပ်တန့်ပျောက်ကွယ်သွားလေတော့သည်။

✳

ပလွေသံ ကွယ်ပျောက်သွားပြီ ဖြစ်လေသည်။

ပလွေရှင်၏ တစ်ကိုယ်လုံး ချွေးပြိုက်ပြိုက်စို့ရွှဲနေ၏။ ခရီးဝေးကို ဖြတ်သန်းလာခဲ့ရသူတစ်ယောက် သို့မဟုတ် ပြင်းထန်လှသော



တိုက်ပွဲကြီးတစ်ခုအတွင်းမှ ရုန်းထွက်လာရသူတစ်ယောက်ပမာ ရှိနေသည်။

ပလွေရှင် သည် ယင်ကျင်းကို မပေါ့ဆဝံ့သဖြင့် ပညာကုန်ထုတ်သုံးခဲ့ခြင်း ဖြစ် ပါသည်။ သူ၏ပလွေသံကြောင့် သေဆုံးသွားခြင်းမရှိသည့်တိုင် အတွင်းဒဏ်ရာရသွားလိမ့်မည်ဟု ယုံကြည်ထားလေသည်။

သူကိုယ်တိုင်လည်း အတွင်းအား သုံးပုံနှစ်ပုံခန့် ကုန်ခန်းသွားသည်အထိ ပလွေလှိုင်းစွမ်းအားထက်မြက်စေရန် အတွင်းအားကိုအသုံးချခဲ့ရသည် မဟုတ်ပါလား။ ထို့ကြောင့်လည်း သူ၏တစ်ကိုယ်လုံးချွေးပြိုက်ပြိုက်စို့၍နေခြင်းဖြစ်ပါတော့သည်။

ပလွေရှင်သည် ပလွေကို ဘေးချကာ ယင်ကျင်းအား လှမ်းကြည့်လိုက်၏။ ထိုအခါ ယင်ကျင်းသည် တစ်စုံတစ်ရာဖြစ်ပုံမရဘဲမလှုပ်မယှက်ရပ်နေသည်ကို တွေ့မြင်လိုက်ရသဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

"မင်း ... မင်း"

ယင်ကျင်းက မဲ့ပြုံးပြုံးကာ ...

"ခင်ဗျားရဲ့ပလွေသံက နားထောင်လို့ကောင်းသားပဲ"

ဟု ခနဲ့လိုက်သည်။

ယင်ကျင်းသည် အလွန်ထူးခြားသူတစ်ယောက် ဖြစ်နေသည်ကို ပလွေရှင် လက်မခံ၍မရတော့ပါ။ တော်တန်ရုံဖြင့် ယင်ကျင်းကို

www.burmeseclassic.com

www.burmeseclassic.com



ယှဉ်နိုင်ဖို့မလွယ်ကြောင်း သဘောပေါက်လိုက်သောအခါ နောက်ကျနေပြီ ဖြစ်လေသည်။

ပလွေရှင်သည် မိမိ အရေးနိမ့်တော့မည်ဖြစ်ကြောင်း ရိပ်မိလိုက်၏။ သို့သော် သူက နောက်ဆုတ်ထွက်ပြေးမည့်သူ မဟုတ်ပါ။

"ယား"

ဩသံပေးရင်း ကျောက်တုံးပေါ်မှ ခုန်ထွက်လိုက်သည်။ လေထဲ တစ်ပတ်ကျွမ်းပစ်ပြီး လက်ထဲမှပလွေဖြင့် ယင်ကျင်း၏ဦးခေါင်းအား ရိုက်ချလိုက်လေသည်။

ယင်ကျင်းသည် ပလွေရှင်က ကိုယ်တိုင်တိုက်ခိုက်လာပြီဖြစ်၍ ပြန်လည်ရင်ဆိုင်ရန် လှုပ်လှုပ်ရှားရှားဖြစ်လာသည်။ လက်နှစ်ဖက်ဝှေ့ယမ်းကာ မှင်စာလေး သင်ပေးထားသော တိုက်ကွက်သုံးကွက်ကို ထုတ်ဖော်အသုံးပြုလိုက်လေသည်။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်လိုက်မိသည်နှင့် ...

'ဝုန်း'

"အား"

စူးရှကျယ်လောင်သော အော်ဟစ်သံ ထွက်ပေါ်လာသည်။

ပလွေရှင်မှာ လူတခြား ပလွေတခြားဖြစ်ကာ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

✱



ပလွေရှင် မြေပေါ်တွင် လဲကျနေ၏။

သူ၏ခန္ဓာကိုယ်သည် ဂွမ်းဖတ်တစ်ခုနှင့်တူနေသည်။ တစ်ကိုယ်လုံးရှိအရိုးများ ကြေမွသွားခြင်းဖြစ်သည်။ ယင်ကျင်း၏ ပြင်းထန်သောအင်အားက သူ့အား အဆုံးစီရင်လိုက်ခြင်းဖြစ်သည်။

ပလွေရှင်သည် သိုင်းလောကအား ဘယ်သောအခါမှ ဒုက္ခပေးနိုင်တော့မည်မဟုတ်ချေ။ ပလွေရှင်သေဆုံးနေသည်ကိုကြည့်ပြီး မိမိ၏လက်ချက်ကြောင့် လူတစ်ယောက် သေဆုံးသွားပြန်ပြီဟု ယင်ကျင်း တွေးနေမိ၏။

မည်သို့ဆိုစေ ... ပလွေရှင် သေဆုံးသွားသည့်အတွက် သူက ဝမ်းသာနေသည်။ လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်ရန် လူဆိုးကြီးတစ်ယောက်အား သုတ်သင်လိုက်ရခြင်း မဟုတ်ပါလား။

ယင်ကျင်းမှာ အရာရာကို ဝေဖန်ခွဲခြားနိုင်စွမ်းရှိသူ ဖြစ်လာခဲ့ချေပြီ။ ထိုစဉ် ... ခြေသံများထွက်ပေါ်လာပြီး လူသုံးယောက် ပြေးလွှားရောက်ရှိလာကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

✱

www.burmeseclassic.com

www.burmeseclassic.com



လူသုံးယောက် ပြေးလွှားရောက်ရှိလာကြလေသည်။

ပုယို့စူး၊ မှင်စာလေးနှင့် မိန်းကလေးတစ်ယောက်ဖြစ်သည်။ ထိုမိန်းကလေးသည် ပလွေရှင်ထံသို့ ပြေးသွားပြီး ...

"လူယုတ်မာကြီး"

ဟု အော်ငေါက်ကာ လက်ထဲကိုင်ဆောင်ထားသော ဓားဖြင့် ခုတ်ချလိုက်၏။ ပလွေရှင်အား မည်သို့မျှ ခံစားရတော့မည်မဟုတ်ပါချေ။

ယင်ကျင်း အံ့ဩသွားပြီး လှမ်းကြည့်လိုက်သောအခါ နတ်ဆိုး တင်းလီ၏သမီး တင်းတင်းဖြစ်နေသည်ကို တွေ့ရ၏။ ယင်ကျင်း စိတ်လှုပ်ရှားသွားလေသည်။ တင်းတင်းနှင့်ပတ်သက်လျှင် သူ၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်ခံစားလာရစမြဲ မဟုတ်ပါလား။ ပယို့စူးနှင့်မှင်စာလေးတို့ ဝမ်းသာအားရ ဖြစ်နေကြသည်။ ပုယို့စူးက ...

"မင်းဟာ တကယ့်သူရဲကောင်းလေးပဲ ... သိုင်းလောကကို ကယ်တင်နိုင်ခဲ့ပြီပေါ့"

မှင်စာလေးက ...

"ဟုတ်တယ် ... ယှဉ်ပြိုင်ဖို့ ခက်ခဲလှတဲ့ ပလွေရှင်ကို မင်း အနိုင်ယူနိုင်လိုက်တာဟာ မင်းရဲ့ခန္ဓာကိုယ်ထဲက ဖြစ်ပေါ်နေတဲ့ ထူးဆန်းတဲ့စွမ်းအားတွေကြောင့်ဆိုတာ မှန်တယ်၊ ဒါပေမဲ့ မင်းဟာ ကိုယ်ရထားတဲ့စွမ်းအားကို မကောင်းတဲ့ဘက်မှာ အသုံးချရင် ဘယ်လိုလုပ်



ပြီး သူရဲကောင်းတစ်ယောက် ဖြစ်လာမှာလဲ ... ပလွေရှင်ကို ကြည့်ပါလား၊ အရေးကြီးဆုံးက စိတ်ဓာတ်ပဲ ... မင်းရဲ့မှန်ကန်တဲ့ စိတ်ထားကြောင့် သူရဲကောင်းဆိုတဲ့ ဘွဲ့ထူးနဲ့ ထိုက်တန်ပါတယ်"

ယင်ကျင်းမှာ သူရဲကောင်းလေးဟု ချီးကျူးခံရသဖြင့် ရှက်ကိုးရှက်ကန်းဖြစ်နေပြီး သူသည် သူရဲကောင်းမဟုတ်ဘဲ ထူးဆန်းစွာ ရရှိဖြစ်ပေါ်နေသော စွမ်းအားများကြောင့်ဟု ပြောလိုနေကြောင်း ရိပ်မိသဖြင့် ထိုသို့ပြောလိုက်ခြင်းဖြစ်လေသည်။ ပုယို့စူးက ...

"ဟုတ်တယ် ... သူရဲကောင်းဆိုတာ ကျုပ်တို့သဘောနဲ့ ပြောတာမဟုတ်ဘူး၊ သိုင်းလောကတစ်ခုလုံးက လိုလိုလားလား ချီးမြှောက်ကြမယ်ဆိုတာကို ကျုပ် အာမခံဝံ့ပါတယ်"

ဟူ၍ ရဲရဲတောက်ပြောလေသည်။ ယင်ကျင်းမှာ ပီတိအဟုန်ဖြင့် ပြုံးရွှင်သွားတော့သည်။ တင်းတင်းက အနီးသို့လှမ်း လာသည်။ မှင်စာလေးက ...

"သူက ပလွေရှင်ကို အခဲမကျေတဲ့ တိတ်တဆိတ် နောက်ယောင်ခံလိုက်နေတာ၊ ငါတို့နဲ့ လမ်းမှာတွေ့လို့ သူ့ကို သွေးကြောပိတ်ပြီး ခေါ်ထားလိုက်ရတယ်၊ ကံကောင်းလို့ပေါ့၊ သူ့ကိုသာ လွှတ်ပေးလိုက်ရင် ပလွေရှင်ရဲ့အသံလှိုင်းကြောင့် ဒုက္ခရောက်သွားမှာ"

ဟု တင်းတင်းနှင့် တွေ့ဆုံခဲ့ရပုံကို ရှင်းပြလေသည်။ တင်းတင်းက ...

"ဟုတ်ပါတယ်ရှင်၊ ကျွန်မဟာ ဖေဖေ့အတွက် လက်စားချေ

www.burmeseclassic.com

www.burmeseclassic.com



ချင်ပေမယ့် ပလွေရှင်ကို ဘယ်နည်းနဲ့မှ မယှဉ်နိုင်ပါဘူး၊ ကျွန်မရဲ့ ရန်သူကို သုတ်သင်ရှင်းလင်းပေးတဲ့အတွက် အစ်ကိုတို့ရဲ့ကျေးဇူးကို ဘယ်လိုပြန်ဆပ်ရမှန်းတောင် မသိတော့ပါဘူး"

ဟု ပြောလေသည်။ မှင်စာလေးက ...

"အေး ... မင်း ကျေးဇူးဆပ်ချင်တယ်ဆိုရင် သူ့ကို ဆပ်ပေတော့၊ ကျုပ်တို့က အရေးမကြီးဘူး၊ သူဟာ ဘုံကျောင်းပျက်ရှေ့မှာ မင်းကိုတွေ့ပြီးကတည်းက ဆောက်တည်ရာမရဖြစ်နေတာ၊ ပလွေရှင်ကို မင်း ရင်ဆိုင်ရင် ဒုက္ခဖြစ်တော့မှာပဲလို့ တဖွဖွပြောနေတာ၊ ပလွေရှင်ကို ရှင်းပစ်မှအေးမယ်ဆိုပြီး အသက်ကိုပဓာနမထားဘဲ ရင်ဆိုင်ခဲ့တာ မင်းအမြင်ပဲ"

ဟု ဝင်ပြောလိုက်လေသည်။ ယင်ကျင်း မျက်နှာကြီး နီမြန်းသွားကာ ...

"ဟာ ... ဘာဘကလည်း"

ဟု ပြောလိုက်လျှင် ...

'ဟား .. ဟား .. ဟား'

မှင်စာလေးက ဟားတိုက်ရယ်မောလိုက်လေသည်။ အခြေအနေကို ရိပ်မိလိုက်သော ပုယို့စူးကလည်း ရယ်မောလိုက်၏။

တင်းတင်းက ပြုံး၍ ခေါင်းငုံ့ထားလိုက်၏။ သူမ စိတ်ဆိုးသွားသည့်အသွင် မရှိပေ။ မှင်စာလေးသည် ဟားတိုက်ရယ်မောလိုက်ပြီး ပုယို့စူးဘက်သို့ လှည့်ကာ ...



"ခင်ဗျားက ကျုပ်အသက်ကို ကယ်ခဲ့တယ်ဆိုတော့ ခင်ဗျားကို အရက်တစ်ခွက်လောက်တိုက်ပြီး ကျေးဇူးဆပ်ချင်တယ်"

ဟု ပြောလိုက်သည်။ အကင်းပါးသော ပုယို့စူးက ...

"ကျုပ်က အရက်သောက်ချင်နေတာ ကြာပြီ ... ခင်ဗျား မတိုက်ရင် စိတ်ဆိုးမလို့"

"အမယ်လေး ... မလုပ်ပါနဲ့ဗျာ၊ အခုပဲ တိုက်ပွဲမယ်၊ ကဲ ... သွားရအောင်"

"ကောင်းပြီ"

သူတို့နှစ်ယောက် အတိုင်အဖောက်ညီညီ ပြောလိုက်ကြပြီး ပြေးလွှား ထွက်ခွာသွားကြလေတော့သည်။

ယင်ကျင်း မျက်လုံးပြူးသွားပြီး ...

"ဦးတို့ ဘယ်သွားကြမလို့လဲ"

ဟု အော်မေးလိုက်လေသည်။ ပုယို့စူးနှင့်မှင်စာလေးတို့ ဘာမှပြန်မပြောဘဲ လျင်မြန်စွာ ပြေးလွှားသွားကြရင်း မြင်ကွင်းမှ ပျောက်ကွယ်သွားကြလေတော့သည်။

✳

မှင်စာလေးနှင့် ပုယို့စူးတို့ ထွက်သွားကြပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်ကျင်းနှင့် တင်းတင်းတို့က မလှုပ်မယှက်ရပ်နေ၏။ တင်းတင်းက ခေါင်းငုံ့ထားသည်။ ယင်ကျင်းက သူမအား မဝံ့မရဲကြည့်လိုက်၊ မှင် စာလေးတို့ ပြန်လာကြမလားဟု လှမ်းမျှော်ကြည့်လိုက်ဖြင့် ဂနာမငြိမ်ဖြစ်နေ၏။

အချိန်များက တရွေ့ရွေ့ကုန်ဆုံးသွားကာ အမှောင်ရိပ်သန်းလာသည်ကိုပင် သတိမပြုမိတော့ချေ။ လေတစ်ချက် ဖွေ့ယမ်းတိုက်ခတ်လာသည်။ မွေးကြိုင်သော ညမွှေးပန်းရနံ့များက လွင့်ပျံ့လာသည်။ ပိုးစုန်းကြူးလေးများသည် တောအုပ်ထဲ၌ ပျံသန်း ထွက်ပေါ်လာလေသည်။

"ပိုးစုန်းကြူးလေးတွေ ချစ်စရာကောင်းလိုက်တာနော်"

တင်းတင်း၏ချိုလွင်သောစကားသံလေး ထွက်ပေါ်လာသည်ကို ကြားလိုက်ရမှ ယင်ကျင်း သတိဝင်လာသည်။ နေရောင်ကွယ်ပျောက်ကာ အမှောင်ထုလွှမ်းမိုးနေပြီ ဖြစ်လေသည်။

သို့သော် သူတို့အနီးတစ်ဝိုက်၌ အလင်းရောင် ရှိနေသေး၏။ ယင်ကျင်း၏ခန္ဓာကိုယ်မှ ထွက်ပေါ်လာသော စိမ်းဖန့်ဖန့်အလင်းရောင် ဖြစ်လေသည်။ ယင်ကျင်း ရင်ထိတ်သွားပြီး နောက်ဆုတ်လိုက်၏။ တင်းတင်းကို မဝံ့မရဲ ကြည့်လိုက်သည်၊ တင်းတင်း ပြုံးလိုက်လေသည်။

"အစ်ကို ... ကျွန်မတို့ သွားကြရင်ကောင်းမယ်"

"ကျုပ် ... ကျုပ်"



တင်းတင်းက လက်ဖွေ့ယမ်းပြလိုက်သည်။

"ပတ်ဝန်းကျင်မှာ မှောင်မိုက်နေပေမယ့် အစ်ကိုက ကျွန်မအတွက် အလင်းရောင်ပေးပြီး လမ်းပြပေးနိုင်မယ် မဟုတ်လားရှင်"

ယင်ကျင်း ဝမ်းသာသွားလေသည်။

"ညီမရယ် ... ကျုပ် ... ကျုပ်"

ဝမ်းသာလုံးဆို့ကာ စကား ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေသည်။ တင်းတင်းက ...

"အစ်ကိုဟာ ကျွန်မအတွက်သာ မဟုတ်ဘဲ သိုင်းလောကသားတွေအတွက်ပါ အလင်းဆောင်ပေးမယ့်လူဆိုတာ ကျွန်မ နားလည်သဘောပေါက်ထားတယ်၊ ကျွန်မတို့ သွားကြပါစို့လားရှင်"

သူမသည် ယင်ကျင်းထံသို့ လက်ကလေးကမ်းပေးလိုက်၏။ ယင်ကျင်းက သူမ၏လက်ကလေးကို ဆုပ်ကိုင်လိုက်သည်။ သူ၏ခန္ဓာကိုယ်မှ ဖြစ်ပေါ်နေသော ထူးခြားချက်များကြောင့် စိတ်အားငယ်ခြင်း မရှိတော့ပါ။ သူ့အား စာနာနားလည်နိုင်မည့်သူများ အနီးတွင်ရှိနေပြီ မဟုတ်ပါလား။

လက်နှစ်ဖက် တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်ကြသည်။ ဘယ်တော့မှ မခွဲခွာတော့ဟူသောသင်္ကေတ ဖြစ်သည်။ ယင်ကျင်းသည် တင်းတင်းအား အလင်းရောင်ပေးကာ လမ်းပြခေါ်ဆောင်သွားလေတော့သည်။

✱

www.burmeseclassic.com

www.burmeseclassic.com



ပလွေရှင် မရှုမလှအရေးနိမ့်ကာ သေဆုံးသွားသည့်သတင်း သိုင်းလောကတစ်ခုလုံးသို့ ပျံ့နှံ့သွား၏။

ထိုက်စန်းတောင်အစည်းအဝေးမှာ အလိုလိုပျက်ပြားသွားသည်။ အနက်ရောင်သိုင်းလောကသားများသည် ပလွေရှင် အရေးနိမ့်သွားသည်ကို အကြောင်းပြုကာ ခေါင်းမထောင်ဝံ့အောင် ဖြစ်သွားကြသည်။ ထို့ကြောင့်လည်း သိုင်းလောကတစ်ခုလုံး အေးချမ်းသာယာသွားလေတော့သည်။

သွေးချောင်းစီးတိုက်ပွဲများကို ရှောင်ရှားနိုင်လိုက်သဖြင့် သိုင်းလောကသားများက ယင်ကျင်းအား သိုင်းလောကကယ်တင်ရှင်သူရဲကောင်းအဖြစ် သတ်မှတ်လိုက်လေသည်။

ယင်ကျင်း၏စိမ်းဖန့်ဖန့်အလင်းရောင်ကို အစွဲပြုကာ ... ဖန်မီးအိမ်ရှင် သိုင်းလုလင်ဟု ဘွဲ့ထူးချီးမြှင့်ဂုဏ်ပြုလေသည်။

ယင်ကျင်းသည် တင်းတင်းနှင့်လက်တွဲကာ သိုင်းလောကအကျိုး၊ အများအကျိုးဆောင်ရွက်ရင်း တစ်ဖက်မှလည်း မိအိုဖအိုကြီးများကိုပြုစုရင်း တစ်သက်လုံးပျော်ရွှင်စွာနေထိုင်သွားလေတော့သည်။

ပြီး

တက္ကသိုလ်ဝင်းကြွယ်

BURMESE CLASSIC .com

www.burmeseclassic.com